စိတ်ကူးချိုချိုအနုပညာ



# ယောက်ျား(သို့မဟုတ်)
# မိန်းမတို့အတွက်ပုစ္ဆာ

## ACT LIKE A LADY THINK LIKE A MAN

STEVE HARVEY

ဇေရတု – မြန်မာပြန်

နယူးယောက်တိုင်းမ်အရောင်းရဆုံးစာအုပ်

ယောက်ျား(သို့မဟုတ်)

**မိန်းမတို့အတွက်ပုစ္ဆာ**



ACT LIKE A LADY
THINK LIKE A MAN
STEVE HARVEY

zyt0042
1500.00 Ks

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း–၅၄၆၈၄၅၊ ၅၄၂၉၇၃

ယောက်ျား(သို့မဟုတ်)မိန်းမတို့အတွက်ပုစ္ဆာ၊ ဇေရတု
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၁၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ယောကျ်ား(သို့မဟုတ်) မိန်းမတို့အတွက်ပုစ္ဆာ

# ACT LIKE A LADY THINK LIKE A MAN

**Steve Harvey**

ဇေရတု

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၆

## မာတိကာ


နိဒါန်း ... က

**အပိုင်း ၁**

ယောကျ်ားတစ်ယောက်ရဲ့ အခြေခံစိတ် ... ၁

၁။ ယောကျ်ားတွေကို တွန်းအားပေးတဲ့အရာ ... ၂

၂။ ကွဲပြားတဲ့ ချစ်ပုံချစ်နည်း ... ၉

၃။ ယောကျ်ားတိုင်းလိုအပ်တဲ့အရာ သုံးခု ... ၂၀

၄။ ယောကျ်ားတွေကို ရှောင်ပုန်းအောင်လုပ်တဲ့စကား ... ၃၀

**အပိုင်း ၂**

ယောကျ်ားတွေရဲ့ အပြုအမူနောက်ကွယ်က အကြောင်းရင်း ... ၃၇

၅။ လက်ထပ်မည့်သူနှင့် အပျော်တွဲမည့်သူတို့အကြား ယောကျ်ားများ ခွဲခြားပုံ ... ၃၈

၆။ မေမေ့သားများ ... ၄၇

၇။ ယောကျ်ားတွေ ဘာကြောင့် ဖောက်ပြန်ရသလဲ ... ၅၅

**အပိုင်း ၃**

ဘယ်လိုအနိုင်ရအောင်လုပ်ကြမလဲ ... ၆၇

၈။ ယောကျ်ားတွေ လေးစားတဲ့ စံသတ်မှတ်ချက်တွေ
သင့်မှာရှိအောင် လုပ်ပါ။ ၆၈
၉။ မလွန်ခင်မှာ အမျိုးသမီးတိုင်း မေးသင့်တဲ့ မေးခွန်းငါးခု ၇၉
၁၀။ ရက် ၉၀ စည်းမျဉ်း ၉၂
၁၁။ ကြံ့ခိုင်သော၊ အမှီအခိုကင်းသော
အထီးကျန် အမျိုးသမီးများ ၉၈
၁၂။ အမျိုးသမီးတွေ အမြဲသိချင်တဲ့ မေးခွန်းများအတွက်
အဖြေများ ၁၀၈

■

“ဤစာအုပ်ကို အမျိုးသမီးများအားလုံးအတွက် ရည်ရွယ်ပါသည်။ယောကျ်ားတို့၏အတွင်းသဘောကို မိန်းမသားများ ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်နိုင်ရေးသည် ကျွန်တော်၏မျှော်လင့်ချက် ဖြစ်ပါသည်”

# နိဒါန်း

လူတွေကို ရယ်စရာအကြောင်းအရာတွေဖျော်ဖြေပြီး ကျွန်တော် အသက်မွေးခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကျော်ရှိပါပြီ။ ကျွန်တော့် ဟာသ တွေက ကျွန်တော့်ပတ်ဝန်းကျင်မှာ မြင်တွေ့သိကြားသမျှနဲ့ အမှန်တရား အပေါ်မှာပဲ အမြဲအခြေခံပါတယ်။ ကျွန်တော့် ဟာသတွေက ထိတယ်လို့ ပြောသံကြားရပါတယ်။ အထူးသဖြင့် ကျားနဲ့ မ ကြားက တွေပြားတဲ့ ဆက်ဆံရေးတွေအကြောင်း ပြက်လုံးထုတ်တာကို လူတွေက ပိုသဘောခွေ့ ကြပါတယ်။ ကျား မ ဆက်ဆံရေးနဲ့ပတ်သက်လို့ ဘယ်လောက်တောင် လူတွေစိတ်ပါဝင်စားကြတယ်ဆိုတာကိုတွေ့ရတာ ကျွန်တော့်အဖို့ အံ့အား မသင့်ဘဲ မနေနိုင်ပါဘူး။ ဒီအသက်အရွယ်အထိ ကျွန်တော်ကြုံခဲ့သမျှ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် (၁) မိန်းမတော်တော်များများဟာ ယောကျ်ားတွေအကြောင်း ဘာမှမသိပါဘူး။ (၂) ယောကျ်ားတွေ ဘယ်လို စဉ်းစားသလဲဆိုတာကို မိန်းမတွေနားမလည်တဲ့အတွက် ယောကျ်ားတွေက ဆက်ဆံရေး တစ်ခုကနေ အကြောင်းပြချက်အမျိုးမျိုးနဲ့ စွန့်ခွာသွားတတ်ကြ ပါတယ်။ (၃) နောက်ဆုံးကတော့ ဒါတွေအားလုံးကို ပြောင်းလဲပစ်ဖို့ တန်ဖိုး ရှိတဲ့ သတင်းအချက်အလက်တွေ ကျွန်တော့်မှာရှိထားတယ်ဆိုတာပါပဲ။

ဒီအကြောင်းကို ကျွန်တော်စပြီး သတိပြုမိတာက မနက်ခင်း ရေဒီယို အစီအစဉ်တစ်ခုကို တာဝန်ယူဆောင်ရွက်ပေးတုန်းကပါ။ ကျွန်တော်က အစီ

အစဉ်တစ်ခုမှာ "စတိဗ်ကို မေးပါ" ဆိုတဲ့ ကဏ္ဍလေးတစ်ခုထည့်ထားပါတယ်။ အဲဒီကဏ္ဍမှာ အမျိုးသမီးတွေက ကျွန်တော့်ဆီကို ဖုန်းဆက်ပြီး ကျား မ ဆက်ဆံရေးနဲ့ပတ်သက်လို့ သူတို့သိလိုသမျှကို မေးမြန်းနိုင်အောင် လုပ်ပေးထားပါတယ်။ ပထမတော့ ဒီအစီအစဉ်ကို အခြေခံပြီး ပြက်လုံးထုတ်မယ်၊ ရယ်ရအောင်လုပ်မယ်လို့ ကျွန်တော်ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ကျွန်တော့်အစီအစဉ်ရဲ့ နားထောင်သူအမျိုးသမီး ပရိသတ်အများစု ကြုံတွေ့ရတဲ့အကြောင်းအရာတွေဟာ ရယ်စရာအခြေအနေ မဟုတ်တာကို ကျွန်တော် သဘောပေါက်လာပါတယ်။ သူတို့ရဲ့ဘဝမှာ သူတို့ကိုင်တွယ်ဖြေရှင်းနေကြရတဲ့၊ ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ သောကတွေ၊ လိုအပ်ချက်တွေက အများကြီးပါပဲ။ သမီးရည်းစားအရေး၊ အိမ်ထောင်ရေး၊ သားရေး၊သမီးရေး၊ပေါင်းသင်းဆက်ဆံရေး၊နှစ်ဖက်ဆွေမျိုးတွေရဲ့ အရေးကိစ္စကစလို့ အိမ်နဲ့အလုပ်ဟန်ချက်ညီညီဆောင်ရွက်နိုင်ရေး၊ ကိုယ်ခန္ဓာ လှပရေး၊ ပညာရေးစတဲ့ အရေးတွေအထိ ပူပန်သောကရောက်စရာအရေး ကိစ္စတွေက စုံလင်လှပါတယ်။ ဒီအထဲမှာမှ အမျိုးသမီးအများဆုံး မေးခွန်းထုတ်လေ့ရှိတဲ့ အကြောင်းအရာမှာ ထိပ်ဆုံးက ရပ်တည်နေတာက ယောကျ်ားတွေရဲ့အကြောင်းပါပဲ။

တကယ်တော့ မိန်းမတွေ ယောကျ်ားတွေဆီက လိုချင်တာကတူညီတဲ့ တုံ့ပြန်မှုပါ။ မိန်းမတွေက ယောကျ်ားတွေအပေါ် သူတို့ချစ်သလောက် သူတို့ကို ပြန်ချစ်စေချင်တယ်။ သူတို့ဖော်ပြတဲ့ ပြင်းပြတဲ့ စိတ်ခံစားချက်မျိုးနဲ့ ထပ်တူကျတဲ့ ခံစားချက်ကို ပြသနိုင်တဲ့ ယောကျ်ားမျိုးကို သူတို့လိုချင်ကြတယ်။ သူတို့ဘက်က ယောကျ်ားတစ်ယောက်အပေါ် တန်ဖိုးထားသလောက်၊ လေးစားသလောက် သူတို့အတွက်ကိုလည်း အများကြီးပြန် မျှော်လင့်ကြတယ်။ သို့ပေမဲ့ ကျွန်တော့် အစီအစဉ်ကို ဖုန်းလှမ်းဆက်ကြတဲ့ အမျိုးသမီးတွေအတွက် ပြဿနာကတော့ သူတို့ဟာ ယောကျ်ားတွေဆီက အတုံ့အလှယ်ကို မရကြတာပါပဲ။ ဒီတော့ သူတို့ခမျာမှာ မအောင်မြင်တဲ့ ဆက်ဆံရေးကြောင့် မို့လို့ စိတ်ဆင်းရဲကြရ၊ မချင့်မရဲဖြစ်ကြရရှာပါတယ်။

စတူဒီယိုထဲမှာ မိုက်ခရိုဖုန်းကိုပိတ်၊ မီးတွေကိုပိတ်ပြီးလို့ အသံလွှင့်တဲ့ အစီအစဉ်တွေ ပြီးသွားတဲ့အချိန်မှာ မနက်တိုင်း ကျွန်တော့်အစီအစဉ်ကို

ဖုန်းဆက်ကြတဲ့ အမျိုးသမီးတွေရဲ့ မေးခွန်းတွေအကြောင်းကို စဉ်းစားမိပါတယ်။ ကျွန်တော့်ဆီကို ဆက်သွယ်လာတဲ့ အမျိုးသမီးတွေမှာ တစ်နည်းမဟုတ် တစ်နည်းနဲ့တော့ ယောကျ်ားတွေနဲ့ ပတ်သက်တဲ့ အတွေ့အကြုံရှိကြမှာပါ။ အဲဒီအထဲမှာ မိတ်ဆွေတွေ၊ ချစ်သူရည်းစားတွေ၊ လင်ယောကျ်ားနဲ့ ဖခင် မောင်ဖားတွေ ဘယ်သူမဆိုဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီအမျိုးသမီးတွေကတော့ သူတို့လိုချင်တဲ့၊ လိုအပ်တဲ့၊ ရသင့်ရထိုက်တဲ့ ချစ်ခြင်းမေတ္တာကို ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို တကယ်ကို အဖြေရှာမရဖြစ်နေတာတွေ့ရတော့ ကျွန်တော် တော်တော် ဦးနှောက်ခြောက်သွားပါတယ်။ သူတို့ရှာဖွေနေတဲ့ အမှန်တရားဟာ သူတို့ကို ကျွန်တော်တို့ ယောကျ်ားတွေ ရှုမြင်ကြသလိုပဲ သူတို့အတွက် မပီပြင်ဝိုးတဝါးဖြစ်နေတယ်လို့ ကျွန်တော်ကတော့ ကောက်ချက်ချမိပါတယ်။ ဘယ်လောက်ပဲ သူတို့ကြိုးစားပါစေ မိန်းမတွေအဖို့ ကျွန်တော်တို့ဟာ နားလည်ရခက်တဲ့ သတ္တဝါတွေဖြစ်နေပါတယ်။

ဒီလိုမျိုး စဉ်းစားလိုက်မိတော့ ကျွန်တော်ဟာ နောက်တာပြောင်တာတွေကို ဘေးချိတ်ပြီး ပရိသတ်နဲ့ပတ်သက်လို့ အလေးအနက်ရှိလာပါတယ်။ ကျွန်တော့် အဖြေတွေမှာ ယောကျ်ားတွေရဲ့အကြောင်း အသိပညာတွေပါအောင် စပြီး ဖြန့်ဝေပေးပါတယ်။ ဒီအသိတွေဟာ ရာစုနှစ်တစ်ဝက်ကျော်ကျော် ယောကျ်ားတစ်ယောက်အဖြစ် ရပ်တည်ခဲ့တဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အတွေ့အကြုံ၊ ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ကာလတစ်လျှောက်မှာ ထိတွေ့ဆက်ဆံခဲ့ရတဲ့ သူငယ်ချင်းအပေါင်းအသင်း ယောကျ်ားတွေဆီကရာသားတဲ့ အသိတွေပါ။ ဒီနေရာမှာ ကျွန်တော်တို့ ယောကျ်ားတစ်ယောက်ချင်းစီနဲ့ ပတ်သက်လို့ အမှန်တရားတစ်ခုရှိပါတယ်။ "ကျွန်တော်တို့ ယောကျ်ားတွေဟာ ရိုးရိုးရှင်းရှင်းသမားတွေပါ။ အခြေခံအားဖြင့် ယောကျ်ားအားလုံး တစ်ပုံစံတည်း စဉ်းစားတွေးခေါ်တတ်ကြတယ်" ဆိုတာပါပဲ။

ကျား မ ဆက်ဆံရေးအပေါ် ယောကျ်ားတွေ ဘယ်လိုရှုမြင်သလဲ ဆိုတဲ့ မှန်ဘီလူးနဲ့ ကျွန်တော့်အဖြေတွေကို ဖြန့်ဝေလိုက်တဲ့အခါမှာ ကျွန်တော့် ပရိသတ်ထဲက အမျိုးသမီးတွေဟာ ဆန့်ကျင်ဘက်လိင်နဲ့ သူတို့ရဲ့ ဆက်ဆံရေးဆီကို သူတို့ဆွဲသွင်းလိုက်တဲ့ သိမ်မွေ့တဲ့ ကွဲပြားမှုနဲ့အရှုပ်အထွေးတွေဟာ ဘာကြောင့် သူတို့ကို အမှန်တကယ် တရားမျှတမှု မပေးရသလဲဆိုတာကို

နားလည်စပြုလာပါတယ်။ မိန်းမတစ်ယောက်ပြုမူမယ့်ပုံစံမျိုးကို ယောကျ်ားတစ်ယောက်ဆီက တုံ့ပြန်လာဖို့ မျှော်လင့်တာက ဘယ်တော့မှ မဖြစ်နိုင်ဘူးဆိုတာကို သူတို့သဘောပေါက်လာအောင် ကျွန်တော် မြန်မြန်ညွှန်ပြပေးနိုင်ခဲ့ပါတယ်။ ယောကျ်ားတွေနဲ့ ဆက်ဆံရာမှာ သူတို့အလိုက်အထိုက်၊ သူတို့အကြိုက်ကိုလိုက်ပြီး ချဉ်းကပ်နိုင်မှ အပြန်အလှန်အနေနဲ့ မိန်းမတွေအဖို့ သူတို့လိုချင်တဲ့ပုံစံအတိုင်း ရနိုင်မယ်ဆိုတာကို သိလာကြပါတယ်။

ဒီလိုနဲ့ ကျွန်တော်ရဲ့ မနက်ခင်း ရေဒီယိုအစီအစဉ်ဟာ ကျား မ ဆက်ဆံရေးကို စိတ်ပါဝင်စားကြတဲ့ အမျိုးသား၊ အမျိုးသမီး၊ ပရိသတ်တွေကြားမှာ တော်တော်လေး ရေပန်းစားလာပါတယ်။ နောက်ဆုံးမှာတော့ ကျွန်တော့်ပရိသတ်အမျိုးသား၊ အမျိုးသမီးတွေက စွဲမြဲခိုင်ကျည်တဲ့ ဆက်ဆံရေးတစ်ခုကို အမှန်တကယ်လိုလားတဲ့အမျိုးသမီးတွေအတွက် အဲဒီလိုဆက်ဆံရေးမျိုးကိုရအောင် ဘယ်လိုလိုက်နာဆောင်ရွက်မလဲဆိုတာ၊ယောကျ်ားတွေအနေနဲ့ ဒီလိုဆက်ဆံရေးမျိုးဖြစ်ဖို့ ဘယ်အပိုင်းကဏ္ဍကနေ သူတို့ပါဝင်ဖြည့်ဆည်းပေးနိုင်မလဲဆိုတာတွေကို လမ်းညွှန်ပေးတဲ့စာအုပ်တစ်အုပ်လောက်ရေးဖို့တိုက်တွန်းလာကြပါတယ်။ ပထမတော့ ဒီလိုစာအုပ်မျိုးကို ဘာကြောင့်ကျွန်တော်က ရေးရမှာလဲလို့ စဉ်းစားမိပါတယ်။ မနက်တိုင်း ပရိသတ်သန်းပေါင်းများစွာကို ကျွန်တော်ပေးနေတဲ့ အဖြေတွေအပြင် ဘာများထပ်ဖြည့်စွက်စရာရှိဦးမှာလဲ။ ပြီးတော့ ကျွန်တော်က စာရေးဆရာတစ်ယောက်လည်း မဟုတ်ပါဘူး။

ဒါပေမဲ့ အဲဒီနောက်ပိုင်း ကျွန်တော့်တစ်သက်တာမှာ ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ ဆက်ဆံရေးတွေအကြောင်းကို ပြန်စဉ်းစားကြည့်မိပါတယ်။ ကျွန်တော်ရဲ့ အမျိုးသား မိတ်ဆွေသူငယ်ချင်းတွေ၊ အမျိုးသမီး လုပ်ဖော်ကိုင်ဖက်တချို့တွေနဲ့ စကားပြောကြည့်ပါတယ်။ ပြီးတော့ သူတို့နဲ့ဆက်ဆံရေးကို သူ့အကန့်နဲ့သူ အစုကလေးတွေ ခွဲထားကြည့်တယ်။ ဆက်ဆံရေးတွေက ကျွန်တော်တို့တစ်ဦးချင်းစီအပေါ်မှာ အကျိုးသက်ရောက်မှု၊ အထူးသဖြင့် ကျွန်တော့်အပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိခဲ့သလဲဆိုတာကို စဉ်းစားကြည့်မိတယ်။ ကျွန်တော့်အဖေဆိုရင် အမေနဲ့နှစ်ပေါင်းခြောက်ဆယ့်လေးနှစ်တိုင်တိုင် လက်ထပ်ပေါင်းသင်းခဲ့ပါတယ်။ အဖေ့အတွက်

အမေက တန်ဖိုးအထားရဆုံးလူပါ။ ပြီးတော့ အမေက ကျွန်တော့်အတွက်လည်း တန်ဖိုးအထားရဆုံး၊ ကျွန်တော့်ဘဝမှာ အလွှမ်းမိုးနိုင်ဆုံးလူတစ်ယောက်ဖြစ်ပါတယ်။ အမေနဲ့ထပ်တူ တန်ဖိုးထားရတာကတော့ ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်ကလေးတွေပါပဲ။ တကယ်တော့ ဒီနေရာမှာ ကျွန်တော့်သမီးတွေနဲ့ သူတို့အနာဂတ်အတွက် ကျွန်တော့်ရဲ့ ပူပန်မှုကလည်း ကျွန်တော့်ကို စေ့ဆော်ပေးပါတယ်။ သူတို့တွေလည်း ကြီးပြင်းအရွယ်ရောက်လာကြပြီး မိန်းမသားအများစု မျှော်မှန်းကြတဲ့ ချမ်းမြေ့ပျော်ရွှင်တဲ့ အိမ်ထောင်ရေးအိပ်မက်ဟာ သူတို့မှာလည်းရှိလာတော့မှာပါ။ ဘုရားကဖြစ်စေချင်တဲ့ စံပြယောကျ်ားဆိုတဲ့ ပုံစံဖြစ်မလာမချင်း ကမ္ဘာလောကကြီးကို ကျွန်တော်တို့ပြသတတ်တဲ့ လောဘနဲ့ အတ္တဖုံးလွှမ်းနေတဲ့ ယောကျ်ားသားတွေက ဖန်တီးထားတဲ့ ကစားပွဲတွေမှာ ကျွန်တော့်သမီးတွေ လှည့်ဖြားခံရမှာ၊ ဆုံးဖြတ်ချက်လွဲချော်သွားမှာမျိုးကို ကျွန်တော် လုံးဝအဖြစ်မခံနိုင်ပါဘူး။ ကျွန်တော့်အမေ၊ ကျွန်တော့်ဇနီး၊ သမီးတွေနဲ့ မနက်တိုင်း ကျွန်တော့်အစီအစဉ်ကို နှားထောင်နေကြတဲ့ အမျိုးသမီးသန်းပေါင်းများစွာတို့ကြောင့် မိန်းမတွေမှာ သူတို့ အမှန်တကယ်လိုလားနေကြတဲ့အရာကို ရရှိနိုင်အောင် ကူညီလမ်းညွှန်ပေးမယ့်သူတစ်ယောက်၊ အသံတစ်သံကို လိုအပ်တယ်ဆိုတာ ကျွန်တော်သိလိုက်ရပါတယ်။ အဲဒီလူဟာ ကျွန်တော်ဖြစ်လို့ရပါလား၊ ဖြစ်နိုင်ပါလားဆိုတာ တရေးရေးသဘောပေါက်လာပါတယ်။

တကယ်တော့ ဒီစာအုပ်ဟာ ပွဲမဝင်ခင် ကြိုတင်ပြင်ဆင်နိုင်ဖို့ ပြိုင်ဘက်ကစားသမားရဲ့ အားနည်းချက်၊ အားသာချက်တွေကို လေ့လာရအောင် သူကစားထားတဲ့ပွဲတွေကို ရိုက်ပြထားတဲ့ ဗွီဒီယိုအခွေကို ပြန်ကြည့်တာနဲ့ အတူတူပါပဲ။ အမျိုးသမီးတွေကို ကျွန်တော်တစ်ခုတိုက်တွန်းချင်တာက ယောကျ်ားတွေနဲ့ ပတ်သက်လို့ ကိုယ်သိတယ်လို့ ယူဆလေသမျှ အကြောင်းအရာအကုန်လုံးကို အရင်ဆုံးမေ့ပစ်လိုက်ပါ။ ယုံတမ်းကစားတွေ၊ အမေပြောဖူးသမျှ၊ မိန်းကလေး သူငယ်ချင်း အချင်းချင်းပြောဖူးသမျှ ယောကျ်ားတို့အကြောင်းတွေ၊ တီဗွီတွေ၊ မဂ္ဂဇင်းတွေမှာ မြင်ဖူး ဖတ်ဖူးခဲ့သမျှ အကြံပြုနည်းနာတွေအားလုံးကို ခေါင်းထဲကနေ ထုတ်ပစ်လိုက်ပါ။ ယောကျ်ားဆိုတာ ဘယ်လိုလူစားမျိုးတွေလည်းဆိုတာကို ဒီစာအုပ်ရဲ့ စာမျက်နှာတွေက

တစ်ဆင့် ရှာဖွေကြည့်လိုက်ပါ။ စာဖတ်သူက သမီးရည်းစားဘဝကနေ အဆင့်တစ်ဆင့်တက်ချင်လို့ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ အိမ်ထောင်ကို ပိုပြီးခိုင်မာမြဲမြံစေချင်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ငြီးငွေ့စိတ်ကုန်နေလို့ပဲဖြစ်ဖြစ် ဒီစာအုပ်ကို အထောက်အကူပြုပစ္စည်းတစ်ရပ်အနေနဲ့ အသုံးပြုကြည့်လိုက်ပါ။ ဘယ်လောက်ပဲ တခြားအမျိုးသမီးတွေက ယောကျ်ားတွေအကြောင်းကို မဂ္ဂဇင်းစာမျက်နှာကနေတစ်ဆင့်၊ ရုပ်မြင်သံကြားကနေတစ်ဆင့်၊ အင်တာနက်စာမျက်နှာကနေတစ်ဆင့် အော်နေပါစေ ယောကျ်ားတွေမှာ ဘယ်တော့မှ မပြောင်းလဲမယ့် အခြေခံအချက်တွေရှိနေပါတယ်။ သင်က ယောကျ်ားတစ်ယောက်အပေါ်ကို ဘယ်လောက်ကောင်းကောင်း၊ သူ့အတွက် သင်က ဘယ်လိုပဲအဆင်ပြေပြေ သူ့ရဲ့အချစ်ဆိုတာက ဘယ်လို၊ ဘာက သူ့ကို နှိုးဆွနိုင်တယ်၊ ဘာက သူတို့ကို တွန်းအားပေးနိုင်တယ်၊ သူ့ရဲ့ပင်ကိုသဘောက ဘယ်လိုဆိုတာ သင်နားမလည်သေးသရွေ့တော့ သူ့ရဲ့လှည့်စားမှု၊ သူ့ရဲ့ကစားကွက်ထဲမှာ အားနည်းပျော့ညံ့တဲ့သူဖြစ်နေရဦးမှာပါပဲ။

ဒါပေမဲ့ သင်ဟာ ဒီစာအုပ်နဲ့အတူ ယောကျ်ားတစ်ယောက်ရဲ့ အခြေခံစိတ်ကို ဝင်ကြည့်နိုင်ပြီး သူ့ကိုပိုနားလည်လာအောင် လုပ်လို့ရပါတယ်။ ဒါမှလည်း သင်ဟာ သင့်ရဲ့အစီအစဉ်တွေ၊အိပ်မက်တွေ၊ဆန္ဒတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ပြီး အကောင်းတကာ့ အကောင်းဆုံးကတော့ သူဟာ သင့်ကို ကစားရုံသက်သက်ပဲလား၊ ဒါမှမဟုတ် သင်နဲ့အတူတူရှိဖို့ အစီအစဉ်ရှိနေလားဆိုတာကို သိရှိနိုင်တာပါပဲ။

ဒါကြောင့်မို့ မိန်းမတစ်ယောက်လို ပြုမူပါ။ ပြီးတော့ ယောကျ်ားတစ်ယောက်လို စဉ်းစားတွေးခေါ်ကြည့်လိုက်ပါ။

စတိဗ် ဟာဗေး

■

# အပိုင်း ၁

## ယောက်ျားတစ်ယောက်ရဲ့ အခြေခံစိတ်

## ယောက်ျားတွေကို တွန်းအားပေးတဲ့အရာ

ယောက်ျားတွေဟာ ရိုးရိုးရှင်းရှင်းသမားတွေဆိုတဲ့ ဖော်ပြချက်ထက် ပိုမှန်တာ မရှိတော့ပါဘူး။ ဒါကို သင့်ခေါင်းထဲမှာ အရင်ဆုံးထည့်ထားပါ။ ဒီစာအုပ်ထဲမှာ သင်တွေ့ရမယ့် ကျွန်တော်တို့နဲ့ ပတ်သက်သမျှ အကြောင်းအရာအားလုံးဟာ သူ့အစီအစဉ်နဲ့ သူလာပါလိမ့်မယ်။ ဒါကို သင်မှတ်ထားပြီးရင်တော့ ယောက်ျားတွေဟာ သူတို့စွမ်းဆောင်နိုင်တဲ့ ပမာဏ၊ သူတို့လုပ်ကိုင်ဆောင်ရွက်နေတဲ့အရာ၊ သူတို့ဘယ်သူဘယ်ဝါဆိုတဲ့အချက်တွေနဲ့ တွန်းအားပေးခံနေရတယ်ဆိုတာကို မဖြစ်မနေ နားလည်ရမယ့် အမှန်တရားအဖြစ် သိထားဖို့လိုပါတယ်။ ဘယ်လိုယောက်ျားမျိုးပဲဖြစ်ဖြစ် သူလုပ်ဆောင်သမျှ အရာတိုင်းကို သူ့ရဲ့ဂုဏ်ပုဒ် (သူဘယ်သူဘယ်ဝါဆိုတာ)၊ အဲဒီဂုဏ်ပုဒ်ကို သူရလာတဲ့နည်းလမ်း (သူလုပ်ဆောင်တဲ့အရာ)နဲ့ ကြိုးစားအားထုတ်မှုအတွက် သူရရှိတဲ့အကျိုးခံစားခွင့် (သူစွမ်းဆောင်နိုင်တဲ့ ပမာဏ)တို့ကနေ တစ်ဆင့် မှတ်ကျောက်တင်ခံလေ့ရှိပါတယ်။ ဒီအချက်သုံးချက်က ယောက်ျားဂုဏ်ရည်ဆိုတာကို ဖြစ်ပေါ်စေပြီး ယောက်ျားတစ်ယောက်အဖြစ် ပြီးပြည့်စုံမှုဆိုတဲ့ ခံစားချက်ကိုရဖို့ ယောက်ျားတိုင်း အောင်မြင်ပြီးမြောက်ရမယ့် ပန်းတိုင်သုံးရပ်ဖြစ်ပါတယ်။ ဒီသုံးနေရာစလုံးမှာ အောင်မြင်မှု မရမချင်းတော့ သင်စိတ်ဝင်စားနေတဲ့၊ သစ္စာနဲ့ထားတဲ့၊ လက်ထပ်ချင်တဲ့ အမျိုးသားဟာ

သင့်အပေါ်မှာ အပြည့်အဝ အာရုံထားနိုင်မှာ မဟုတ်ပါဘူး။

ယောကျ်ားလေးတစ်ယောက်ကို စတင်မွေးဖွားလာပြီဆိုတာက တည်းက သူ့ဘေးပတ်ဝန်းကျင်မှာရှိတဲ့လူတိုင်း ပထမဆုံးစလုပ်တာက ယောကျ်ားပီပီသသဖြစ်အောင်နေဖို့ သူ့ကိုပြောတာပါ။ အကြမ်းပတမ်းခံနိုင်အောင်၊ သတ္တိရှိအောင်၊ မာကြောအောင် သူ့ကိုသင်ပေးပါတယ်။ ယောကျ်ားတစ်ယောက်သာ လုပ်သင့်လုပ်ထိုက်တယ်လို့ လူ့အသိုင်းအဝိုင်းက ခံယူထားတဲ့ အလုပ်မှန်သမျှ သူလုပ်တတ်အောင် သင်ပေးပါတယ်။ လေ့ကျင့်ပေးပါတယ်။ အရွယ်ရောက်လာပြီဆိုတာနဲ့ ကိုယ့်မိသားစုကို အကာအကွယ်ပေးရကောင်းမှန်းသိအောင် ရိုက်သွင်းပေးထားပါတယ်။ အထူးသဖြင့် မိသားစုရဲ့ ဂုဏ်သိက္ခာ၊ သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းရကောင်းမှန်းသိတဲ့ ယောကျ်ားတစ်ယောက်ဖြစ်လာစေပါတယ်။ ဒါတွေအားလုံးကို ယောကျ်ားဂုဏ်ရည်ဆိုတဲ့ အရာတစ်ခုအတွက်နဲ့ ပြင်ဆင်သင်ကြားပေးခဲ့တာပါ။

ယောကျ်ားတစ်ယောက်ဟာ သူ့ရဲ့ယောကျ်ားဂုဏ်ရည်ကို ဖော်ကျူးနိုင်မယ့် အချိန်မရောက်မချင်း သူ့ဘဝမှာ မိန်းမတွေကို အပြည့်အဝနေရာမပေးနိုင်ပါဘူး။ သူဟာ ဖော်ပြခဲ့တဲ့ အချက်သုံးချက်ကို တစ်ပြိုင်တည်းမရရှိနိုင်သရွေ့ ကိုယ့်အိုးကိုယ့်အိမ်၊ ကိုယ့်မိသားစုနဲ့ အခြေတကျနေထိုင်ဖို့ကို စဉ်းစားမှာ မဟုတ်ပါဘူး။ ဒါတွေ အကုန်လုံးအောင်မြင်မှလို့ ကျွန်တော်ပြောနေတာမဟုတ်ပါဘူး။ အနည်းဆုံးတော့ လုပ်နိုင်မယ့် လမ်းကြောင်းပေါ်ကို ရောက်နေမှဖြစ်မှာပါ။

ဒါက ကျွန်တော့်အတွေ့အကြုံနဲ့တော့ ထပ်တူကျပါတယ်။ ကျွန်တော်အသက်နှစ်ဆယ်စွန်းစွန်း အချိန်တုန်းက ဘယ်လောက်စိတ်မချမ်းမမြေ့ဖြစ်ခဲ့ရတယ်၊ စိတ်ပျက်လက်ပျက် ဖြစ်ခဲ့တယ်ဆိုတာကို ဘယ်တော့မှ မမေ့ပါဘူး။ ကျွန်တော် အလုပ်လုပ်နေတဲ ဖို့ဒ်မော်တော်ကား ကုမ္ပဏီကနေ အလုပ်ပြုတ်သွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ကောလိပ်ကျောင်းကလည်း ထွက်ထားပါတယ်။ အလုပ်မရှိ အကိုင်မရှိနဲ့ မိသားစုအတွက် မပြောနဲ့ ကျွန်တော့်တစ်ကိုယ်စာတောင် အနိုင်နိုင်ဖြစ်နေပါတယ်။ ဒါက ကျွန်တော့်ရဲ့ ဂုဏ်ပုဒ်၊ ကျွန်တော်စွမ်းဆောင်ရရှိမယ့် ပမာဏ၊ ဘာကို ကျွန်တော်လုပ်ရမလဲဆိုတာတွေ အကုန်လုံးကို ပျောက်ပျက်သွားစေပါတယ်။ "ဘွဲ့ရ ပညာတတ်"၊

"ဖို့ဒ်ကား ကုမ္ပဏီဝန်ထမ်း" ဆိုတဲ့ ဂုဏ်ပုဒ်တွေလည်း မရှိတော့ပါဘူး။ အလုပ်မရှိတော့ အိမ်ကိုလည်း ငွေကြေးမထောက်ပံ့နိုင်ပါဘူး။ ခြေကုပ်ယူစရာနေရာတစ်နေရာကို အချိန်တော်တော်ကြာအောင် ရှာခဲ့ရပါတယ်။ အလုပ်တွေလည်း အမျိုးမျိုးပြောင်းလုပ်ကြည့်ပြီးပါပြီ။ ဘဝကို ဖရိုဖရဲဖြစ်မသွားအောင် ကျားကုတ်ကျားခဲ ကြိုးစားနေရတဲ့အချိန်ပါ။ ဒီလို အချိန်မှာ အတည်တကျ အိမ်ထောင်ပြုဖို့အတွက် တစ်စုံတစ်ယောက်ကိုရှာဖွေဖို့ဆိုတာက ကျွန်တော့်စိတ်ထဲမှာ နောက်ဆုံးကိုရောက်နေတဲ့ အကြောင်းအရာပါ။

အဲဒီနောက်ပိုင်း ညတစ်ညမှာတော့ ကျွန်တော် ဟာသတွေရေးပြီးပေးဖတ်လေ့ရှိတဲ့ အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို အနီးအနားမှာရှိတဲ့ ဟာသကလပ်တစ်ခုကိုသွားပြီး ဟာသဝါသနာရှင်တွေအတွက်ပြုလုပ်ပေးတဲ့ ပြိုင်ပွဲတစ်ခုမှာ စာရင်းသွင်းဖို့ တိုက်တွန်းခဲ့ပါတယ်။ ကျွန်တော့်ပုံစံက ရယ်စရာကောင်းတယ်ဆိုတာကို ကျွန်တော်သိပါတယ်။ ပြီးတော့ ဟာသလောကမှာ ခြေချဖို့ကြိုးစားနေတဲ့ တက်သစ်စ ဝါသနာရှင်လူငယ်လေးအတွက် ဟာသတိုတိုထွာထွာလေးတွေ ရေးပေးပြီး ပိုက်ဆံနည်းနည်းလောက်ရှာဖူးပါတယ်။ ဒါပေမဲ့ ကိုယ်ကိုယ်တိုင် ဒီလောကထဲကို ဝင်ကြည့်ဖို့ဆိုတာကတော့ ကျွန်တော် တစ်ခါမှမစဉ်းစားခဲ့မိတာပါ။ ဒီအမျိုးသမီးကတော့ ကျွန်တော့်ဆီက တစ်စုံတစ်ရာကို မြင်နိုင်ပြီး ကျွန်တော်ကို စတိတ်စင်ပေါ် တွန်းပို့ခဲ့ပါတယ်။

ဒါနဲ့ပဲ အဲဒီနေ့ညမှာ ကျွန်တော် ပြိုင်ပွဲဝင်ဖြစ်ပါတယ်။ ပြီးတော့ သူတို့ဆုအဖြစ်ချီးမြှင့်တဲ့ ဒေါ်လာ ၅၀ ကိုလည်း ရရှိခဲ့ပါတယ်။ ဒီနေ့အမြင်နဲ့ ကြည့်ရင် ဒေါ်လာ ၅၀ က မဖြစ်စလောက်ဆိုပေမဲ့ ပြတ်လပ်နေတဲ့ အဲဒီအချိန်တုန်းကတော့ ဒေါ်လာ ၅၀၀၀ လောက်ရသလိုကို ပျော်ခဲ့မိတာပါ။ တကယ်လို့ နောက်တစ်ပတ်ကျင်းပမယ့် ဝါသနာရှင်ပြိုင်ပွဲမှာ ပွဲအဖွင့်ကို ကျွန်တော် ပါဝင်ပေးရင် ဒေါ်လာ ၅၀ ထပ်ပေးမယ်လို့လည်းပြောပါတယ်။ နောက်တစ်နေ့မှာ ပုံနှိပ်စက်တစ်ခုကို ကျွန်တော်သွားပြီး နိုင်တဲ့ဒေါ်လာ ၅၀ လုံးကို လုပ်ငန်းကတ်လုပ်တဲ့နေရာမှာ သုံးလိုက်ပါတယ်။ ကတ်မှာ နာမည်၊ ဖုံးနံပါတ်နဲ့တကွ "ဟာသလူရွှင်တော်"ဆိုတာကိုပါ ထည့်ရိုက်ထားပါတယ်။ စာလုံးတွေက ဖောင်းကြွစာလုံးတွေ ဘာတွေ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလုပ်ငန်း

ကတ်တွေက ကျွန်တော်ဟာ စတိဗ်ဟာဗေးဆိုတာ (ကျွန်တော် ဘယ်သူ ဘယ်ဝါ)၊ ဟာသနဲ့ပတ်သက်လို့ ကျွန်တော့်မှာ ထူးခြားတဲ့ ပါရမီ ရှိတယ်ဆို တာ (ကျွန်တော်လုပ်ဆောင်တဲ့အရာ) ကို ထုတ်ဖော်ပေးပါတယ်။ ကျွန်တော် ဘယ်လောက်စွမ်းဆောင်ရရှိနိုင်မလဲဆိုတာကတော့ ကြည့်ရဦးမှာပါ။ ဒါပေမဲ့ အနည်းဆုံးတော့ "ကျွန်တော် ဘယ်သူဘယ်ဝါ" ဆိုတာနဲ့ 'ကျွန်တော်လုပ် ဆောင်တဲ့အရာ' တွေ ကျွန်တော့်မှာရှိနေပါပြီ။

ယောကျ်ားတွေဟာ သူတို့ရဲ့ အိပ်မက်တွေနောက်ကို လိုက်မနေဘူး ဆိုရင်၊ ယောကျ်ားဂုဏ်ရည်ကို ဖော်ဆောင်ပေးမယ့် အချက်သုံးချက်ကို လိုက် ပါဆောင်ရွက်မနေဘူးဆိုရင် တကယ့်ကို ပျက်စီးခြင်းတိုင်သွားနိုင်ပါတယ်။ ဒါပေမဲ့ ရှုပ်ထွေးနေတဲ့ ပဟေဠိကို ဖြေရှင်းနိုင်ပြီး ကျွန်တော်တို့ရဲ့ အိပ်မက် တွေ ပုံပေါ်လာပြီ၊ အသစ်တစ်ဖန် ရှင်သန်စည်ပင်လာပြီလို့ ခံစားလိုက်ရပြီ ဆိုတာနဲ့ ကျွန်တော်တို့ဟာ အားတွေမာန်တွေ ပြန်ပြည့်လာတယ်။ မြူးကြွ ရွှင်လန်းလာကြပါတယ်။ ကျွန်တော် လူရွှင်တော်တစ်ယောက်ဖြစ်သွားတဲ့ အချိန်ကစလို့ အကောင်းဆုံးကို ပေးနိုင်ဖို့ အဆင်သင့်ဖြစ်တဲ့ စိတ်နဲ့ပဲ စတိတ် စင်ပေါ်ကို တက်ခဲ့ပါတယ်။

ဒီနေ့အထိ ကျွန်တော်ဘယ်လောက်ပဲ ပင်ပန်းနေပါစေ၊ ကျွန်တော့် ဘဝမှာ ဘာတွေပဲဖြစ်နေပါစေ ဘယ်တော့မှ အလုပ်နောက်မကျဖူးသလို ဘယ်ဖျော်ဖြေပွဲကိုမှ အလွတ်မခံဖူးပါဘူး။ အဲဒါက ဘာကြောင့်လဲ။ အိပ်ရာ ထလို့ မျက်စိနှစ်လုံးဖွင့်လိုက်ပြီဆိုတာနဲ့ ကျွန်တော့်အတွက် လုပ်ကိုင်ဆောင် ရွက်စရာ အိပ်မက်တွေက အသင့်ရှိနေတာကြောင့်ပါ။ ဒါကို နေ့စဉ်နဲ့အမျှ ကျွန်တော် ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်ကြီးဖြတ်သန်းရပါတယ်။ ကျွန်တော် ဘယ်သူဘယ်ဝါ၊ ဘာလုပ်တယ်ဆိုတာ သေချာသွားပါပြီ။ ကျွန်တော် စွမ်းဆောင်ရရှိနိုင်တဲ့ ပမာဏကလည်း မိသားစုနဲ့ ကျွန်တော့်အတွက် အမြဲ လိုလားခဲ့တဲ့ ပမာဏနဲ့ ထပ်တူကျနေပါပြီ။

အခုတော့ မိသားစုကို ကျွန်တော် ဂရုစိုက်နိုင်ပါပြီ။ ကျွန်တော့် စိတ်ထဲမှာ အမြဲတမ်းဖြစ်ချင်ခဲ့တဲ့ မိသားစုကိုပေးကမ်းထောက်ပံ့နိုင်တဲ့၊ အကာ အကွယ်ပြုပေးနိုင်တဲ့ ယောကျ်ားတစ်ယောက်အဖြစ်ရောက်ရှိလာခဲ့ပါပြီ။ ည အိပ်ရာဝင်ရင် ဖြောင့်ဖြောင့်အိပ်ပျော်နိုင်ပါပြီ။

ဒါဟာ ဘယ်လို ယောကျ်ားအမျိုးအစားကိုမဆို တွန်းအားပေးနေတဲ့အရာပါ။ အဖိုမျိုးဗီဇမှာကိုကတည်းက ကျွန်တော်တို့ဟာ မိသားစုကို ရှာဖွေ ကျွေးမွေးသူ၊ အကာအကွယ်ပေးသူဖြစ်ဖို့ ပါလာပြီးသားပါ။ ဒါ့အပြင် ကျွန်တော်တို့ လုပ်သမျှအရာတိုင်းကို ဖြစ်အောင်လုပ်နိုင်တယ်ဆိုတဲ့စိတ်နဲ့ မောင်းတင်ပြီး လုပ်ဆောင်ကြတာဖြစ်ပါတယ်။ ယောကျ်ားတစ်ယောက်က နေစရာနေရာ တစ်နေရာကို တတ်နိုင်ရင် သူ့မိသားစုကို သဘာဝအန္တရာယ်တွေကနေ အကာအကွယ်ပေးနိုင်ပါတယ်။ သူ့ရဲ့ ရင်သွေးအတွက် ဖိနပ်တစ်ရံ သူဝယ်ပေးနိုင်ရင် သူ့ရင်သွေးကို လုံလုံခြုံခြုံ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျောင်းကို လွှတ်လိုက်နိုင်တဲ့ ယုံကြည်ချက်ကို သူရရှိမှာဖြစ်ပါတယ်။ ဈေးထဲမှာရောင်းတဲ့ အသားကို သူဝယ်သွားနိုင်ရင် သူ့မိသားစုအတွက် ကျွေးမွေးနိုင်ပြီဆိုတဲ့ ခံစားချက်ကို ရမှာဖြစ်ပါတယ်။ ဒါဟာ ယောကျ်ားအားလုံး လိုလားတဲ့ အခြေအနေဖြစ်ပြီး ဒီထက်လျော့ပါးတဲ့ ဘယ်လိုအခြေအနေမှာမဆို ခေါင်းမော့ရင်ကော့နိုင်တဲ့ ယောကျ်ားတစ်ယောက်လို သူ့ခံစားရမှာ မဟုတ်ပါဘူး။

ဒါတင်မကသေးပါဘူး။ ကျွန်တော်တို့ဟာ နံပါတ်တစ်ဆိုတဲ့ ခံစားချက်ကိုလည်း လိုချင်ပါတယ်။ တစ်နေရာရာမှာတော့ ကျွန်တော်တို့ အကောင်းဆုံးဖြစ်ချင်ကြပါတယ်။ ဦးစီးခေါင်းဆောင်ဖြစ်လိုကြပါတယ်။ အခြေအနေတိုင်းမှာတော့ ခေါင်းဆောင်မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဘဝရဲ့ တစ်ထောင့်တစ်နေရာမှာတော့ လူတိုင်းက အရေးတယူထားရတဲ့သူတစ်ယောက်တော့ ကျွန်တော်တို့ဖြစ်ကြရမှာပါ။ ဘာကြောင့်လဲဆိုတော့ အဲဒါက ကျွန်တော်တို့အတွက် အရေးကြီးတာကြောင့်ပါ။ "ငါသာနံပါတ်တစ်"လို့ လက်မထောင်နိုင်မယ့် အခွင့်အရေးမျိုးကို ကျွန်တော်တို့လိုချင်ပါတယ်။ အမျိုးသမီးတွေကတော့ ဒါကို သိပ်အရေးထားပုံမပေါ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အမျိုးသားတွေအတွက်တော့ အဲဒါက အစစအရာရာထက် ပိုပါတယ်။ ပြီးရင်တော့ ဘာကြောင့် နံပါတ်တစ်ဖြစ်ရတယ်ဆိုတာကို ကျွန်တော်တို့ပြနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါကို ကျွန်တော်တို့က ဝင့်ဝင့်ကြွားကြွားပြနိုင်ရမှာဖြစ်သလို အမျိုးသမီးတွေမြင်သွားဖို့လည်း လိုပါတယ်။ ဒီလိုမှမဟုတ်ရင် နံပါတ်တစ်ဖြစ်ရတာ ဘာများအသုံးဝင်တော့မှာလဲ။

ဒါကို သင်သိထားရမှာပါ။ သူဘာကြောင့် အိမ်မှာမရှိတာလဲ၊ ဘာကြောင့် အလုပ်တွေ ကျုံးလုပ်နေတာလဲ၊ ဘာကြောင့် ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး ဒီလောက်ဂရုစိုက်တာလဲဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ပါဝင်စားမှုတွေကို သင်နားလည်ဖို့လိုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ယောကျ်ားတစ်ယောက်ရဲ့ ကမ္ဘာမှာ သူဘယ်သူဘယ်ဝါ၊ ဘာလုပ်တယ်၊ ဘယ်လောက် ပမာဏစွမ်းဆောင်အောင်မြင်နိုင်တယ်ဆိုတဲ့ အချက်တွေကို အခြေခံပြီး တခြားယောကျ်ားတွေရဲ့ အကဲခတ်ခြင်းကို ခံရတာပါ။ ဒါကြောင့် ဒီအချက်သုံးချက်က သူ့ကိုအမှန်တကယ်တွန်းအားဖြစ်စေတာပါ။

ဒီအချက်တွေဟာ သူလိုချင်တဲ့ အခြေအနေ မရောက်သေးဘူးဆိုရင် သင့်ကိုလည်း သူ့ရဲ့အကောင်းဆုံးပုံစံကို ပြပေးနိုင်မှာ မဟုတ်ပါဘူး။ သူ့စိတ်ထဲမှာ သင့်အတွက် သူဖြစ်စေချင်တဲ့ ယောကျ်ားတစ်ယောက်ပုံစံဖြစ်အောင် ဘယ်လိုလုပ်ရမယ်၊ ပိုကောင်းတဲ့နေရာရောက်အောင် ဘယ်လိုသွားရမယ်၊ ပိုက်ဆံဘယ်လိုရှာရမယ်ဆိုတာတွေကို တွေးတောအာရုံကျနေသရွေ့ သင့်အနားကို ကပ်နေနိုင်မှာမဟုတ်သလို လက်ထပ်ဖို့၊ အိမ်ထောင်တစ်ခု တည်ထောင်ဖို့ဆိုတာတွေကို စိတ်ကူးယဉ်နိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော့်အတွေ့အကြုံအရဆိုရင် အမျိုးသမီးအများစုက ဒီအချက်တွေကို လက်မခံနိုင်ကြပါဘူး။ သူတို့ကို တကယ်ချစ်တယ်ဆိုရင် အတူလက်တွဲပြီးမှ အိပ်မက်တွေကိုနှစ်ယောက်အတူတူ အကောင်အထည်ဖော်နိုင်သားပဲလို့ တွေးကြပါတယ်။ မိန်းမတွေအတွက် တည်ငြိမ်တဲ့ဘဝက လည်း အရေးကြီးတာမှန်ပေမဲ့ အခြေခံအုတ်မြစ်ကစလို့ ချစ်သူနဲ့အတူ လက်တွဲတည်ထောင်ချင်ကြတာပါ။ ဒါဟာ လေးစားလောက်စရာပါ။ ဒါပေမဲ့ ယောကျ်ားတွေရဲ့စိတ်နဲ့တော့ မကိုက်ညီပါဘူး။ ယောကျ်ားတွေဟာ သူတို့လိုချင်တဲ့ အောင်မြင်မှုကို အာရုံစိုက်နေချိန်မှာ သင့်အကူအညီကို မလိုအပ်သလို သင့်ကိုလည်း မလိုအပ်ပါဘူး။ ကျွန်တော်တို့ဟာ တစ်ချိန်တည်းမှာ အကြောင်းအရာနှစ်မျိုးစလုံးကို ဂရုစိုက်ပေးနိုင်လောက်အောင် မတော်ကြပါဘူး။ စိတ်မကောင်းပေမဲ့ ဒါအမှန်တရားပါပဲ။

ယောကျ်ားတစ်ယောက်ရဲ့ ဘဝအတွက် ကြိုးစားအားထုတ်ရာ လမ်းတစ်လျှောက်မှာ အကူအညီဖြစ်စေချင်တယ်ဆိုရင် အကောင်းဆုံးနည်းလမ်း

က သူ့ရည်မှန်းချက်၊ သူ့အစီအစဉ်တွေမှာ အာရုံစိုက်ထားခွင့်ပေးလိုက်တာပါပဲ။ သူမျှော်လင့်ထားတဲ့နေရာကို ရောက်ရှိတာနဲ့ စိတ်ခံစားမှုတွေကောင်းမွန်လာပြီး ပျော်ရွှင်တဲ့သူတစ်ယောက်ဖြစ်လာတာကြောင့် သင်လည်း ပျော်ရွှင်ရမှာပါ။

■

## ၂

# ကွဲပြားတဲ့ ချစ်ပုံချစ်နည်း

ဒီကမ္ဘာမြေပေါ်မှာရှိတဲ့ ဘယ်အရာနဲ့မှ မိန်းမတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို နှိုင်းယှဉ်လို့မရနိုင်ပါဘူး။ လေးနက်ပြီး စိတ်ရှည်မှု၊ ယုယကြင်နာမှုတွေနဲ့ ထုံမွမ်းပြီး ချိုမြ စစ်မှန်တာ အမျိုးသမီးတွေရဲ့ ချစ်ခြင်းမေတ္တာပါ။ ချစ်တဲ့သူအတွက်ဆိုရင် ဓားတောင်ကိုကျော်ပြီး မီးပင်လယ်ကို ဖြတ်ရဲတာလည်း အမျိုးသမီးတွေပါပဲ။ ချစ်သူယောကျ်ားကို စိတ်ဓာတ်ကျချိန် ဖေးမ၊ပျော်ရွှင်ချိန်မှာ မျှဝေခံစားပြီး ဖျားနာနေချိန်မှာ ထွေးပွေ့လို့ ကြင်ကြင်နာနာ ပြုစုတတ်တာလည်း အမျိုးသမီးတွေပါပဲ။ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို အမှန်တကယ် ချစ်မြတ်နိုးမိပြီဆိုရင် အဲဒီယောကျ်ား မှန်တယ်၊မှားတယ် မသေချာတဲ့ အခြေအနေမှာတောင် သူ့ဘက်က ရပ်တည်ပေးပါလိမ့်မယ်။ မိတ်ဆွေအသိုင်းအဝိုင်းက တားမြစ်တဲ့ကြား ကတောင် ချစ်သူရဲ့လက်ကို ရဲရဲကြီးဆုပ်ကိုင်ထားတတ်တယ်။ အကောင်းဆုံးတွေကို ကြိုးစားဖန်တီးပြီး ချစ်ရတဲ့သူက ဥပက္ခာပြုတာတောင် စိတ်မပျက်သွားတတ်ပါဘူး။ အခြေအနေ၊ အချိန်အခါနဲ့ ယုတ္တိဗေဒအားလုံးကို ကျော်ဖြတ်သွားနိုင်တာ မိန်းမတစ်ယောက်ရဲ့ အချစ်ပါ။

အမျိုးသမီးတွေဟာ သူတို့ရဲ့အချစ်၊ ပေးဆပ်မှုတို့နဲ့သာတူညီမျှတဲ့ တုံ့ပြန်မှုမျိုးကို ယောကျ်ားတွေဆီက မျှော်လင့်တတ်ကြပါတယ်။ ကြိုက်တဲ့

အမျိုးသမီးကိုမေးကြည့်ပါ။ ဘယ်လိုယောကျ်ားမျိုးကို လိုချင်၊ တွေ့ချင်ပါသလဲဆိုတာ။ ရုပ်ရည်ပြေပြစ်ပြီး ပျော်တတ်သူ၊ ရင်ခုန်ဖွယ်ကောင်းပြီး သိမ်မွေ့နူးညံ့သူ၊ ဒါ့အပြင် အားပေးနှစ်သိမ့်တတ်သူ၊ ကိုယ့်ချစ်သူကိုလှကြောင်းပြောတတ်သူ၊ နာကျင်ရင် နာကျင်တယ်လို့ ခံစားချက်ကို ဖွင့်ပြောတတ်တဲ့သူ၊ မိခင်ဖြစ်သူနဲ့ အပြုံးမပျက် မိတ်ဆက်ပေးရဲသူ၊ ကြင်နာတတ်ပြီး ကလေးသေးစိုဝတ်လဲပေးဖို့ နောက်မတွန့်တတ်သူ ဒီလိုလူမျိုးသာဆိုရင် ချမ်းသာဖို့၊ မင်းသားလိုရုပ်ရည်မျိုးရှိနေဖို့ မလိုပါဘူးလို့ဖြေကြပါတယ်။

ဒီနေရာမှာ အမျိုးသမီးတွေကို ကျွန်တော်ပြောချင်တာကတော့ ယောကျ်ားတစ်ယောက်ဆီကနေ ပြည့်စုံတဲ့အချစ်ကို မျှော်လင့်တာဟာ ဘယ်လိုမှလက်တွေ့မကျဘူးဆိုတာပါပဲ။ ဘယ်လိုမှကို ဖြစ်မလာနိုင်တဲ့အရာပါ။ ဘာကြောင့်လဲဆိုတော့ ယောကျ်ားတစ်ယောက်ရဲ့အချစ်ဟာ မိန်းမတွေရဲ့ အချစ်နဲ့မတူညီလို့ပါပဲ။

ဒီစကားကြောင့် အထင်မမှားပါနဲ့။ ကျွန်တော်တို့ယောကျ်ားတွေ မချစ်တတ်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ချစ်ပုံ ချစ်နည်းမတူညီတာကို ပြောချင်တာပါ။ ယောကျ်ားတွေရဲ့ အချစ်က ရှင်းလင်းပြီး၊ တိုက်ရိုက်ဖော်ပြတတ်ပြီး စိတ်ကူးယဉ်ဆန်မှုနည်းပါးပါတယ်။ သင့်ကို တကယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ဟာ နာရီဝက်တစ်ခါဖုန်းခေါ်နေပြီး သင့်ကို ချစ်ကြောင်း၊ လွမ်းကြောင်းပြောနေမှာ မဟုတ်ပါဘူး။ သင်မျှော်လင့်ထားသလို ဆံပင်ရေစိုတွေကိုသုတ်ပေးပြီး အပူပေးစက်နဲ့ တယုတယမှုတ်ပေးနေမှာ မဟုတ်ပါဘူး။

ဒါပေမဲ့ သူ့အချစ်ကတော့ အချစ်ပါပဲ။ အမျိုးသမီးတွေရဲ့ ချစ်ပုံချစ်နည်းနဲ့ မတူတာပါ။

သင့်ကို တကယ်ချစ်တဲ့ အမျိုးသားတစ်ယောက်ဟာ သူပိုင်ဆိုင်သမျှ သင့်ကိုပေးချင်တာမျိုးပါ။ ကိုယ့်ကို ယောကျ်ားတစ်ယောက် တကယ်ချစ်မချစ်ကို အောက်ပါအချက်သုံးချက်ကို ကြည့်ပြီးသိနိုင်ပါတယ်။

**ဝန်ခံခြင်း**

ယောကျ်ားတစ်ယောက်ဟာ သင့်ကိုတကယ်ချစ်တယ်ဆိုရင် သူ့ရဲ့

ချစ်သူအဖြစ်၊ ဇနီးမယားအဖြစ် ဝန်ခံပွဲထုတ်ဖို့ဝန်မလေးပါဘူး။ ဒီလိုမျိုး မိတ်ဆွေသူငယ်ချင်းနဲ့ မိသားစုဝင်တွေကြားမှာ သူ့ရဲ့ မိန်းကလေးအဖြစ် မိတ်ဆက်ပြောဆိုပေးခြင်းဟာ သူ့နှလုံးသားမှာ သင်နေရာယူထားနိုင်ပြီလို့ ဆိုလိုတာပါပဲ။ သင်နဲ့အတူရှိနေရတာကို ဂုဏ်ယူဝမ်းမြောက်ပြီး သင့်အတွက် ဘဝအစီအစဉ်ရှိတယ်လို့ ဆိုလိုချင်တာပါ။ ရှေ့ဆက်မယ့် အနာဂတ်မှာ သင့်ကိုထည့်တွက်ထားပြီးပြီဆိုတာ လူအားလုံးသိအောင် ကြေညာတာပါ။

အကယ်၍ သင့်နဲ့လက်ရှိတွဲနေသူ အမျိုးသားဟာ သူ့မိတ်ဆွေ မိသားစုတွေရှေ့မှာ သင့်ကို သူငယ်ချင်းအဖြစ် ဒါမှမဟုတ် ဘယ်သူဘယ်ဝါ ပါဆိုပြီး နာမည်နဲ့ပဲ မိတ်ဆက်ပေးခဲ့မယ်ဆိုရင် ဒါဟာ သင့်နေရာကို ဖော်ပြတာပါပဲ။ သင်နဲ့ပတ်သက်ပြီး သူဘာမှမတွေးထားပါဘူး။ ဘာအစီအစဉ်မှ လည်း မရှိပါဘူး။

ဒီအချက်ကို ကျွန်တော် အမျိုးသမီး သူငယ်ချင်းတစ်ယောက်ကို ပြောပြတော့ သူဟာ ရယ်မောပြီး လက်ခံပါတယ်။ သူမကြုံခဲ့ဖူးတဲ့ အတွေ့ အကြုံတစ်ခုကိုလည်း ပြောပြပါတယ်။ ကျွန်တော့် သူငယ်ချင်းမိသားစုဟာ နှစ်စဉ် ခရစ္စမတ် ညစာစားပွဲကျင်းပတတ်ပြီး အရင်းနှီးဆုံး ဆွေမျိုးတွေ၊ မိတ်ဆွေတွေလာတတ်ပါတယ်။ ဒီထဲကမှ အမျိုးသားတစ်ဦးဟာ တစ်နှစ်ကို တစ်ယောက်ကျဆိုသလို မိန်းကလေးတွေ ထည့်လဲခေါ်လာတတ်ပါ တယ်။ မိန်းကလေးတွေအားလုံးက သူ့ထက်သူ လှကြတာချည်းပါပဲ။ သူနဲ့ ပါလာတဲ့ မိန်းကလေးတွေအားလုံး ဘယ်သူမှ သူ့ရဲ့ချစ်သူအဖြစ် မိတ်ဆက် ပေးမခံရပါဘူး။ အတုံ့အဆိုင်းမရှိ နာမည်ကိုပဲ ထုတ်ဖော်မိတ်ဆက်ပေးတာ ပဲလို့ သူငယ်ချင်းက ပြောပါတယ်။

လတ်တလောကျင်းပခဲ့တဲ့ ခရစ္စမတ်ညစာစားပွဲမှာတော့ အဲဒီလူက မိန်းကလေးတစ်ယောက်နဲ့ လက်ချင်းတွဲပြီးရောက်လာခဲ့ပါတယ်။ နှစ်ယောက် လုံးရဲ့ မျက်နှာမှာ အပြုံးပန်းတွေဝေလို့ပါ။ သူက မိန်းကလေးကို သူ့ရဲ့ အမျိုးသမီးအဖြစ် မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးပါတယ်။ လူတွေအားလုံး ဟာ ဒီတစ်ယောက်ကတော့ တကယ့်အစစ်အမှန်ပဲလို့ သိကြပါတယ်။ မိတ်ဆက်ပေးတဲ့ ပုံစံကြောင့်သာ မဟုတ်ဘဲ အမူအရာတွေက သိပ်ကိုသိသာ ပါတယ်။ အဲဒီလူဟာ မိန်းကလေးရဲ့ လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားပြီး

လုပ်ဖော်ကိုင်ဖက်ကအစ အရင်းနှီးဆုံး သူငယ်ချင်းတွေကိုအထိ သူ့မိန်းက လေးရယ်လို့ လိုက်မိတ်ဆက်ပေးပါတယ်။ သောက်စရာတွေကို အပြေးအလွှား ယူပေး၊ အတူတွဲကနဲ့ သာယာတဲ့ညလေးကို မကုန်စေချင်တဲ့ပုံပါ။ ညစာ စားပွဲပြီးဆုံးချိန်မှာတော့ တက်ရောက်လာသူအားလုံးက ရည်းစားများတဲ့ ဒီလူတော့ အခုခေါ်လာတဲ့ မိန်းကလေးနဲ့ လက်တွဲဖြစ်ပြီလို့ သိကြပါတယ်။

ဒါကြောင့် အမျိုးသမီးတွေအနေနဲ့ သိဖို့လိုအပ်တာက အမျိုးသား တစ်ယောက်နဲ့ ချစ်သူအဖြစ် ရက်ပေါင်း ၉၀ လောက် တွဲလာတဲ့အချိန်အထိ သူ့ရဲ့ မိတ်ဆွေအပေါင်းအသင်း မိသားစုကို မမြင်မတွေ့ဖူးဘူးဆိုရင်၊ ဘုရား သွားကျောင်းတက် အတူမလုပ်ဖူးရင်၊ သူနဲ့ရင်းနှီးသူတွေရှေ့မှာ နာမည်ကိုပဲ ခေါ်ပြီး မိတ်ဆက်ခံရမယ်ဆိုရင် သိလိုက်ပါတော့။ သူ့အနာဂတ် အစီအစဉ် ထဲမှာ သင့်ကို ထည့်ထွက်မထားပါဘူး။ အဲဒီရဲ့ဆန့်ကျင်ဘက်အနေနဲ့ သင်နဲ့ တွဲနေတဲ့အမျိုးသားက သင့်ကို သူ့ရဲ့သက်ဆိုင်သူအဖြစ် သူ့ပတ်ဝန်းကျင်မှာ ပြောဆိုပြီးဆိုတဲ့အခါ ဝန်ခံကတိပေးလိုက်တာပါပဲ။ သင်က သူ့ရဲ့တစ်ဦး တည်းသောသူအဖြစ် ကြေညာမောင်းခတ်လိုက်တာပါပဲ။

**အထောက်အပံ့**

တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်လက်တွဲကြပြီဆိုတာနဲ့ ယောကျ်ား တို့ရဲ့တာဝန်ဟာ အိမ်အတွက် စားနပ်ရိက္ခာရှာဖွေခြင်းဖြစ်သွားပါတယ်။ သင့်ကို ချစ်တဲ့ယောကျ်ားတစ်ယောက်ဟာ သင်နဲ့သားသမီးတွေ အလိုရှိသမျှ ဖြည့်စွမ်းဖို့ အိမ်ကို ပိုက်ဆံရှာဖွေယူလာပါတယ်။ ဒါဟာ ယောကျ်ားတွေရဲ့ ကဏ္ဍ၊ ယောကျ်ားတွေရဲ့တာဝန်ပါပဲ။ နှစ်ပေါင်းများစွာကတည်းက လူ့အဖွဲ့ အစည်းဟာ မိသားစုတစ်စု အခြေတကျရပ်တည်ဖို့ အဓိက တာဝန်ရှိသူကို အိမ်ထောင်ဦးစီး ယောကျ်ားပဲဖြစ်ကြောင်း ထပ်ကာ ထပ်ကာ နားသွင်းခဲ့ကြ တယ်။ ဒါဟာ ယောကျ်ားတွေအတွက် အရေးအကြီးဆုံးအရာဖြစ်ပါတယ်။ ယောကျ်ားတစ်ယောက်ရဲ့ အတ္တဟာ သူ့မိသားစုကို ထောက်ပံ့ပေးနိုင်မှု မြင့်မားလာတာနဲ့အမျှ ရှင်သန်လာတာပါပဲ။ ဒါအလွန် ရိုးရှင်းတဲ့အဖြစ် မှန်ပါ။

သင့်ကို တကယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ဟာ မိသားစုရဲ့

လိုအပ်ချက်မှန်သမျှဖြစ်တဲ့ စားဝတ်နေရေးနဲ့တကွ ကျန်အခွန်အခ ကုန်ကျစရိတ်အားလုံးကို ပေးနိုင်အောင် ကြိုးစားမှာပါပဲ။ အပြင်မှာ သုံးချင်တာသုံးလာပြီး ကျန်တာကိုမှ သင့်ကိုပေးမှာမဟုတ်သလို သင့်ကိုတိုင်းဆပေးပြီး ကျန်တဲ့ ဝင်ငွေကို အကုန်သူသုံးပစ်တာမျိုးလည်း လုပ်မှာမဟုတ်ပါဘူး။

သင့်ကို တကယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ဟာ သင့်မှာ လိုအပ်ချက်ရှိမနေစေအောင် ဂရုစိုက်ထားမှာပါ။ ဘာကြောင့်လဲဆိုတော့ အိမ်အတွက် ငွေကြေးရှာလာတဲ့အခါတိုင်း၊ ကလေးတွေအတွက် ကျူရှင်ခနဲ့ စားစရာတွေပါလာတဲ့အခါတိုင်း၊ လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးလိုက်တဲ့အခါတိုင်း သူရတဲ့ အပြုံး၊ အနမ်း၊ နှစ်သိမ့်မှုတွေဟာ သူ့ရဲ့ယောကျ်ားဆိုတဲ့ စိတ်အင်အားကို တိုးစေလို့ပါပဲ။ မိသားစုအတွက် တွေးတောပေးတဲ့ ယောကျ်ားတစ်ယောက်ဟာ ယောကျ်ားတိုင်း လိုချင်မက်မောတဲ့ ကား၊ ဂေါ့ဖ်ပစ္စည်းစုံတွေကို လိုချင်တဲ့ဆန္ဒရှိနေဦးတော့ အိမ်ရဲ့လိုအပ်ချက်ကို ဦးစားပေးမှာ အသေအချာပါပဲ။

အမျိုးသမီးတွေအနေနဲ့ ငွေကြေးနဲ့ပတ်သက်ပြီး ယောကျ်ားတွေအပေါ်မှာ အမှီအခိုကင်းတတ်ဖို့ ယနေ့ခေတ်မှာ သင်ကြားခံနေရပါပြီ။ သင့်အနေနဲ့ သွားလေရာနေရာမှာ သင်အသုံးပြုတဲ့ စရိတ်စကအားလုံးကို အကုန်အကျခံဖို့ ကြိုးစားတာဟာ နားလည်လို့ရတဲ့ အခြေအနေပါ။ ဒါပေမဲ့ စစ်မှန်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်နေသဘောထားကို မမေ့ပါနဲ့။ ယောကျ်ားစစ်စစ်တွေဟာ သူတို့ဂရုစိုက်တဲ့သူ ကောင်းကောင်းနေထိုင်ဝတ်ဆင်ရဖို့ ဂရုထားတတ်ကြပြီး အဆင်ပြေတယ်ဆိုရင် ကျေနပ်တတ်ကြပါတယ်။ အဲဒီအတိုင်း မလုပ်ပေးနိုင်ခဲ့ရင်တော့ သူဟာ ယောကျ်ားတစ်ယောက်မဟုတ်ပါဘူး။ ပြောချင်တာက ခင်ဗျားအတွက် စစ်မှန်တဲ့ယောကျ်ားတစ်ယောက်ဖြစ်လာမှာ မဟုတ်ပါဘူး။

ဒီတာဝန်ဝတ္တရားတွေကို ယောကျ်ားအားလုံးထမ်းရွက်ကြပါတယ်။ တစ်ကိုယ်ကောင်းဆန်၊ တုံးအတဲ့သူနဲ့ ကျန်းမာရေးချို့ယွင်းသူဖြစ်နေပါစေ မိသားစုတာဝန်ကို ထမ်းဆောင်နိုင်အောင် ကြိုးစားကြပါတယ်။ အချို့ယောကျ်ားတွေကတော့ အခြေခံအသိပညာ နည်းပါးတာကြောင့် သင့်တော်တဲ့ ငွေကြေးပမာဏကို ရှာဖွေနိုင်ဖို့ ခဲယဉ်းပါတယ်။ မိသားစုကို ပြည့်ပြည့်စုံစုံ

မထောက်ပံ့နိုင်တဲ့အခါ ယောကျ်ားတစ်ယောက်ဟာ သူ့ကိုယ်သူ သိမ်ငယ်လာပါတယ်။ ဒါကြောင့် ဒီမနှစ်မြို့စရာ ခံစားချက်တွေကနေထွက် ပြေးလွတ်မြောက်ဖို့ ကြိုးစားလာပါတယ်။ အရက်၊ မူးယစ်ဆေးဝါးတွေမှာ ခံစားချက်ကိုမြှုပ်နှံပါတယ်။ အမှန်တော့ အရက်၊ မူးယစ်ဆေးစွဲတဲ့သူတွေကို ကြည့်ရရင် မိသားစုကို လုံလုံလောက်လောက် မထောက်ပံ့နိုင်ခဲ့သူတွေဖြစ်တာကို တွေ့ရမှာပါ။

မိသားစုကို လုံလုံလောက်လောက် မထောက်ပံ့နိုင်မှုကို ဖုံးကွယ်ဖို့ တချို့က ပြစ်မှုကျူးလွန်ကြတယ်၊ တချို့က မူးယစ်ဆေးသုံးတယ်၊ တချို့က ထွက်ပြေးတယ်။ အမှန်မှာ တစ်ခုကမှ အလုပ်မဖြစ်ပါဘူး။ သူတို့ကိုယ်တိုင်အတွက်ရော မိသားစုအတွက်ပါ မှန်မှန်ကန်ကန် မလုပ်ဆောင်နိုင်ခဲ့တဲ့ ယောကျ်ားတွေကို "ဘာကိုနောင်တအရဆုံးလဲ" လို့မေးကြည့်ပါ။ အများစုကတော့ မိသားစုကို ကောင်းကောင်းမထားနိုင်ခဲ့တာလို့ ဖြေကြမယ်ဆိုတာ ကျွန်တော်လောင်းရဲပါတယ်။

တချို့ယောကျ်ားတွေဟာ သူတို့ရဲ့ပိုက်ဆံကို အမျိုးသမီးတစ်ဦးနဲ့ ခွဲဝေသုံးစွဲဖို့ ငြင်းဆိုတတ်ကြတယ်ဆိုတာ မှန်ပါတယ်။ တချို့ မဂ္ဂဇင်းတွေမှာ ဖော်ပြထားသလိုပါပဲ။ သူတို့က သူတို့ရဲ့ ပိုက်ဆံကြောင့် မိန်းမတွေရဲ့လှည့်စားမှုကို ခံရမှာကြောက်ကြတယ်။ ယောကျ်ားတစ်ယောက်ဆီက တစ်ခုခုမျှော်လင့်တဲ့ အမျိုးသမီးကို "သိုက်တူးသူ"လို့ဆိုကြတယ်။ အမှန်မှာတော့ ဒီသိုက်တူးသူဆိုတဲ့ ဝေါဟာရကို အမျိုးကောင်းသမီးတွေ ကြောက်တတ်အောင် ဖန်တီးထားခြင်းဟာ သူတို့တွေရဲ့ ပိုင်ဆိုင်မှုအနားကိုကပ်မလာစေချင်တဲ့ ယောကျ်ားတွေရဲ့ အကြံတစ်ခုဖြစ်ပါတယ်။ သင့်ကို တကယ် မချစ်တဲ့ ယောကျ်ားတစ်ယောက်ဟာ သူ့ဘက်က ဘာပေးဆပ်မှုမှမရှိဘဲ သင့်ဆီက သူလိုချင်တာကို ရဖို့ပဲ ကြိုးစားမှာပါ။

ယောကျ်ားတစ်ယောက်က သူ့မိသားစုအတွက် အထောက်အပံ့ပေးတယ်ဆိုတဲ့နေရာမှာ ငွေရေးကြေးရေး ကိစ္စတင်မကဘဲ တခြားနည်းတွေလည်းရှိပါတယ်။ သင့်လူက ငွေကြေးအဆင်ပြေချင်မှပြေမယ်။ ဒါပေမဲ့ သင့်ရဲ့လိုအပ်ချက်တွေကို တခြားနည်းနဲ့ အထောက်အပံ့ပေးဖို့ကို သူတတ်နိုင်သမျှ အစွမ်းကုန်ကြိုးစားမှာပါ။ ဟင်းချက်စရာ ဟင်းစားဝယ်ဖို့ပိုက်ဆံကို

သူမပေးနိုင်ရင်တောင် ဖြစ်တဲ့နည်းနဲ့ စားစရာသောက်စရာကို သူရှာကြံကျွေး ပါလိမ့်မယ်။ သင်နဲ့ မိသားစုကိုတော့ အငတ်ထားမှာ မဟုတ်ပါဘူး။ အိမ်က လက်ဆေးကန်မှာ အညစ်အကြေးတွေဆို့ပြီး ရေလျှံနေရင် ပိုက်ပြင်ဖို့လိုအပ် တဲ့ အစိတ်အပိုင်းကို သွားမရှာခင် လျှံကျနေတဲ့ရေအတွက် ရေပုံးတစ်ပုံးကို တော့ သူခံခဲ့ပေးမှာပါ။ သင်က ပန်းချီကားတွေ နံရံမှာ ချိတ်ချင်တယ်ဆိုရင် အထစ် နှစ်ဆယ်ရှိတဲ့ လှေကားကိုတက်ပြီး ပန်းချီကားတွေကို နံရံပေါ်ရောက် အောင် သူက ပို့ပေးပါလိမ့်မယ်။ ကားဂိုဒေါင်တံခါးသစ်ဆင်ဖို့ လူခေါ်ပြီး မလုပ်နိုင်ရင်တောင် လမ်းညွှန်စာအုပ်ကို အချိန်ပေးဖတ်ပြီး ကြိုးစားပမ်းစား တံခါးဆင်ပေးမှာ သင့်ကို ချစ်တဲ့ ယောကျ်ားပါ။ ငွေရေးကြေးရေးအရပဲဖြစ် ဖြစ်၊ ခွန်အားစိုက်ထုတ်ပြီးတော့ပဲဖြစ်ဖြစ် သူချစ်တဲ့ အလေးထားတဲ့လူတွေ အတွက် အထောက်အပံ့ပေးတာက ယောကျ်ားတစ်ယောက်ရဲ့ ဗီဇကိုပါဝင် နေပြီး သူတကယ် သင့်ကိုချစ်ပြီးအလေးထားတယ်ဆိုရင် သင့်အတွက် ဒီအရာတွေအားလုံးကို အတိုင်းအဆမဲ့ အထောက်အပံ့ပေးသွားမှာပါ။

## အကာအကွယ်

ယောကျ်ားတစ်ယောက်က သင့်ကို တကယ်ချစ်နေပြီဆိုရင် ကိုယ် နှုတ်အမူအရာ သုံးပါးစလုံးနဲ့ သင့်ကို အနှောင့်အယှက်ပြုမယ့်သူတွေ ပြေး ပေါက်သာရှာကြပေတော့လို့ ပြောရမှာပါ။ သင့်ကို မလေးစားလုပ်တဲ့ ဘယ် သူ့ကိုမဆို အဲဒီအတွက် ပြန်ပေးဆပ်ရအောင် သင့်ချစ်သူက ဘာမဆိုလုပ်ပါ လိမ့်မယ်။ ဒါဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဖိုသတ္တဝါ အမျိုးအစားမှာ မဆို အတူတူပါပဲ။ ဘယ်သူမှ သူ့မိသားစုကို မခန့်လေးစားလာလုပ်တာ လက်သင့် မခံပါဘူး။ မိသားစုထဲမှာ ယောကျ်ားလေးတစ်ယောက်အဖြစ် မွေးဖွားလာ ပြီဆိုကတည်းက မိသားစုကို ကာကွယ်ဖို့ တာဝန်ဟာ သူ့အပေါ်မှာကျရောက် နေပြီးသားပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုသင်ကြားမှု အဆုံးအမမျိုးနဲ့ ကြီးပြင်းခဲ့ရပါတယ်။ ကျွန်တော် ရှစ်နှစ်သားလောက်က အမေနဲ့အတူ မြို့ထဲ သွားမယ်လုပ်တော့ အဖေရောက်လာပြီး "အမေနဲ့မြို့ထဲသွားရင် အမေ့ကို သေသေချာချာ ဂရုစိုက်ရမယ်နော်" လို့ မှာပါတယ်။ ဒါက အမေ့အိမ်မှာ အရေးအကြီးဆုံး စည်းမျဉ်းနံပါတ် တစ်ပါ။ အမေနဲ့ ညီမလေးတွေ မပါဘဲနဲ့

အိမ်ပြန်လာလို့မဖြစ်ပါဘူး။ ကျွန်တော်ကသာ ကားတစ်စီးပေါ် တက်စီးပြီး ထွက်ပြေးတာပဲဖြစ်ဖြစ်၊ နောက်ဆုံး ကုန်ကုန်ပြောရရင် ကိုယ့်ကိုယ်ကိုယ်ပဲ သတ်သေသေ အမေနဲ့ညီမတွေပါမလာဘဲနဲ့ အိမ်မပြန်နိုင်ပါဘူး။ ဒါက အဖေ့စည်းမျဉ်းပါ။ အခုချိန်မှာ ပြန်စဉ်းစားကြည့်တော့ ဘတ်စ်ကားပေါ်မှာ အမေက ကျွန်တော့်ကို အရမ်းယုယုယယ လုပ်နေခဲ့ရင် တစ်ယောက်ယောက် က အမေ့ကို လက်ညှိုးထိုးရင်တောင် ကျွန်တော်ဘာမှလုပ်နိုင်ခဲ့မှာ မဟုတ် ပါဘူး။ ဒါပေမဲ့ အခုတော့ ဘတ်စ်ကားပေါ်မှာပဲဖြစ်ဖြစ်၊ စတိုးဆိုင်မှာပဲဖြစ်ဖြစ် မရှိမဲ့ ရှိမဲ့ ရင်ကလေးကိုကော့ပြီး ကျွန်တော့် မိသားစုကို ကျွန်တော်ကာကွယ် ပေးရမယ်ဆိုတဲ့ မာန်ကလေးအပြည့်နဲ့ ဝင့်ဝင့်ကြွားကြွားနေနိုင်ခဲ့တာကို သိလိုက်ရပါတယ်။

တကယ်တော့ အကာအကွယ်ပေးတယ်ဆိုတာက သူဝန်ခံထားတဲ့၊ အထောက်အပံ့ပေးထားတဲ့ လူတွေအတွက်ယောကျ်ားတိုင်းလုပ်မယ့်၊ လုပ်ချင် စိတ်ရှိရမယ့်အရာပါ။ သူက သင့်ကိုအလေးထားကြောင်း ပြောလိုက်ပြီဆို တာနဲ့ သင်ဟာ သူ့ရဲ့အဖိုးတန်ရတနာဖြစ်သွားပါပြီ။ ဒီအဖိုးတန်ရတနာကို ကာကွယ်ဖို့ ဘာမဆိုသူလုပ်မှာပါ။ သင်က အခွန်ကောက်တဲ့သူနဲ့ ဖုန်းထဲ မှာ အငြင်းအခုံဖြစ်နေတာကို သူကြားရင် "ဘယ်သူနဲ့ပြောနေတာလဲ။ ပေးစမ်း ကိုယ်ပြောလိုက်မယ်" လို့သူက ပြောမှာပါ။ သင့်ရဲ့ ရည်းစားဟောင်းက သင့်အနားမှာ တရစ်ဝဲဝဲ အနှောင့်အယှက်ပေးနေရင် သင့်အမျိုးသားက သူနဲ့ ပတ်သက်လို့ဖြေရှင်းပေးပါလိမ့်မယ်။ သင်တို့ကလေးတွေ ပြောမနိုင် ဆိုမနိုင် ဖြစ်နေရင်လည်း သူတို့အဖေကပဲ ဖြေရှင်းဆုံးမပေးမှာပါ။ ယောကျ်ားစစ်စစ် တစ်ယောက်က အကာအကွယ်ပေးသူဆိုတာကို သူသိတဲ့အတွက်ကြောင့် မိသားစုအတွက် ဦးဆောင်မှုနဲ့အကာအကွယ်ကို သူပေးနေတာပါ။ သူတန်ဖိုး ထားပိုင်ဆိုင်တဲ့ အရာတစ်ခုကို အကာအကွယ်မပေးတဲ့ ယောကျ်ား စစ်စစ်ဆို တာ မရှိပါဘူး။ ဒါဟာ အလေးထားမှုနဲ့ ဆိုင်ပါတယ်။

ဘယ်မိန်းမမဆို သူတို့ရဲ့ ချစ်သူခင်ပွန်းဆီက လိုချင်ကြတဲ့ အဓိက အရာတွေထဲမှာ အကာအကွယ်ပေးခြင်းကလည်း သေချာပေါက်တစ်ခု အပါ အဝင်ဖြစ်တယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်။ မိန်းကလေးတွေကို ဒီလို မျှော်လင့်တတ်အောင် ပျိုးထောင်ပေးထားလို့ပါ။ သူတို့ဘဝမှာ အရေးအပါဆုံး

ယောကျ်ားတွေဟာ ဘယ်လိုပဲ ပေးဆပ်စွန့်လွှတ်ရပါစေ သူတို့ကို ဘေးမသီ ရန်မခအောင်ထားမယ်၊ သူတို့အတွက်တိုက်ပွဲဝင်ပေးမယ်ဆိုတာကို စိတ်ချ ယုံကြည်ထားကြပြီးသားပါ။ တစ်ခါတလေ ကိုယ့်ကိုချစ်တဲ့ ယောကျ်ားက ကိုယ့်အတွက်နဲ့ တစ်ဖက်သားကို နာကျင်အောင် လုပ်နိုင်တာမို့ တစ်စုံတစ် ယောက်နဲ့ ပြဿနာတက်တဲ့အခါမျိုးမှာ သူ့ကို လိမ္မာပါးနပ်စွာ အသိပေး ရတာမျိုး သင်တို့လည်း ကြုံဖူးကြမှာပါ။ ဒါက နောက်ဆက်တွဲ ဆိုးကျိုးတွေ ဖြစ်နိုင်တယ်ဆိုတာ ကျွန်တော်တို့ အားလုံးသိပါတယ်။

ကျွန်တော် မှတ်မိနေတဲ့ အဖြစ်အပျက်လေးတစ်ခုရှိပါတယ်။ ကျွန်တော်က ခပ်ငယ်ငယ်ပဲရှိပါသေးတယ်။ တစ်ရက် အိမ်မှာ အမေတစ် ယောက်တည်းရှိနေတုန်း အာမခံကိုယ်စားလှယ်တစ်ယောက်ရောက်လာပြီး အမေ့ဆီမှာ ပိုက်ဆံတောင်းပါတယ်။ အမေ့မှာက သူတောင်းသလောက် ပိုက်ဆံမရှိပါဘူး။ အဲဒီအချိန်အဖေက အလုပ်သွားနေပါတယ်။ ဒီလူ ကျွန်တော် တို့ အိမ်တံခါးဝကို ရောက်လာပြီး "နောက်တစ်ခါ ကျုပ်လာလို့ ပိုက်ဆံကို ရှာမထားနိုင်ရင်တော့လား" လို့ အမေ့ကို ရင့်ရင့်သီးသီးပြောဆိုသွားတာကို တော့ အဖေ မမြင်လိုက်ရပါဘူး။ ဒီသတင်းကို ကျွန်တော့် မွေးချင်းတစ် ယောက်ယောက်က အဖေ့ကိုသွားပြောလိုက်ပါတယ်။ အဖေ ပြန်လာလို့ ဖြစ်ပုံပျက်ပုံအလုံးစုံကို မေးတဲ့အခါ အမေက ပထမတော့ တွန့်ဆုတ်နေပါ သေးတယ်။ နောက်တော့ အဖေက မရမကမေးလို့ အကြောင်းစုံ ပြောလိုက် ရပါတယ်။ အဖေ အကြီးအကျယ်ဒေါပွမယ်ဆိုတာကိုသိလို့ အဖေက အဲဒီ အာမခံသမား ဘယ်အချိန်မှာလာတတ်သလဲလို့ ကျွန်တော်ကို မေးပါတယ်။ နောက်တစ်ကြိမ် ဒီလူအိမ်ကိုရောက်လာတော့ အဖေက သူ့ကို အဆင်သင့် စောင့်နေပါတယ်။ ကျွန်တော် မြင်ခဲ့ရတဲ့ မြင်ကွင်းကို ဘယ်တော့မှ မမေ့ပါ ဘူး။ ကျွန်တော်တို့ ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တဲ့အချိန်မှာ အဖေ က အာမခံကိုယ်စားလှယ်ကို ကားကိုယ်ထည်ပေါ်မှာ လှန်ချပြီး သူ့လည်ပင်း ကို လက်နှစ်ဖက်နဲ့ညှစ်ထားပါတယ်။ ပြီးတော့ "မင်း ငါ့မိန်းမကို နောက် တစ်ခါ မခန့်လေးစားလုပ်ရဲလုပ်ကြည့်စမ်း။ မင်းကို အရှင်မထားဘူး" လို့ ပြောလိုက်ပါတယ်။ ဒီအတိုင်းစဉ်းစားကြည့်ရင် အဖေ့လုပ်ရပ်က နည်းနည်း ပိုလွန်းတယ်လို့ထင်ရပါတယ်။ ဒါပေမဲ့ ဒါက သူတို့ချစ်တဲ့သူတွေကို ကာကွယ်ဖို့

အတွက် ဘယ်လို ယောကျ်ား စစ်စစ်မဆို လုပ်ကြမှာပါ။

အကာအကွယ်ပေးတယ်ဆိုတာက ကာယအားကိုအသုံးပြုပြီး ကြမ်းတမ်းတဲ့နည်းလမ်းနဲ့ တစ်စုံတစ်ယောက်ကို တိုက်ခိုက်သတ်ပုတ်မှ မဟုတ်ပါဘူး။ သင့်ကို တကယ်မြတ်နိုးတန်ဖိုးထားတဲ့ ယောကျ်ားဟာ အကြံဉာဏ်ပေးတာပဲဖြစ်ဖြစ်၊ သင့်အတွက် အန္တရာယ်ရှိနိုင်တယ်လို့သူယူဆတဲ့ အရေးကိစ္စတွေမှာ ရှေ့တန်းကထွက်ပြီး ဆောင်ရွက်ပေးတာပဲဖြစ်ဖြစ် ဒီလို တခြားနည်းလမ်းတွေနဲ့လည်း သင့်ကို အကာအကွယ်ပေးနိုင်ပါတယ်။ ဥပမာ – အပြင်မှာလည်း မှောင်နေတယ်။ သင်က အိမ်မှာမွေးထားတဲ့ခွေးကို ထွက်ကျောင်းစရာရှိတယ်ဆိုရင် သင့်အတွက် စိတ်မချတာကြောင့် သူ ကိုယ်တိုင်ပဲထွက်ကျောင်းပေးပါလိမ့်မယ်။ သင်လမ်းလျှောက်လာတဲ့အချိန် သင့်ဆီမှာ မရိုးမသား အရိပ်အယောင်နဲ့ လူတစ်ယောက် ကပ်ပါလာမယ် ဆိုရင် သင့်ကိုချစ်တဲ့ယောကျ်ားက သင်နဲ့ အဲဒီလူကြားမှာဝင်ပြီး အရေးကြုံရင် သူက အကာအကွယ်ဖြစ်ရအောင် မားမားမတ်မတ်ရပ်ပေးမှာပါ။

ကိုယ့်မိသားစုကို ကာကွယ်တာ ဘယ်လိုဖခင်မျိုး၊ ဘယ်လိုယောကျ်ားမျိုးမဆို လုပ်ကြမယ့်အလုပ်ပါ။ ဒါက ကျွန်တော်တို့ကို သဘာဝက ပေးအပ်ထားတဲ့ အရည်အချင်းပါ။ ဒါပေမဲ့ အမျိုးသမီးတွေ ကျွန်တော်တို့ဆီက တောင်းဆိုချင်တာတွေက သိပ်ကိုများပါတယ်။ ဒါကလည်း ကိုယ့်ရင်သွေးကို တစ်ဦးတည်းပျိုးထောင်စောင့်ရှောက်ရတဲ့ အမျိုးသမီးတွေ အများကြီးရှိနေသေးလို့၊ သားတွေကို ယောကျ်ားပီပီသသ ဘယ်လိုနေထိုင်ရမယ်ဆိုတာ ဆုံးမလမ်းညွှန်ပေးတဲ့ ဖခင်တွေနည်းနေသေးလို့လည်း ဖြစ်နိုင်ပါတယ်။ မိန်းမပီသတဲ့ မိန်းမဟာ ယောကျ်ားတစ်ယောက်ဆီက အကောင်းဆုံးတွေကို ဖော်ထုတ်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ကတော့ အခိုင်အမာယုံကြည်ပါတယ်။ ဒါပေမဲ့ သူဟာ ယောကျ်ားတိုင်းတတ်နိုင်တဲ့၊ ပေးနိုင်တဲ့အရာတွေကိုပဲ တောင်းဆိုဖို့လိုပါတယ်။ ကျွန်တော်ရဲ့ ရေဒီယိုအစီအစဉ်နဲ့ နေ့စဉ် ဖြတ်သန်းနေတဲ့လူ့ဘဝမှာ ယောကျ်ားတွေ မကောင်းကြောင်းပြောပြီး ယောကျ်ားတွေ လုပ်မှာမဟုတ်တဲ့အရာတွေအတွက် မကျေမနပ်ဖြစ်ကြတဲ့ အသံတွေကို မိန်းမတွေဆီက အမြဲမပြတ်ကြားရပါတယ်။ တကယ်လို့ ယောကျ်ား စစ်စစ်တွေ လုပ်ရမယ်လို့ ယူဆထားတဲ့အလုပ်မျိုးကို သူတို့မလုပ်ဘူးဆိုရင်လည်း အဲဒါ

ဟာ ဘယ်သူ့အတွက်မှ မလိုအပ်လို့ အထူးသဖြင့် မိန်းမတွေအတွက် လိုအပ်မှာ မဟုတ်လို့ သူတို့လုပ်မပေးတာပဲဖြစ်မယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်။

အခုထိပြောခဲ့တာတွေကို အနှစ်ချုပ်ရမယ်ဆိုရင် အမျိုးသမီးတွေ အနေနဲ့ ယောကျ်ားတွေအပေါ်မှာ အချစ်နဲ့ပတ်သက်လို့ လိုရာဆွဲ အဓိပ္ပာယ် ဖွင့်ဆိုတာတွေကို ရပ်ပြီး ယောကျ်ားတွေရဲ့ ချစ်ပုံ ချစ်နည်းက ကွဲပြားတယ် ဆိုတာကို နားလည်လက်ခံပေးပါ။ ယောကျ်ားတွေရဲ့ အချစ်က အမျိုးအစား သုံးမျိုးမှာသာ အကျုံးဝင်ပါတယ်။ ကျွန်တော် ရှင်းပြခဲ့တဲ့ ဝန်ခံခြင်း၊ အထောက် အပံ့ပေးခြင်း၊ အကာအကွယ်ပေးခြင်းဆိုတဲ့ သုံးမျိုးပါ။ ယောကျ်ားတစ် ယောက်ဟာ ရုံးက ကျင်းပတဲ့ပါတီပွဲတက်ဖို့ သင်ဝတ်စုံသွားဝယ်တာကို အတူလိုက်ချင်မှ လိုက်ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီပါတီပွဲကိုတော့ ယောကျ်ား ပီပီ သင့်ဘေးက ခြံရံလိုက်ပါပြီး လူပုံအလယ်မှာ သင့်လက်ကိုဆွဲလို့ သင်က သူ့အမျိုးသမီးဖြစ်တာကို ဂုဏ်ယူစွာပြောကြားမှာပါ (ဝန်ခံခြင်း)။ သင်နေ မကောင်းတဲ့အချိန်မှာ သင့်ဘေးနားမှာ လဲလျောင်းပြီး သင့်ကိုထွေး ပွေ့ချင်မှ ထွေးပွေ့ထားပါလိမ့်မယ်။ ဒါပေမဲ့ သင့်ကိုချစ်တဲ့ ယောကျ်ားစစ်စစ်တစ် ယောက်ဟာ အချိန်အခါနဲ့ ဆေးတိုက်ပေးတာတို့၊ စွပ်ပြုတ်နွေးတိုက်ပေးတာ တို့၊ သင်နေပြန်ကောင်းတဲ့ အချိန်အထိ အိမ်မှာ အားလုံးအဆင်ပြေပြေလည် ပတ်နိုင်အောင် ဆောင်ရွက်ပေးတာတို့ကို မညည်းမညူလုပ်ကိုင်ပေးမှာပါ (အထောက်အပံ့ပေးခြင်း)၊ ပန်းကန်ဆေးတာတို့၊ ကလေးသေးခံလဲပေးတာ တို့၊ သင့်ဆံပင်ကို ရေသုတ်ပေးတာတို့တော့ သူလုပ်ချင်မှလုပ်ပါလိမ့်မယ်။ ဒါပေမဲ့ သင့်ကိုတကယ်ချစ်တဲ့ ယောကျ်ားဟာ သင်မနာကျင်ရဖို့၊ အန္တရာယ် ကင်းဖို့အတွက်တို့ မားတောင်ကိုကျော်လို့ မီးပင်လယ်ကိုပဲဖြတ်ရပါစေ သင့်ကို စောင့်ရှောက်ပေးသွားမှာပါ (အကာအကွယ်ပေးခြင်း)၊ ဒါကို သင်ယုံကြည် ထားလို့ရပါတယ်။

ကျွန်တော် ပြောခဲ့တာတွေကို သင့်အတွက် လုပ်ပေးတဲ့ ယောကျ်ား တစ်ယောက်ရှိလာပြီဆိုရင် ကျွန်တော့်ကို ယုံလိုက်ပါ။ သူက သင့်ကို အလုံးစုံ ပေးထားပါပြီ။

# ၃

## ယောကျ်ားတိုင်း လိုအပ်တဲ့ အရာသုံးခု

မိန်းမဆိုတာမျိုးက ဆန်းပြားရှုပ်ထွေးပါတယ်။ ဆန္ဒနဲ့လိုချင်ရာရာတွေလည်း များတတ်ပါတယ်။ သူတို့ ဘာကိုလိုချင်တယ်၊ လိုအပ်တယ်ဆိုတာကို ရှင်းမပြဘဲနဲ့တောင် ချစ်သူခင်ပွန်းက ဖြည့်ဆည်းပေးတာကို မျှော်လင့်တတ်ကြတယ်။ ကျွန်တော် ခဏခဏ နှောင်ပြောင်သလို ပြောဖူးတဲ့စကားရှိပါတယ်။ မိန်းမတစ်ယောက်ကို လုံးဝကျေနပ်နှစ်သိမ့်မှုရအောင်လုပ်နိုင်မယ့် တစ်ခုတည်းသော နည်းလမ်းက သူ့အတွက် အသက်ကြီးကြီးတစ်ယောက်၊ ရုပ်ဆိုးဆိုးတစ်ယောက်၊ ချစ်မှုရေးရာ ကျွမ်းကျင်တဲ့သူတစ်ယောက်၊ မိန်းမလျာတစ်ယောက်ဆိုပြီး ယောကျ်ားလေးမျိုးရအောင်ရှာထားမှလို့ ပြောခဲ့ပါတယ်။ ဒီလေးမျိုးစလုံးပေါင်းလိုက်ရင်တော့ သင့်ကို ကျေနပ်မှုအပြည့်အဝရစေမှာပါ။

အသက်ကြီးကြီး ယောကျ်ားက အိမ်မှာ သင်နဲ့အတူနေပြီး သူ့ရဲ့ပင်စင်လစာငွေကို သင့်အတွက် အသုံးပြုပေးလိမ့်မယ်။ သင့်ကို ထွေးပွေ့ယုယပေးလိမ့်မယ်။ သက်သောင့်သက်သာဖြစ်အောင်ထားပေးလိမ့်မယ်။ ဒါပေမဲ့သူ့ဆီကတော့ ချစ်မှုရေးရာနဲ့ပတ်သက်လို့ မမျှော်လင့်ပါနဲ့။ သူစွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ သူ့ဆီက ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့ လုံခြုံမှုကိုသင်ရနိုင်ပါတယ်။ ရုပ်ဆိုးတဲ့ယောကျ်ားကတော့ သင့်ကို ကူညီဖို့ အခွင့်

အရေးကို အမြဲစောင့်နေပါလိမ့်မယ်။ ကလေးတွေ ကျောင်းဆင်းလာရင် သင်တန်းတွေကို သူလိုက်ပို့ပါလိမ့်မယ်။ သင့်ကိုလည်း ကုန်စုံဆိုင်ကို ကား မောင်းပို့ပါလိမ့်မယ်။ ပိတ်ရက်တွေမှာ ကားရေဆေးတာတို့၊ အိမ်မှာမွေးထား တဲ့ ခွေးတွေ၊ ကြောင်တွေကို ထိန်းကျောင်းတာတို့ကိုလည်း သူလုပ်ပါလိမ့် မယ်။ ဘာကိုပဲ သင်လိုလို သူက ဖြည့်ဆည်းပေးပါလိမ့်မယ်။ သင့်လိုလုပတဲ့ သူတစ်ယောက်က သူ့ကို အသိအမှတ်တစ်ခုခုပြုတယ်ဆိုရုံနဲ့ သူက ပျော်ရွှင် နိုင်တာကြောင့်ပါ။ သူနဲ့ဆိုရင် သင်လုပ်ချင်တာ ဘာကိုမဆို အေးအေးသက် သာလုပ်ခွင့်ရမှာပါ။ ချစ်မှုရေးရာ ကျွမ်းကျင်တဲ့ ယောကျ်ားဆီကတော့ ဘာကို သင်ရမယ်ဆိုတာ အထူးအထွေပြောဖို့လိုမယ်မထင်ပါဘူး။ ပြီးတော့ သင်နဲ့ အတူလည်ပတ်ဈေးဝယ်ဖို့ မိန်းမလျာ အမျိုးသားတစ်ယောက်ကိုလည်း သင်လိုအပ်ပါလိမ့်မယ်။ သူကတော့ သင့်ဆီက လိုချင်တာမရှိဘဲ သင်ပြော ပြတဲ့ခံစားချက်တွေ၊ အတင်းအဖျင်းတွေအကြောင်းကို မငြီးငွေ့တမ်း နားထောင် ဆွေးနွေးပေးပါလိမ့်မယ်။

သင့်ရဲ့ လိုအပ်ချက်တစ်မျိုးစီကို ဖြည့်ဆည်းပေးမယ့် ယောကျ်ား အမျိုးအစားလေးမျိုးနဲ့ဆို သင်ပျော်ရွှင်လောက်ပါတယ်။ ပျော်ရွှင်လောက်ပါ တယ်လို့ ဘာကြောင့်ပြောရလဲဆိုတော့ အမျိုးသမီးတွေအတွက် သူတို့အလို တွေပြည့်ပြီ.တာတောင် ပျော်ရွှင်မှုရှိဖို့ကို အာမ မခံနိုင်လို့ဖြစ်ပါတယ်။ မိန်းမ တွေရဲ့ စိတ်ဟာ တစ်သမတ်တည်းမဟုတ်ဘဲ အခြေအနေ၊ အချိန်အခါနဲ့ သူတို့မြင်တွေ့သိကြားရတဲ့ ပတ်ဝန်းကျင်အပေါ်မှာမူတည်ပြီး ပြောင်းလဲနေ နိုင်ပါတယ်။

ယောကျ်ားတွေကတော့ ရိုးရိုးရှင်းရှင်းသမားတွေပါ။ ကျွန်တော် တို့ကို ပျော်ရွှင်အောင်လုပ်ဖို့ သိပ်ပြီးမခက်ခဲပါဘူး။ တကယ်တော့ ယောကျ်ား တိုင်းအလိုချင်ဆုံးအရာက အားပေးကူညီမှု၊ ချစ်ခြင်းမေတ္တာနဲ့ လိင်မှုကိစ္စ ပါပဲ။ မအံ့ဩပါနဲ့။ အဲဒီလောက်ကို ရိုးရှင်းပါတယ်။ တကယ်တော့ ကျွန်တော်တို့လိုချင်တဲ့အရာတွေကို ပေးဖို့က မခက်ပါဘူး။ ကျွန်တော်တို့ လိုချင်တာအားလုံးက အမျိုးသမီးတစ်ယောက်ရဲ့ ပင်ကို သဘာဝမှာပါပြီး သားဖြစ်နေတော့ သူ့ရဲ့ ချစ်သူခင်ပွန်းကို အားပေးကူညီမှု၊ ချစ်ခြင်းမေတ္တာနဲ့ လိင်မှုကိစ္စတွေပေးရတာ ခဲယဉ်းမယ်လို့ ကျွန်တော်ကတော့ မထင်ပါဘူး။

ဒါကို အမျိုးသမီးတွေကတော့ ယုယကြင်နာတာ၊ အားပေးပြုစုတာလို့ အမည်တပ်ချင်တပ်ပါလိမ့်မယ်။ သင်က ယောကျ်ားတစ်ယောက်ကို အားပေးပြုစုရလောက်အောင် ချစ်တယ်ဆိုရင် သူနဲ့ချစ်ပွဲဝင်ဖို့ကိုလည်း သင်မလိုလားစရာအကြောင်း မရှိပါဘူး။ ဒီသုံးမျိုးစလုံးက သင့်ဆီမှာ အလိုလိုဖြစ်လာမှာပါ။ သင့်ရဲ့ ချစ်သူခင်ပွန်းက သင့်ဆီကလိုချင်တာလည်း ဒါတွေပါပဲ။ တစ်မျိုးစီကို ကျွန်တော် ရှင်းပြပေးပါမယ်။

## လိုအပ်ချက် ၁။ သင့်ရဲ့အားပေးထောက်ခံမှု

ကျွန်တော်တို့ ယောကျ်ားတွေလိုချင်တာက ကိုယ့်ကို အမြဲအားပေးထောက်ခံမယ့်သူမျိုးပါ။ ကျွန်တော်တို့ဟာ ကိုယ့်အိမ်ကနေ အပြင်ကို ထွက်လိုက်ပြီဆိုတာနဲ့ လောကကြီးတစ်ခုလုံးက ကျွန်တော်တို့ကို ဖြိုလှဲတိုက်ခိုက်ဖို့ အသင့်ဖြစ်နေတယ်ဆိုတာ သင်နားလည်စေချင်ပါတယ်။ လူမျိုးမရွေး ဘာသာမရွေး ယောကျ်ားတိုင်းဟာ အပြင်လောကကို ထွက်ပြီဆိုတာနဲ့ တိုက်ခိုက်ဖို့ အသင့်ပြင်ထားရတာပါ။ သူဟာ အလုပ်ထဲမှာ သူများ အရိပ်အခြည်ကိုအမြဲစောင့်ကြည့်နေရတဲ့ သူလည်းဖြစ်နိုင်တယ်။ လက်အောက်ငယ်သားက သူ့ကိုချောက်တွန်းပြီး နေရာကောင်းယူဖို့ သူ့ရဲ့မှားကွက်ကို လိုက်စောင့်ကြည့်တာ ခံနေရတဲ့သူလည်းဖြစ်နိုင်တယ်။ တစ်နေရာရာကို သွားရင်းနဲ့ တစ်စုံတစ်ယောက်က လုယက်ဖို့တိုက်ခိုက်တာလည်း ခံရနိုင်တယ်။ အလုပ်အကြောင်းကိုတွေးရင်း အမှုမဲ့ အမှတ်မဲ့ ကားမောင်းမိလို့ မတော်တဆမှုဖြစ်တာမျိုးလည်း ကြုံရနိုင်တယ်။ တစ်နည်းပြောရရင် ယောကျ်ားတစ်ယောက်ဟာ သူနဲ့ သူ့ရဲ့ ရပိုင်ခွင့် အကျိုးစီးပွားတွေကို ကာကွယ်ဖို့ အသင့်အနေအထားနဲ့ နောက်လူတစ်ယောက်ကို အမြဲမပြတ် စောင့်ကြည့်သုံးသပ်နေရတယ်ဆိုတာပါပဲ။

ဒါကြောင့် ကျွန်တော်တို့ဟာ အိမ်ကိုပြန်ရောက်ချိန်မှာ ထုတ်ထားတဲ့ ဆူးတောင်တွေကို ပြန်ရုပ်၊ ဒိုင်းလွှဲအကာအကွယ်တွေကို ပစ်ချချင်လှပါပြီ။ ကျွန်တော်တို့ လိုချင်တာက "မောလာသလား၊ ပင်ပန်းလာပြီလား၊ အပြင်မှာ အဆင်ပြေရဲ့လား၊ ဒီမိသားစုမှာ ရှင်ရှိလို့သာပဲ။ ရှင့်ကြောင့်သာ ကျွန်မတို့ အေးအေးချမ်းချမ်း၊ ပျော်ပျော်ရွှင်ရွှင်နေရတာ"ဆိုတဲ့ စကားမျိုးပါ။

ကျွန်တော်တို့ဟာ ရှင်ဘုရင်တစ်ပါးလို မြှောက်စားခံရတဲ့ ခံစားချက်မျိုးကို လိုချင်ပါတယ်။ ရှင်ဘုရင်နေသလိုတော့ မနေပါဘူး။ စိတ်ချပါ။ ကျွန်တော်တို့ကို အရေးပါအရာဝင်တဲ့လူတစ်ယောက်လို ခံစားရအောင် သင်ပိုလုပ်နိုင်လေ ကျွန်တော်တို့က အတုံ့အလှယ် များများပြန်ပေးလေဆိုတာကို ယုံကြည်လိုက်ပါ။

ကျွန်တော်ငယ်ငယ်က တနင်္ဂနွေမနက်တိုင်း ဘုရားကျောင်းသွားဖို့အတွက် အဖေက ကျွန်တော့်ကို ဆံပင်ညှပ်ပေးလေ့ရှိပါတယ်။ ဆံပင်ညှပ်ပြီးလို့ ခေါင်းကို ဆီတွေ ဘာတွေလိမ်း၊ ဝတ်စုံပြည့်ဆင်ပြီးထွက်လာရင် ဧည့်ခန်းမှာစောင့်နေတဲ့ အမေက "ကြည့်စမ်း၊ဒါဘယ်က လူရည်သန့်လေးလဲ။ ဘုရားကျောင်းသွားမယ့် ပုံစံက ကျော့မော့သပ်ရပ်နေတာပဲ" လို့ ပြောတာပါပဲ။ အမေချီးမွမ်းစကားကို ကြားလိုက်ရရင် ကျွန်တော်ကတော့ ဘုရားကျောင်းကို ခေါင်းမော့ ရင်ကော့ သွားတာပါပဲ။ အမေက ကျွန်တော့်ကို ပွဲတိုးရဲအောင် အားပေးတဲ့စကားလို့ ကျွန်တော်ကတော့ ခံယူပါတယ်။ အဖေလည်း ကျွန်တော့်လို့ ခေါင်းမော့ ရင်ကော့နိုင်တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အမေက တနင်္ဂနွေနေ့တိုင်း အဖေ့ကိုနမ်းပြီးတော့ အဖေ့ကျေးဇူးကို ချီးမွမ်းလို့ပါပဲ။

ယောကျ်ားတစ်ယောက်ဟာ သူ့ရဲ့ အမျိုးသမီးဆီက ဒါကိုကြားဖို့လိုအပ်ပါတယ်။ ကိုယ့်အမျိုးသမီးဆီက ချီးမွမ်းတဲ့စကားဟာ ကျွန်တော်တို့ယောကျ်ားတွေအတွက် သူ့ရဲ့မိသားစုဘေးမှာ ဆက်ကြိုးစားနိုင်ဖို့ ခွန်အားကိုပေးပါတယ်။ ပိုပြီး ကြိုးကြိုးစားစားလုပ်တာကစလို့ အိမ်ကိုလစာတွေ ပြန်အပ်တာ၊ စားစရာ သောက်စရာတွေဝယ်လာပေးတာ၊ ပြီးတော့ အဝတ်တွေတစ်ပုံတစ်ခေါင်း လျှော်ထားတာကို ကူခေါက်ပေးတာမျိုးအထိ အဲဒီအတွက် ဆုလာဘ်ဆိုတာမျိုးရှိနေရင် ကျွန်တော်တို့က များများပိုလုပ်ပေးဖြစ်မှာပါ။ ဒီဆုလာဘ်က သင့်ကို ပိုက်ဆံမကုန်စေပါဘူး။ နှလုံးသားကလာတဲ့ ကျေးဇူးတင်ကြောင်း၊ အသိအမှတ်ပြုကြောင်း စကားလေးတွေ ပြောပေးရုံပါပဲ။ ကျွန်တော်တို့ဟာ ယောကျ်ားတွေဖြစ်လို့ စိတ်ဓာတ်တွေ မာကြောမယ်၊ ဒီလိုနှစ်သိမ့် ချီးမွမ်းအားပေးစကားတွေကို မလိုအပ်ဘူးလို့တော့ သင်မယူဆလိုက်ပါနဲ့။ ကျွန်တော်တို့အတွက် လိုအပ်ပါတယ်။

## လိုအပ်ချက် ၂။ သင့်ရဲ့သစ္စာရှိမှု

ကျွန်တော်တို့ ယောကျ်ားတွေရဲ့အချစ်က မိန်းမတစ်ယောက်ရဲ့ အချစ်နဲ့ ဘယ်လိုမှမတူနိုင်ဘူးဆိုတာကို ကျေးဇူးပြုပြီး နားလည်စေချင်ပါတယ်။ မိန်းမတစ်ယောက်ရဲ့ အချစ်ဟာ ခံစားချက်တွေ၊ ယုယကြင်နာမှုတွေ၊ ချိုမြိန်စစ်မှန်မှုတွေ ပါဝင်နေပါတယ်။ ပြောရရင် မိန်းမတစ်ယောက်ရဲ့အချစ်က အဆောက်အအုံကြီးပါတယ်။ ၎င်းတကယ်ချစ်ပြီဆိုရင် သူ့ချစ်သူအပေါ်မှာ သစ္စာရှိပြီး တခြားတစ်ယောက်ယောက်နဲ့ သူ့ကိုယ်သူ ယှဉ်တွဲကြည့်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူ့အတွက် ချစ်သူကလွဲရင် ကျန်တဲ့သူအားလုံး ဖွဲဆန်ကွဲ ချည်းမို့ပါ။ ဒါဟာ မိန်းမတစ်ယောက်ရဲ့ အချစ်ပါပဲ။

ဒါပေမဲ့ ယောကျ်ားတွေအတွက်တော့ အချစ်ဟာ သစ္စာစောင့်သိမှုပါ။ ယောကျ်ားတွေက မိန်းမတွေရဲ့အချစ်ကို သစ္စာရှိခြင်းနဲ့ပဲ တိုင်းတာပါတယ်။ ဘယ်လိုပဲဖြစ်နေနေ ကျွန်တော်တို့ဘေးမှာ သင်ကရှိနေပေးရပါမယ်။ အလုပ်အကိုင်မရှိ၊ ဝင်ငွေမရှာနိုင်တဲ့ အချိန်မှာတောင်မှ ချစ်သူက ကိုယ့်ဘေးနားမှာရှိနေပေးတယ်ဆိုတဲ့ ခံစားချက်ကို ကျွန်တော်တို့လိုချင်ပါတယ်။ သင့်ရဲ့ မိန်းကလေး အပေါင်းအသင်းတွေကြားမှာ "ဒါ ငါ့ချစ်သူ၊ ငါသစ္စာစောင့်သိရမယ့်လူ" လို့ စိတ်ပါလက်ပါထုတ်ပြောတာမျိုးကို လိုချင်ပါတယ်။ သင်တို့ အတူရှိနေတဲ့ နေရာကို ဟောလိဝုဒ် အကျော်အမော် မင်းသားတွေဝင်လာပြီး အိတ်ကပ်ထဲက ပိုက်ဆံတွေအဆုပ်လိုက် ကြဲချချင်ရင်တောင် "ဒီလိုလူချမ်းသာတွေ၊ နာမည်ကြီးတွေလည်း မလိုချင်ပါဘူး။ ကျွန်မချစ်သူကသာ ကျွန်မအတွက်အကောင်းဆုံး" ဆိုတဲ့ စကားမျိုးကို ချစ်သူလက်ကို မြဲမြဲဆုပ်ကိုင်ပြီး လှိုက်လှိုက်လှဲလှဲပြောတာကို ကျွန်တော်တို့က ကြားချင်တာပါ။ (အပြောနဲ့တင် ကျွန်တော်တို့ ကျေနပ်နိုင်ပါတယ်)

အမျိုးသမီးတွေ လိုချင်တာက လှပဆန်းကြယ်တဲ့အချစ်မျိုးပါ။ ဒါပေမဲ့ ကျွန်တော်တို့ ယောကျ်ားတွေရဲ့ အချစ်က အချစ်တော့ အချစ်ပဲဖြစ်ပေမဲ့ သင်တို့ရဲ့အချစ်နဲ့တော့ ကွဲပြားပါတယ်။ ယောကျ်ားတစ်ယောက်ရဲ့ အချစ်က အလွန်အားပြင်းပါတယ်။ အံ့အားသင့်ဖွယ်အချစ်ပါ။ သင့်ရဲ့ သစ္စာစောင့်သိမှုက စစ်မှန်ပြီး အပြစ်ဆိုလောက်စရာမရှိဘူးဆိုရင် အဲဒီ ယောကျ်ားကသင့်အတွက် အလုံးစုံကို ကျော်လွှားရင်ဆိုင်ပါလိမ့်မယ်။ သင့်အပါးကနေ ဘယ်ကိုမှ

ခွာထွက်သွားမှာ မဟုတ်ပါဘူး။

## လိုအပ်ချက် ၃။ လိင်မှုကိစ္စ

မိန်းမတွေနဲ့အချစ်က နူးညံ့သိမ်မွေ့မှု၊ ချိုမြိန်စစ်မှန်မှုနဲ့ ဆန်းကြယ်လှပမှုတွေ ထုံမွှမ်းနေတယ်။ ယောကျ်ားတွေရဲ့ အချစ်ကတော့ ရိုးရှင်းပေမဲ့ လိင်မှုကိစ္စက မပါမဖြစ်အရေးကြီးပါတယ်။ ကျွန်တော်တို့ကိုချစ်တဲ့၊ ကျွန်တော်တို့အပေါ်မှာ သစ္စာထားတဲ့၊ အားပေးကူညီနေတဲ့ အမျိုးသမီးနဲ့ ကျွန်တော်တို့ဟာ ရုပ်ပိုင်းဆိုင်ရာအရ ထိတွေ့မှုကိုလိုအပ်တယ်။ အဲဒီအတွက် ချစ်ပွဲဝင်ရုံအပြင် တခြားနည်းမရှိပါဘူး။ စကားပြောတာ၊ထွေးပွေ့ယုယတာ၊ လက်ချင်းဆုပ်ကိုင်ထားတာ၊ ပွတ်သပ်ကျီစယ်တာလိုမျိုး စိတ်ခံစားချက်အတွက် လုပ်တဲ့အရာတွေက သင့်အတွက် အရေးကြီးတယ်ဆိုတာကိုသိလို့ ကျွန်တော်တို့က လိုက်လုပ်ပေးတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ ယောကျ်ားတွေရဲ့ဆက်သွယ်နည်းလမ်းက လိင်ဆက်ဆံခြင်းပါပဲ။ ဒါကိုတော့ နားလည်ပေးပါ။ ဒါဟာ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဖြည့်တင်းတဲ့နည်းလမ်းပါ။ လိင်မှုကိစ္စကို မလိုအပ်တဲ့ ယောကျ်ားဆိုလို့ တစ်ယောက်မှ ကျွန်တော် မတွေ့ဖူးပါဘူး။ ဘယ်ယောကျ်ားကိုမဆို မေးကြည့်ပါ။ ကျား မ ဆက်ဆံရေးမှာ လိင်မှုကိစ္စက အရေးကြီးသလားဆိုတာ။ အရေးမကြီးဘူးလို့ဖြေတဲ့လူက ညာနေတာပါ။ အဲဒီလို ယောကျ်ားမျိုး ကျွန်တော် မတွေ့ဖူးသေးပါဘူး။ သင်က တွေ့ဖူးတယ်ဆိုရင် တကယ့်ကို ထူးခြားရှားပါးတဲ့လူဖြစ်လို့ သူ့ကို ပြတိုက်မှာ ပို့ထားဖို့ ကောင်းပါတယ်။ ဒါဆို ကျန်တဲ့ ယောကျ်ားတွေကကော ကျွန်တော်တို့ဟာ လေကိုလိုအပ်သလောက်နီးနီး လိင်မှုကိစ္စကို လိုအပ်ပါတယ်။

ယောကျ်ားတစ်ယောက်ကို တစ်လလောက်ချစ်ခွင့်မပြုဘဲထားတာ သင့်အတွက် လုံလောက်ပါပြီ။ ဒီထက်ပိုသွားရင်တော့ သူက ရနိုင်မယ့်နေရာကနေ ရှာတော့မှာပါ။ သူက သင့်ကိုချစ်တယ်ဆိုရင် သင်မလိုအပ်တဲ့အချိန်တွေကို နားလည်ပေးဖို့ ကြိုးစားမှာပါ။ ဒါပေမဲ့ လိုတာထက်ပိုလာရင်တော့ သင့်ဆီကရဖို့ကို ဂရုမစိုက်တော့ဘဲ တခြားရနိုင်မယ့်နေရာကိုပဲ သူသွားတော့မှာပါ။ လူပုံအလယ်မှာ "ဒါ ငါ့အမျိုးသမီး"လို့ သင့်ကို လက်တွဲ ပွဲထုတ်

ထားပေမဲ့ နောက်ကွယ်မှာတော့ သူ့ဆန္ဒကိုဖြည့်ဆည်းပေးမယ့် မိန်းမတစ်ယောက်ကို အဆင်သင့်စောင့်စားနေမှာပါ။

အထင်တော့ မမှားလိုက်ပါနဲ့။ ကျွန်တော်တို့ဟာ တိရစ္ဆာန်တွေ မဟုတ်ပါဘူး။ ဒါပေမဲ့ မိသားစုတစ်ခုမှာ အိမ်ထောင်ဦးစီး၊ ပဲ့ကိုင်ရှင် ခင်ပွန်းယောကျ်ားတစ်ယောက်ရဲ့ အခန်းကဏ္ဍပျောက်ဆုံးပြီဆိုရင် ဒါက ပြဿနာဖြစ်လာတော့မှာပါ။

အခု ကျွန်တော့်အသက် ငါးဆယ်ရှိပါပြီ။ ဒီကိစ္စမှာတော့ ကျွန်တော့်ကိုလည်း ပိုတွက်မထားပါနဲ့၊ ကျွန်တော့် အသက်အရွယ်မှာ လူငယ်တွေထက် အချိန်ပိုကြာကြာ ကျွန်တော် စောင့်စည်းထိန်းသိမ်းနိုင်ပါတယ်။ အလုပ်များရတာကြောင့်လည်း ပါပါတယ်။ ကျွန်တော့်မှာ စီမံခန့်ခွဲရမယ့် ကုမ္ပဏီ၊ နေ့စဉ်နဲ့အမျှ အပြေးအလွှား လုပ်ရကိုင်ရမယ့် လုပ်ငန်းအစီအစဉ်တွေနဲ့ ပြည့်နေပါတယ်။ ဒီအသက် ဒီအရွယ်မှာ ကျွန်တော်စိတ်ပိုင်းဆိုင်ရာအရ ဖိစီးမှုဒဏ်တွေကို မခံနိုင်တော့ပါဘူး။ ရှောင်လွှဲလို့ မရနိုင်တဲ့ သေခြင်းတရားကလည်း လက်တစ်ကမ်းစာသာသာကို ရောက်နေပါပြီ။ အချိန်မရွေးဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ကိုမပြန်ရ၊ ကျွန်တော့် ဖိစီးမှုတွေကို မဖြေလျှော့ရဘူးဆိုရင် ပြဿနာကရှိလာမှာပါ။ အိမ်ကိုပြန်ရောက်လို့မှ ကျွန်တော့်ဇနီးသည်က ကျွန်တော်နဲ့ ချစ်ပွဲဝင်ဖို့အကြောင်းပြချက်တွေ ပေးနေဦးမယ်ဆိုရင် တစ်ခုခုတော့ အပြောင်းအလဲဖြစ်ပေါ်တော့မှာပါ။

အိမ်မှာ ကျန်ခဲ့ရတဲ့ အမျိုးသမီးတွေဘက်ကို ကြည့်ရင်လည်း အခြေအနေတွေက အပြင်မှာ အလုပ်ထွက်လုပ်နေရတဲ့ ကျွန်တော်တို့နဲ့သိပ်မကွာပါဘူး။ နေမကောင်းဖြစ်နေတဲ့ ကလေးသူငယ်ကို တစ်ပတ်လုံးလုံး မအိပ်ဘဲ ပြုစုနေရတာ၊ အလုပ်သွားဖို့ တိုးတိုးကြိတ်ကြိတ် ရထားမစီးခင်ကလေးတွေ ကျောင်းကားမီအောင် စောစောထရတာ၊ မတင်းတိမ်တဲ့ နေ့လယ်စာကို အချိန်ဆယ့်ငါးမိနစ်လောက်နဲ့ ကပျာကယာ စားပြီး ရှစ်နာရီလုံးလုံး အလုပ်ရှင်တို့ လုပ်ဖော်ကိုင်ဖော်တို့နဲ့ တိုက်ပွဲဝင်ရတာ။ ပြီးတော့ ရုံးဆင်းချိန် ကားကျပ်ကျပ်မှာ အိမ်ကိုရောက်အောင် အပြေးအလွှားပြန်လာပြီး ဒုတိယအလုပ်ဖြစ်တဲ့ ကလေးတွေကို ကျွေးမွေးစောင့်ရှောက်ရတာတွေနဲ့ နားရတဲ့အချိန်ကို မရှိပါဘူး။ ဒီကြားထဲမှာ ညစာချက်ရတာတို့၊ အိမ်စာတွေကို စစ်ပေးတာတို့၊

အဝတ်တွေပြေးလျှော်ရတာတို့ရှိသေးတယ်။ နောက်ဆုံး ယောကျ်ားနဲ့အတူတူ အိပ်ရာဝင်ချိန်ရောက်တော့ ကျွန်တော့် သူငယ်ချင်းမတစ်ယောက် ပြောသလို ပြောရမယ်ဆိုရင် "ပခုံးပုတ်တာလေ" "မောမောပန်းပန်းနဲ့ အိပ်ရာပေါ်ကို ခြေပစ်လက်ပစ်လှဲချပြီး ကိုယ့်အကြိုက်ဆုံး တီဗွီအစီအစဉ်ကို ကိုယ့်ဘာသာ ကိုယ် အေးအေးဆေးဆေးကြည့်တော့မယ်ဆိုကာမှ ပခုံးလာပုတ်ပြီး တောင်း ဆိုတယ်လေ။ ဘယ်လောက်ဒေါသထွက်စရာကောင်းသလဲလို့"

ဒါပေမဲ့ ကျွန်တော့်သူငယ်ချင်းမ မသိသေးတာက သူ့ခင်ပွန်းလည်း ဒီလိုပခုံးပုတ်ရတဲ့ကိစ္စကို ငြီးငွေ့စိတ်ကုန်နေတာပါပဲ။သူ့ဘက်က ကြည့်ရင် သူလည်း တစ်နေကုန် သူမလို ပင်ပင်ပန်းပန်း အလုပ်လုပ်ရတယ်။ သူမလို အိမ်မှုကိစ္စ ဗာဟီရတွေ မများပေမဲ့ သူလည်းအိမ်ပြန်ရောက်တဲ့အချိန်မှာ တစ်ဖက်တစ်လမ်း လုပ်စရာတွေကို လုပ်ပေးထားတယ်။ သူလည်း သူမလို ပင်ပန်းတာပဲ။ အနားယူချင်တာပဲ။ သူမက တီဗွီကြည့်ချင်တယ်။ သူကတော့ ချစ်ခန်းဖွင့်ချင်တယ်။ ချစ်ခန်းဖွင့်ဖို့ကို သူမက အမြဲပင်ပန်းနေတယ်။ စိတ်ကုန် နေတယ်။ သူကတော့ ချစ်ခန်းမဖွင့်ရတာကို ပင်ပန်းစိတ်ကုန်လှပြီ။ ဒီတော့ သူမက အကြိုက်ဆုံး တီဗွီအစီအစဉ်တွေနဲ့ အပန်းဖြေနေချိန်မှာ သူကတော့ အိမ်အပြင်ထွက်ပြီး တခြားမိန်းမတစ်ယောက်နဲ့ အပန်းသွားဖြေနေတော့တယ်။

သူလုပ်တာမှန်တယ်လို့ ကျွန်တော် မပြောပါဘူး။ ဒါပေမဲ့ ယောကျ်ား တစ်ယောက်အနေနဲ့ နောက်ဆုံးမှာ သူဒီလိုလုပ်လိုက်ရတဲ့ အကြောင်းရင်းရဲ့ ယုတ္တိကို ကျွန်တော် နားလည်ပေးနိုင်ပါတယ်။ သူ့ရဲ့ ဖောက်ပြန်ရပ်ဆိုးမှု တွေအားလုံး မစတင်ခင်မှာ သူတို့အိပ်ခန်းထဲကို ကျွန်တော်ရောက်ဖူးခဲ့မယ် ဆိုရင်တော့ အလွန်အမြော်အမြင်ရှိတဲ့ အကြံတစ်ခုကိုပေးဖြစ်ခဲ့မှာပါ။ အဲဒီ အကြံကတော့ သင်ချစ်တဲ့သူကိုအသိအမှတ်ပြုပေးပါ။ ဆိုလိုတာက ယောကျ်ားတစ်ယောက်က သူ့ရဲ့အမျိုးသမီးဟာ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရပြီး ညနေခင်းမှာလည်း အိမ်ရဲ့ဗာဟီရအလုပ်တွေ လုပ်ကိုင် စရာကျန်သေးတာကိုတွေ့ရင် သူလည်းတစ်ဖက်တစ်လမ်းက အားဖြည့် ကူညီဖို့လိုပါတယ်။ သူမက ချက်ပြုတ်ရင် သူက ပန်းကန်တွေဆေးကြော ပေးရပါမယ်။ သူမက မနက်ဖြန်အတွက် ကလေးတွေရဲ့အဝတ်အစားတွေကို အဆင်သင့်လုပ်ပေးထားရင် သူက မနက်ဖြန်အတွက် သူတို့ရဲ့အိမ်စာတွေကို

အဆင်သင့်ဖြစ်အောင်လုပ်ပေးရပါမယ်။ သူမက ကလေးတွေ အိပ်ရာဝင်ဖို့ လုပ်ပေးနေချိန်မှာ သူက သူမရေချိုးဖို့ ရေဖွင့်ပေးထားတာပဲဖြစ်ဖြစ်၊ ဖယောင်းတိုင် မီးမှိန်မှိန်ထွန်းပြီး သူမသောက်ဖို့ ဝိုင်တစ်ဖန်ခွက်လောက်ပဲဖြစ်ဖြစ် သူချစ်တဲ့ အမျိုးသမီးနဲ့ ချစ်ပွဲဝင်တာဟာ စိတ်ဆန္ဒကို ဖြေလျှော့ရုံသက်သက် မဟုတ်ဘဲ ချစ်ခြင်းကိုဖော်ပြတဲ့ အပြုအမူဆိုတာ သူမ နားလည်သွားစေဖို့ တတ်နိုင်သမျှ ကြိုးစားပြင်ဆင်ထားရပါမယ်။ ဒါမှသာ သူမဘက်ကလည်း မလိုလားတဲ့ပုံစံမျိုးနဲ့မဟုတ်ဘဲ မက်မောတမ်းတခံရတဲ့ ခံစားချက်ကို ကောင်းကောင်းသိပြီးတော့ တုံ့ပြန်ချင်တဲ့ ဆန္ဒမျိုးပိုဝင်လာမှာပါ။

တစ်ခုတော့ရှိပါတယ်။ ဘယ်ယောကျ်ားမှ သူ့ဇနီးနဲ့ ချစ်ပွဲဝင်ရဖို့ ညတိုင်း ဝိုင်ငှဲ့ပေးတာ၊ ပန်းကန်ဆေးပေးတာတွေ လုပ်နိုင်မှာ မဟုတ်ဘူးဆိုတာကိုတော့ နားလည်စေချင်ပါတယ်။ ဒါက မလျော်ကန်ပါဘူး။ တစ်ခါတလေတော့ ဒီအတိုင်း သင်နဲ့ ချစ်ရုံ ချစ်လိုက်ချင်တဲ့ဆန္ဒမျိုး သူ့မှာရှိနိုင်ပါတယ်။ သူ့ကို သင့်ရဲ့ပြုဖွယ်ဆောင်တာစာရင်းမှာ ထည့်သွင်းထားတယ်ဆိုတဲ့၊ သူက အတင်းတိုက်တွန်းလို့ဖြစ်ရတဲ့ အခြေအနေမျိုး မဟုတ်ဘဲနဲ့ပေါ့။ ယောကျ်ားတိုင်း ဒါကို သူ့ရဲ့အမျိုးသမီးဆီက လိုအပ်ပါတယ်။ ကျွန်တော်တို့ အပါအဝင်တစ်ယောက်မကျန်ပေါ့။

အနှစ်ချုပ်ရရင် သင်တို့ဆီက အားပေးထောက်ခံမှု၊သစ္စာစောင့်သိမှုနဲ့ လိင်မှုကိစ္စတွေကို ကျွန်တော်တို့ရရှိမှ ဖြစ်မှာပါ။ ဒီလိုမှမဟုတ်ရင် ကျွန်တော်တို့ကို ဆွဲခေါ်ထားဖို့ မလွယ်နိုင်ပါဘူး။ ကျွန်တော်တို့အတွက် ဝယ်ခြမ်းပေးတာ၊ ညစဉ် ညစာချက်ကျွေးတာ၊ အကြိုက်ဆုံး အစားအစာတွေကို ရေခဲသေတ္တာထဲမှာ ထည့်ထားပေးတာတို့ကို သင့်ရဲ့အလေးဂရုပြုမှုကို ပေါ်လွင်အောင်ပြသတဲ့အနေနဲ့ လုပ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ပင်ပန်းကြမ်းတမ်းတဲ့ တစ်နေ့တာအဆုံးမှာ ကျွန်တော်တို့ သင့်ဆီက လိုအပ်တာက ဒီအချက်သုံးချက်ပါပဲ။ ကျွန်တော်တို့ အိမ်ပြန်လာတဲ့အချိန်မှာ သင်ဒါတွေကို ပေးလိုက်နိုင်ရင် ကျွန်တော်တို့ပြန်ထွက်သွားတဲ့အချိန်မှာ သင့်အတွက် လောကကြီးနဲ့ တိုက်ပွဲကိုလည်း ရင်ဆိုင်နိုင်ပါတယ်။ ယောကျ်ားတစ်ယောက်အတွက် သူ့ရဲ့အမျိုးသမီးက ဒီအချက်သုံးချက်ကို မလုပ်ဆောင်နိုင်တော့တဲ့နေ့မှာ လုပ်ပေးနိုင်တဲ့သူဆီကို သူသွားမှာပဲဆိုတာ ကျွန်တော် ပြောရဲပါတယ်။ ဒါတွေမရှိဘဲနဲ့

ကျွန်တော်တို့ ယောကျ်ားတွေ မရှင်သန်နိုင်ပါဘူး။

ကျွန်တော်ပြောနေတာတွေကို သင်သဘောကျချင်မှ ကျပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် အခုပြောခဲ့တဲ့ စကားတွေ မှန်၊ မမှန် ဘယ်ယောကျ်ားကို မဆိုမေးကြည့်လို့ရပါတယ်။ အဲဒီလူက သင့်ကို မှန်ပါတယ်လို့ ရိုးရိုးလေး အဖြေပြန်ပေးပါလိမ့်မယ်။ အားပေးထောက်ခံမှု၊ သစ္စာစောင့်သိမှုနဲ့ လိင်မှုကိစ္စ ဒီသုံးမျိုးကို သင်က ဖြည့်ဆည်းပေးနိုင်ရင် သင့်လက်ထဲမှာ သင့်အလိုကျ လိုအပ်သမျှကို စွမ်းဆောင်ပေးမယ့် ယောကျ်ားတစ်ယောက် ရှိလာမှာပါ။ ဒါအမှန်တရားပဲဖြစ်ပါတယ်။

■

# ၄

# ယောကျ်ားတွေကို ရှောင်ပုန်းအောင်လုပ်တဲ့ စကား

"တို့တွေ စကားပြောဖို့တော့ လိုနေပြီ" ယောကျ်ားတစ်ယောက်အတွက် ဖော်ပြပါစကားလိုမျိုး စကားလုံး အနည်းငယ်က ခြိမ်းခြောက်မှုဆန်လှပါတယ်။ အထူးသဖြင့် သူတို့ကိုပြောတဲ့သူက မိန်းမတစ်ယောက်ဆိုရင်ပေါ့။ ဒီစကားက ကျွန်တော်တို့ ယောကျ်ားတွေအတွက်တော့ အဓိပ္ပာယ်နှစ်မျိုးရပါတယ်။ ကျွန်တော်တို့ အမှားတစ်ခုခုလုပ်ထားတာဖြစ်ချင်ဖြစ်၊ အဲဒီလိုမဟုတ်ရင် ပိုဆိုးတယ်လို့ဆိုရမှာက သင်မဖြစ်မနေ စကားပြောချင်နေတာပါပဲ။ ကျွန်တော်တို့ ယောကျ်ားတွေက ပြီးပြည့်စုံတဲ့လူတွေမဟုတ်ဘူး။ သင်က ကျွန်တော်တို့ကို စိတ်ဆိုးပြီး စိတ်ဆိုးရတဲ့အကြောင်းကို ကျွန်တော်တို့ကို ပြောပြချင်တဲ့အချိန်တွေရှိမယ်ဆိုတာကို နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အဆင်မပြေဖြစ်ကြတဲ့အကြောင်းကို တစ်နာရီလောက်ဒေါနဲ့မောနဲ့ လက်ချာရိုက်နေတာမျိုးကိုတော့ ငြိမ်ငြိမ်လေးထိုင်နားထောင်မနေချင်ပါဘူး။ ဒါတင်မကသေးပါဘူး။ သင့်ရဲ့ မိန်းကလေးသူငယ်ချင်းတွေလိုမျိုး သင်နဲ့အတူထိုင်ပြီး အကြောင်းအရာစုံ တွတ်ထိုးနေဖို့ကိုတော့ ဘယ်ယောကျ်ားလေးမှ မလုပ်ချင်ပါဘူး။ ဒါယောကျ်ားတွေရဲ့ ဗီဇပါ။

ဒါက သင့်ကိုစိတ်ပျက်စေမယ်ဆိုတာ သိပါတယ်။ တစ်ခါတလေမှာ သင်က စိတ်ထဲရှိတာတွေကို ပြောပြချင်တယ်။ အဲဒီအတွက် နားထောင်

ပေးမယ့်သူ၊ စကားပြောဖော်လိုတယ်ဆိုတာကို နားလည်ပါတယ်။ ဒီနေရာမှာ သင့်ရဲ့ မိန်းကလေးသူငယ်ချင်းတွေကို အားကိုးလိုက်ပါ။ သင့်ရဲ့ ပြဿနာကို ရင်ဖွင့်ပြလိုက်တဲ့အချိန်မှာ သူတို့က သင့်ကို စာနာ နားလည်စကားပြောပေးပါလိမ့်မယ်။ "ဟုတ်တာပေါ့"၊ "နင်ပြောတာမှန်တယ်" စသဖြင့် ထောက်ခံစကားတွေကို ကြားရနိုင်သလို သူတို့ကြုံတွေ့ဖူးတဲ့ အလားတူ အတွေ့အကြုံတွေအကြောင်းကိုလည်း သင့်ကို ပြောပြကြပါလိမ့်မယ်။ ပြီးတော့ သူတို့ ပတ်ဝန်းကျင်က ကြားဖူးသလောက် တခြားမိန်းမတွေမှာ ဖြစ်ပျက်ခဲ့တဲ့ ဆင်တူအတွေ့အကြုံတွေကိုလည်း သူတို့ဆီက တစ်ဆင့် သင်ကြားနိုင်ပါတယ်။ ဒီလိုပြောလိုက်ဆိုလိုက်ရလို့ အဖြေတစ်ခုခုတော့ ထွက်ချင်မှ ထွက်လာပါလိမ့်မယ်။ ဒါပေမဲ့ ခံစားချက်တွေ သက်သာသွားမှာကတော့ အမှန်ပါပဲ။ နမူနာ A ကို ကြည့်လိုက်ပါ။

သင် ။ ဒီနေ့ရုံးရောက်တော့မယ်၊ ထိုင်ခုံမှာတောင် မထိုင်ရသေးဘူး။ သန္တာဆိုတဲ့ မိန်းမက ကော်ဖီယူဖို့ ထသွားတာလေ။ ငါ့မှာရှိတဲ့ အင်္ကျီနဲ့ တစ်ပုံစံတည်းကို ဝတ်လာတယ် သိလား။

သင်၏မိန်းကလေးသူငယ်ချင်း။ နေပါဦးဟယ် ..... ဘယ်အင်္ကျီကို ပြောနေတာလဲ။

သင် ။ ဟိုအပြာလေး ဟာလေ၊ လိမ္မော်ရောင်ပန်းပွင့်လေးတွေနဲ့ မြို့ထဲက စတိုးဆိုင်ဝယ်လာတဲ့ အင်္ကျီဟာ ... မှတ်မိလား

သင်၏မိန်းကလေးသူငယ်ချင်း။ အော် .... ဟိုနောက်တန်းက ၂၉.၉၉ ဒေါ်လာတန်ထဲက မ လာတဲ့တစ်ထည်မဟုတ်လား၊ လမ်းအဆုံးက ဆိုင်လေ။ အဲဒီနေ့က ငါလည်း ဖိနပ်တစ်ရန် အဲဒီမှာပဲ ဝယ်တာလေ။

သင်။ ။ ဟုတ်တယ်၊အစစ်ပဲ။ ငါက အဲဒီအင်္ကျီကို ကျန်ခဲ့တဲ့ နှစ်ပတ်လောက်က အလုပ်ထဲဝတ်သွားသေးတယ်။ သူကတောင်မှ လှတယ်လို့ ပြောသေးတယ်။ ပြီးလည်းပြီးရော တစ်ပုံစံတည်းကို

သွားဝယ်ပြီး အလုပ်ထဲမှာ ဝတ်ချလာတယ်
လေ။ အံ့ရော .... ငါဖြင့် စိတ်ထဲမှာ နင်တင်
တင်နဲ့။

သင်၏မိန်းကလေးသူငယ်ချင်း။ ဟယ်အဟုတ် ...၊ စိတ်ပျက်စရာ ဒီမိန်းမက
တစ်ခုခု ....။

သေချာတာတစ်ခုက ဒီစကားဝိုင်းဟာ သူ့ရဲ့အစပြဿနာနဲ့ ဘယ်လိုမှ မသက်ဆိုင်တော့တဲ့ သောင်းပြောင်းထွေလာ အကြောင်းအရာစုံဆီကိုရောက်သွားပြီး နာရီနဲ့ချီကြာသွားနိုင်တယ်ဆိုတာပါပဲ။

ဒါပေမဲ့ ယောကျ်ားတစ်ယောက်နဲ့ဆိုရင်တော့ ဒီအကြောင်းအရာကိုပဲ ဆယ်စက္ကန့်နဲ့ ပြီးပြတ်အောင် သင့်ကို အပြတ်ဖြတ်ပေးပါလိမ့်မယ်။ နမူနာ B ကိုကြည့်ပါ။

သင် ။ ဒီနေ့ ရုံးရောက်တော့လေ ထိုင်ခုံမှာတောင် မထိုင်ရသေးဘူး။ ရုံးက သန္တာဆိုတဲ့ အမျိုးသမီးက ကော်ဖီယူဖို့ ထသွားတာလေ။ တို့ဆီမှာရှိတဲ့ အင်္ကျီနဲ့တစ်ပုံစံတည်းကို ဝတ်လာတယ်။ သိလား .....။

သင့်ချစ်သူ။ ဟုတ်လား ....၊ ဒါဆို အဲဒီအင်္ကျီကို နောက်မဝတ်နဲ့ပေါ့။

ဒီနေရာတင်ပြီးသွားပါတယ်။ ကျွန်တော်တို့အတွက်က အဲဒီလောက်ရိုးရှင်းပါတယ်။ ဒီကိစ္စ၊ ဒီဥပမာ တစ်မျိုးတည်းမှ မဟုတ်ပါဘူး။ တခြားကိစ္စတော်တော်များများမှာလည်း ဒီထက်ပိုပြီးတော့ ကျွန်တော်တို့ သင့်ကို မီးထိုးပေးနိုင်မှာ မဟုတ်ပါဘူး။ ရုံးခန်းတစ်ခန်းတည်းမှာ တခြားမိန်းမတစ်ယောက်က သင်နဲ့ဆင်တူအင်္ကျီဝတ်လာလို့ သင်ဘယ်လိုဖြစ်တယ်၊ ဘယ်ညာဖြစ်တယ်ဆိုတာက ကျွန်တော်တို့နဲ့တော့ မဆီလျော်တဲ့ ကိစ္စပါပဲ။ ကျွန်တော်တို့ စဉ်းစားမိသလောက် သင်အိမ်ပြန်ရောက်ပြီးမှတော့ ပြဿနာက ပြီးသွားပြီပေါ့။ အင်္ကျီဆင်တူနဲ့ မိန်းမကို သင်ကြည့်မနေရတော့ဘူး။ ရုံးကို အဲဒီ

အကျီနောက်တစ်ခါ ဝတ်မသွားရင်တော့ရင် သင်လည်း ဒါမျိုး နောက်တစ်ခါ ကြုံရတော့မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ စိတ်ထဲမှာ ပြဿနာက ဖြေရှင်းပြီးသွားပြီ။ ဆက်ပြီး စကားပြောစရာအကြောင်းမရှိတော့ပါဘူး။

ပြောချင်တာက ကျွန်တော်တို့ယောကျ်ားတွေအတွက် စကားပြောတာထက် ရှင်းစရာရှိတာကို ရှင်းပြီးသွားဖို့က ပိုအရေးကြီးပါတယ်။

ကျွန်တော်တို့ဟာ အမိဝမ်းတွင်းက ထွက်လာပြီဆိုကတည်းက အကာအကွယ်ပေးဖို့၊ ဝန်ခံဖို့ အထောက်အပံ့ပေးဖို့ သင်ကြားခံခဲ့ရပါတယ်။ ပြုစုယုယတာတို့၊ ပြဿနာတွေကို နားထောင်ပေးတာတို့ ကိစ္စတစ်ခုကို ဖြေရှင်းဖို့ စိတ်ကူးမရှိဘဲ နားလည်ဖို့ ကြိုးစားရတာတို့ဆိုတာက ယောကျ်ားလေးတွေကို ပျိုးထောင်ပေးတဲ့ အထဲမှာ မပါပါဘူး။ လွယ်လွယ်မငိုဖို့၊ နေရာတကာမှာ ခံစားချက်တွေကို ထုတ်မပြောဖို့ ယောကျ်ားပီသမှုကလွဲလို့ ကျန်တဲ့အမူအရာနဲ့ ကိုယ့်ကိုယ်ကိုယ် မဖော်ပြဖို့ ယောကျ်ားလေးတွေကို ကွပ်ညှပ်ခဲ့တာပါ။ ကောင်ကလေးတစ်ယောက် စက်ဘီးမှောက်ပြီး ဒူးပြဲသွားတယ်ဆိုပါစို့။ လူတိုင်းက ငိုမဲ့မဲ့ဖြစ်နေတဲ့ သူ့ကို ကပျာကယာ ဖုတ်ဖက်ခါ ထခိုင်းပြီး "ယောကျ်ားကွ ... ဘာမှမဖြစ်ဘူး"ဆိုတဲ့ စကားမျိုး ဘယ်လောက်တောင် မြန်မြန်ပြောဖြစ်ကြသလဲဆိုတာသာ ကြည့်ပါ။ သူမြေကြီးပေါ်ကျတဲ့အချိန် ဘယ်လိုခံစားရသလဲဆိုတာ ဘယ်သူမှ တခုတ်တရ မဆွေးနွေးပါဘူး။ နောက်တစ်ခါထပ်ပြီး စက်ဘီးစီးဖို့ သူအရမ်းကြောက်များနေသလားလို့ ဘယ်သူမှ မမေးပါဘူး။ ကျွန်တော်တို့ အလိုအလျောက် တုံ့ပြန်တာက စက်ဘီးမှောက်တဲ့ကိစ္စကို သူမေ့သွားပြီး နောက်တစ်ခါ စက်ဘီးပေါ်တက်၊ မမှောက်အောင် ဘယ်လိုစီးရမလဲဆိုတာကို ပြောပြတာပါပဲ။

ဒီလိုမျိုးကြီးပြင်းလာခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို ငြိမ်ငြိမ်လေး ထိုင်နားထောင်ပေးဖို့တို့၊ ပြုစုယုယမှုတွေပေးဖို့တို့ သင်က မျှော်လင့်ချင်နေတာလား။ အင်း .... မျှော်လင့်ချက်တွေ လွဲနေပါတယ်။ မိန်းမတွေမှာက သူတို့ခေါင်းထဲမှာ စိတ်ခံစားချက်တွေ အမျိုးမျိုး၊ စိတ်ကူးစိတ်သန်းတွေ အမျိုးမျိုးရှိနေတတ်ပါတယ်။ သင်တို့အားလုံးက ကျွန်တော်တို့ကို သင်တို့နဲ့ တစ်ထပ်တည်းကျဖို့ မျှော်လင့်ကြတယ်။ မျှော်လင့်သလိုဖြစ်မလာရင် အဲဒါက ပြဿနာပဲ။ သင်က သင့်ရဲ့မိန်းကလေး သူငယ်ချင်းတွေကို "သူက ငါနဲ့

စကားပြောမှာ မဟုတ်ဘူး"၊ "သူ့ကို ပွင့်ပွင့်လင်းလင်းစကားပြောခိုင်းလို့ မရဘူး" ဆိုတာမျိုးတွေပြောပါတော့တယ်။ ဒါပေမဲ့ စိတ်ထဲရှိသမျှ ဖွင့်ဟတာ ကျွန်တော်တို့ အလုပ်မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ချစ်ခြင်းကို ရှေ့က ပြောခဲ့တဲ့ အချက်သုံးချက်နဲ့ပဲ အဓိကဖော်ပြပါတယ်။ ဒီမှာ ဖြေရှင်းခြင်းက "အထောက်အပံ့"ဆိုတဲ့ အချက်မှာ လုံးဝ အကျုံးဝင်ပါတယ်။ 'အထောက်အပံ့'ဟာ ငွေကြေးကိစ္စတစ်ခုတည်းမဟုတ်ပါဘူး။ မှားနေတာကို အမှန်ပြင်တာ၊ ဘာက အားလုံးကို ပျော်ရွှင်စေနိုင်သလဲဆိုတာကို နားလည်အောင်လုပ်တာတွေလည်း ပါပါတယ်။ အိမ်ရှင်မ ပျော်ရွှင်နေရင် ကျွန်တော်တို့အားလုံးလည်း ပျော်ရွှင်ရမယ်ဆိုတာ အသိတရားရှိတဲ့ ယောကျ်ားတိုင်း သိထားတဲ့ အတွက်ကြောင့်ပါပဲ။ သင်ပျော်ရွှင်နေမှတော့ ကျွန်တော်တို့အတွက် အတို့အလှယ်ကောင်းကောင်းကို ရပြီပေါ့။ ဒါကြောင့် ကျွန်တော်တို့က အထောက်အပံ့ပေးတာ၊ ဖြေရှင်းတာတွေလုပ်တာပါ။

သင့်ရဲ့ အမျိုးသားဆီကို ဖြေရှင်းပေးလို့ရတဲ့ အခြေအနေတစ်ခုနဲ့ သင်ရောက်သွားပြီး သူက ဖြေရှင်းပေးဖို့ မကြိုးစားဘူးဆိုရင် သူက သင့်လူ၊ သင့်ကို ချစ်နေတဲ့လူမဟုတ်ဘူးလို့ ကျွန်တော် ပြောလိုက်ပါမယ်။ သင်ကိုယ်တိုင် စမ်းသပ်ကြည့်လိုက်ပါ။ သင်က "ဒီမီးဖိုချောင်နဲ့ ကျွန်မလုံးဝ အဆင်မပြေဘူး။ နံရံအရောင်ကလည်း မှုန်မှိုင်းမှိုင်း၊ ဗီရိုတွေကလည်း အစီအစဉ်အထားအသိုမကျ၊ မီးဖိုတင်တဲ့နေရာကလည်း အဆင်မပြေဘူး၊ ဟင်းချက်ရတာကို ဘယ်လိုမှ စိတ်ပါလက်ပါ ချက်လို့မရတော့ဘူး"လို့ သူ့ကိုပြောကြည့်ပါ။ သူက သင့်ဆန္ဒကို ဦးစားပေးချင်တဲ့သူဆိုရင် "ဘယ်လိုအရောင်မျိုးပြောင်းသုတ်ချင်တာလဲ အချစ်ရယ်" လို့ သင့်ကိုမေးပြီး သင့်စိတ်တိုင်းကျအရောင်ကို ပြောင်းပြီးဆေးသုတ်ပေးတာတို့၊ သူ့မှာ အစအဆုံး အသစ်ပြင်ဆင်ဖို့ ငွေကြေးအလုံအလောက်မရှိရင်တောင် ကုန်မာဆိုင်မှာ ပစ္စည်းသွားဝယ်ပြီး ဗီရိုတွေ၊ မီးဖိုတွေအတွက် သူတတ်စွမ်းသမျှ တပ်ဆင်လုပ်ကိုင်ပေးတာတို့ကို ဆောင်ရွက်ပေးမှာပါ။ သင့်ကိုတကယ်ချစ်မြတ်နိုးတဲ့ ယောကျ်ားဟာ ဒါတွေကို သင့်အတွက် လုပ်ကိုလုပ်ပေးချင်တာပါ။ သင်ဟာ သူပြင်ဆင်ပေးထားတဲ့ မီးဖိုချောင်အသစ်ထဲမှာ သူ့အတွက်နေရာကို ထမင်းစားပွဲဝိုင်းထိပ်တည့်တည့်မှာထားပြီး အပြုံးတဝေဝေနဲ့ သူ့ကို စားကောင်း

သောက်ဖွယ်တွေ တည်ခင်းကျွေးမွေးနေတဲ့ သင့်ကို သူ့စိတ်ထဲမှာ ထင်ယောင်ကြည့်နိုင်တဲ့အတွက်ကြောင့်ပါ။ (အထင်တော့ မမှားလိုက်ပါနဲ့။ သင့်ကိုလည်း ကျွန်တော်တို့က ပျော်စေချင်သလို အတုံ့အလှည့်ဆိုတာကိုလည်း ကျွန်တော်တို့က မျှော်လင့်မိတာပေါ့ဗျာ)

ဒီတော့ ယောကျ်ားတွေက ကျွန်မတို့မိန်းမတွေ ပြောချင်တဲ့စကားတွေကို အချိန်နည်းနည်းလေးတောင်ပေးပြီး နားမထောင်ချင်ကြဘူးလားလို့ သင်က မေးစရာရှိပါတယ်။ မဟုတ်ပါဘူး။ တစ်ခါတလေတော့ သင်ပြောတာကိုလည်း နားထောင်၊ သင့်ကိုလည်းထုတ်ပြောမှဖြစ်မယ့် ကျွန်တော်တို့ ခေါင်းထဲက အကြောင်းအရာတွေရှိပါတယ်။ သင့်ခံစားချက်တွေကို ကျွန်တော်တို့က တစ်ပြန်တစ်လှည့် အချိန်ပေးပြီး နားထောင်ပေးဖို့လိုအပ်တယ်၊ ရှောင်လွှဲလို့မရဘူးဆိုတာကိုလည်း သဘောပေါက်ပါတယ်။ ဒါပေမဲ့ ဒီလို စကားပြောဆိုဖြစ်တဲ့ အချိန်မျိုးက တစ်ခုနဲ့တစ်ခုကြား ကျဲပါးနေတာမျိုး ရှိရင်တော့ မအံ့သြလိုက်ပါနဲ့။ အသေးစိတ်ဆန်တဲ့စကားမျိုးတွေကို သင့်ရဲ့ မိန်းကလေးသူငယ်ချင်းတွေနဲ့ပြောလို့ရပါတယ်။ ယောကျ်ားတွေက ပြဿနာရင်းမြစ်ကိုပဲ နားထောင်ချင်ပြီး ဖြေရှင်းစရာရှိတာ ဖြေရှင်း၊ ပြင်စရာရှိတာကို ပြင်လိုက်ချင်တာပါ။

အဓိကကတော့ ဟန်ချက်ညီညီနေထိုင်ခြင်းပါပဲ။ နှစ်ဦးသား ပျော်ရွှင်ဖို့ တစ်ယောက်အလိုကို တစ်ယောက်က ကောင်းကောင်းသိနားလည်ပြီး တစ်ယောက်နဲ့တစ်ယောက် ခိုင်ကျည်တဲ့ ဆက်ဆံရေးရှိနေတယ်ဆိုတဲ့ ခံစားချက်ကို နှစ်ဦးစလုံးခံစားရဖို့ အဲဒီအလိုကို တတ်နိုင်သမျှ ဖြည့်စွမ်းပေးဖို့ပါပဲ။

"ကျွန်မတို့ စကားပြောဖို့ လိုနေပြီ"ဆိုတဲ့ စကားဟာ ကျွန်တော်တို့အတွက် ခြိမ်းခြောက်မှုဆန်လှပါတယ်။ ဒီစကားကို ကြားလိုက်တာနဲ့ ကျွန်တော်တို့ဟာ အလိုလို သတိအနေအထားကို ရောက်သွားပြီး လွန်ခဲ့တဲ့ ရက်တွေက ကျွန်တော်တို့ ဘာအမှားလုပ်ထားလဲ၊ ဘယ်အချိန်ကလုပ်မိတာလဲ၊ ကျွန်တော်တို့ အခက်မကြုံရအောင် ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ ဆိုတာတွေရဲ့ အတွေးတွေချာချာလည်ကုန်ပါတယ်။

ဒါကြောင့် သင့်အမျိုးသားကို သင်စကားပြောချင်ပြီဆိုရင် "ယောကျ်ား

ရေ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ကျွန်မပြောချင်တာလေးရှိလို့" ဆိုတဲ့ အစပျိုးစကားမျိုးက ကျွန်တော်တို့ကို နေသာထိုင်သာ ရှိသွားအောင်၊ တရားခံမဟုတ်ဘဲ သက်သေနေရာမှာ ရဲရဲ ရပ်ရဲအောင် ဇကန်အမှန်လုပ်ပေးနိုင်မယ့် အကြံကောင်းတစ်ခုပါလို့ ကျွန်တော်တိုက်တွန်း လိုက်ချင်ပါတယ်။

■

# အပိုင်း ၂

## ယောက်ျားတွေရဲ့ အပြုအမူနောက်ကွယ်က အကြောင်းရင်း

# ၅
# လက်ထပ်မည့်သူနှင့် အပျော်တွဲမည့်သူတို့အကြား ယောကျ်ားများ ခွဲခြားပုံ

ကျွန်တော့်ကို ကောင်းကောင်းသိကြတဲ့လူတွေက ကျွန်တော် ငါးမျှားဝါသနာပါတာကိုလည်း သိကြမှာပါ။ မြစ်ကမ်းပေါ်မှာ ထိုင်ပြီးတော့ ဖြစ်ဖြစ်၊ လှေတစ်စင်းပေါ်ကနေပဲဖြစ်ဖြစ် အေးအေးဆေးဆေး ငါးမျှားရတဲ့ အရသာကို ကျွန်တော်ကြိုက်ပါတယ်။ ပြီးတော့ ငါးမျှားချိတ်က ငါးစာကို ငါးလာဟပ်တဲ့အချိန် အဲဒီငါး ငါးမျှားချိတ်မှာ တကယ်မိပြီလား၊ ဒီငါးကို ကုန်းပေါ်ရောက်အောင် ဆွဲတင်ဖို့ ကြိုးကို ဘယ်လိုအတိုးအလျှော့လုပ်ရမလဲ ဆိုတာတွေကို စဉ်းစားဉာဏ်ကွန့်မြူးရတာ အရမ်းပျော်စရာကောင်းပါတယ်။

ပြီးရင်တော့ ခက်ခဲတဲ့အပိုင်းကိုရောက်ပါပြီ။ အဲဒါကတော့ ငါးကို ယူထားမလား၊ ရေထဲပြန်လွှတ်မလား ဆိုတာပါပဲ။ ကျွန်တော့် ပုံးထဲကို ရောက်ရမယ့်ငါးဟာ ကျွန်တော်လိုချင်တဲ့ အနေအထားနဲ့ အရွယ်အစားရှိမှ ဖြစ်မှာပါ။ အဲဒီလိုမှမဟုတ်ရင် ကျွန်တော် ငါးထပ်ဖမ်းလို့ရအောင် မလိုချင်တဲ့ငါးကို မြစ်ထဲပြန်ပစ်ချရမှာပါ။

ယောကျ်ားတစ်ယောက်ဟာ အကြောင်းနှစ်ချက်ကြောင့် ငါးမျှားပါတယ်။ အပျော်မျှားတာဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ စားဖို့မျှားတာပါ။ ဆိုလိုတာက သူတတ်နိုင်သမျှ အကြီးဆုံးငါးကို မျှားမယ်။ ပြီးရင် အဲဒီငါးနဲ့

စတတ်ပုံရိုက်၊ သူငယ်ချင်းတွေနဲ့ ဂုဏ်လုပ်ပြီး ရေထဲပြန်လွှတ်ချင်လွှတ်လိုက်မယ်။ ဒါမှမဟုတ် ငါးကို အိမ်ယူသွားပြီး အကြေးခွံခွာ၊ ပါးပါးလှီး၊ ကော်မှုန့်လူးကြော်ပြီး ကျကျနနပွဲတော်တည်တာလည်း လုပ်ချင်လုပ်ပါမယ်။ ကျွန်တော့်အထင် ဒါဟာ ယောက်ျားတွေက မိန်းမတွေကို ရှာဖွေတဲ့ပုံစံနဲ့ အကောင်းဆုံးနှိုင်းယှဉ်ချက်ပါပဲ။

သဘာဝအရကို ယောက်ျားတွေဟာ မုဆိုးဖြစ်ပြီး မိန်းမတွေကတော့ အမဲလိုက်ခံရတဲ့ သားကောင်နေရာကို ကျရောက်နေတာပါ။ မိန်းမတစ်ယောက်ကို ညစာလိုက်ကျွေးဖို့တောင်းဆိုတာ၊ အမျိုးသမီးတစ်ယောက်ကိုလက်ထပ်ဖို့ သူ့ဖခင်ဆီက ခွင့်ပြုချက်ယူတာ ယုတ်စွအဆုံးအတူထွက်လည်ဖို့ အိမ်ကခွင့်တောင်းရတာ ယောက်ျားတွေပဲဖြစ်ပါတယ်။ မိန်းမတွေနောက်ကို ယောက်ျားကလိုက်တာက ကောင်းတဲ့ကိစ္စဖြစ်ရုံတင်မကဘဲ သဘာဝဆိုတာကို ကျွန်တော်တို့ တစ်သက်လုံး သင်ကြားခံခဲ့ရတာပါ။ပန်းတွေ၊ လက်ဝတ်ရတနာတွေ၊ ဖုန်းခေါ်တာတွေ၊ အတူချိန်းတွေ့တာတွေ၊ ချိုချို သာသာစကားတွေဟာ ကျွန်တော်တို့ သင့်ဆီကိုအရောက်လာတဲ့အချိန်မှာ အသုံးပြုတဲ့အမဲလိုက်လက်နက်တွေပါပဲ။

ဒါပေမဲ့ မေးစရာမေးခွန်းက ကျန်နေပါတယ်။ သင့်ကို ကျွန်တော်တို့ဖမ်းမိပြီးသွားရင် ဘာလုပ်မှာလဲဆိုတဲ့ မေးခွန်းပါပဲ။ ကျွန်တော့် ငါးမျှားတဲ့ဝါသနာနဲ့ဆက်နွယ်ပြီး ပြောရမယ်ဆိုရင်တော့ ကျွန်တော့်ဒသနက ယောက်ျားတွေဟာ မိန်းမတွေကို အပျော်မျှားတဲ့ငါးနဲ့ စားဖို့မျှားတဲ့ငါး နှစ်မျိုးထဲက တစ်မျိုးမျိုးလို သဘောထားတယ်ဆိုတာပါပဲ။ ကျွန်တော်တို့ ဆုံတွေ့ကြတဲ့ပုံစံ၊ စကားပြောဆိုကြရတဲ့ အခြေအနေ၊ ဆက်ဆံရေးတိုးတက်မှု အနေအထားနဲ့ ယောက်ျားတစ်ယောက်အပေါ် သင့်ရဲ့တောင်းဆိုချက်တွေမှာ မူတည်ပြီး သင်ဟာ ပြီးရင် ပြန်ပစ်ချမယ့် အပျော်မျှားတဲ့ငါးလို၊ ဒါမှမဟုတ် အိမ်အရောက်ယူသွားမယ့် စားဖို့မျှားတဲ့ငါးလို ဆက်ဆံခံရမှာပါ။ ဒီနှစ်ခုကို ကျွန်တော်တို့ခွဲခြားတဲ့ပုံစံက အရမ်းကို ရိုးရှင်းပါတယ်။

**အပျော်မျှားတဲ့ ငါး**

သူမဟာ ကိုယ့်ကိုယ်ကိုယ်အတွက် စည်းမျဉ်းတွေ၊ ပြဋ္ဌာန်းချက်တွေ၊

လေးစားမှုတွေ ဘာတစ်ခုမှ မရှိပါဘူး။ ကျွန်တော်တို့ ယောကျ်ားတွေက သူမလို မိန်းကလေးမျိုးကို ဝေးဝေးကကြည့်ရုံနဲ့ သိပါတယ်။ သူမက အပျော်အပါးလည်း ခုံမင်ပါတယ်။ သူမက စိတ်ထဲတွေ့တဲ့လူကို အတူချိန်းတွေ့ကြည့်ကြဖို့ ရဲရဲတင်းတင်း ထုတ်ပြောမယ့်သူပါ။ သူမမှာ တည်မြဲတဲ့ ဆက်ဆံရေးအတွက် ဘာအစီအစဉ်မှမရှိပါဘူး။ ပြီးတော့ သူမက ယောကျ်ားတစ်ယောက်ဆီက တစ်စုံတစ်ရာ ထူးထူးထွေထွေ မျှော်လင့်တာမျိုးမရှိပါဘူး။ ပြီးတော့ သူမနဲ့အတူရှိနေတဲ့သူကို ဘာကိုဘယ်လိုဖြစ်ရမယ်ဆိုတဲ့ ဘောင်ခတ်တာမျိုး မလုပ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူမက အလိုက်သင့် အလျားသင့်သွားမယ်ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်း ပြောပြထားပါတယ်။ သူမက ယောကျ်ားတစ်ယောက်ကို စကားလုံးတွေ၊ အပြုအမူတွေကနေတစ်ဆင့် ဘယ်လိုလမ်းဟောင်းပုံစံနဲ့မဆို သူမကို ဆက်ဆံနိုင်အောင် ပြောလိုက်ပြီဆိုတာနဲ့ သူက အဲဒီလိုလိုက်လုပ်မှာပါ။ အဲဒီအတွက် ယောကျ်ားတွေက သူတို့အလှည့်ကို တန်းစီပြီး စောင့်နေကြမှာပါ။

## စားဖို့မျှားတဲ့ ငါး

ဘယ်တော့မှ လွယ်လွယ် မလိုက်လျောပါဘူး။ သင် ပါးစပ်ဟလိုက်တာနဲ့ စံနှုန်းတွေ၊ သတ်မှတ်ချက်တွေက စလာပါလိမ့်မယ်။ သူမက သူမရဲ့ အစွမ်းသတ္တိကို ကောင်းကောင်းနားလည်ပါတယ်။ သူမက သူမကိုယ်သူမ အလေးထားသလို သူမကိုယ်တိုင်လည်း အလေးထားခံထိုက်သူမျိုးဖြစ်ပါတယ်။ ယောကျ်ားတစ်ယောက်က သူမအနားကို ချဉ်းကပ်ပြီး သူ့ရဲ့အကောင်းဆုံးတွေကို ချပြနေရင် သူမက သူ့အပြောတွေကို လက်ခံသဘောကျနေဟန် ပြချင်ပြမှာပေမဲ့ အဲဒါဟာ ရေ့ဆက်ဖို့၊ သူမရဲ့ ဖုန်းနံပါတ်ကို ပေးဖို့၊ သူမရဲ့ အဖိုးတန်အချိန်တချို့ကို ပေးဖို့ကိုတော့ လွယ်လွယ်သဘောတူမယ့် အဓိပ္ပာယ်မဟုတ်ပါဘူး။ သူမကိုမှ လိုလားနှစ်သက်မိတဲ့ ယောကျ်ားတွေဟာ သူမ ပါးစပ်ဟလိုက်တာနဲ့ သူတို့ဟာ သူမရဲ့ ပြဋ္ဌာန်းချက်တွေ၊ စံနှုန်းတွေနဲ့ ကိုက်ညီရင်ညီ၊ အဲဒီလိုမှမဟုတ်ရင် သူမဘက်က ဘာမှတုံ့ပြန်လာမှာမဟုတ်လို့ အသာလေး တပ်ဆုတ်ပြန်ခဲ့ကြရုံပဲဆိုတာကို အလိုလို သိကြပါတယ်။ သူမဘက်က ယောကျ်ားတစ်ယောက်ကို သူမ

သစ္စာထားနိုင်တဲ့အကြောင်း၊ ကောင်းကောင်း ဂရုစိုက်ပေးနိုင်တဲ့အကြောင်း၊ နှစ်ဦးသားဆက်ဆံရေးမှာ သူ့ရဲ့ကြိုးစားဆောင်ရွက်မှုကို အသိအမှတ်ပြုတဲ့ အကြောင်း၊ စစ်မှန်ပြီး ရှည်ကြာမြဲမြံတဲ့ အချစ်မျိုးအတွက် အဆင်သင့်ရှိကြောင်းကို အချက်ပြပေးနေတာမျိုးလည်း ရှိနိုင်ပါတယ်။

ကြားဖြတ်သတင်း။ ။ သင်က အပျော်မျှားတဲ့ ငါးလား၊ စားဖို့မျှားတဲ့ ငါးလား ဆိုတာကို အဆုံးအဖြတ်ပေးတာ ယောကျ်ားတွေမဟုတ်ပါဘူး။ သင်ကိုယ်တိုင်ပါပဲ။ ယောကျ်ားတစ်ယောက်က သင့်ကို ချဉ်းကပ်လာတဲ့အခါမှာ သူက သင့်ကို အရောတဝင်လုပ်လို့ ဖြစ်မဖြစ်က သင့်အပေါ်မှာပဲ လုံးဝမူတည်ပါတယ်။ သင်နဲ့တစ်နေရာရာမှာ ဆုံတွေ့ဖို့၊ သင့်ရဲ့ဖုန်းနံပါတ်ကိုရဖို့၊ သင့်အိမ်ကို လိုက်ပို့ရဖို့၊ သင်နဲ့နောက်တစ်ခါတွေ့ဖို့ကို သေချာပေါက် ကျွန်တော်တို့လိုလားပါတယ်။ ဒါကြောင့် သင့်ကို ချဉ်းကပ်တာပါ။ ဒါပေမဲ့ လိုက်လျောမယ်၊ မလိုက်လျောဘူးဆိုတာကို ဆုံးဖြတ်ရမှာက သင်ပါ။ ကျွန်တော်တို့ မျက်လုံးထဲမှာ သင့်ရဲ့ရပ်တည်မှုက အခြေအနေအပေါ် သင့်ရဲ့ ထိန်းချုပ်မှုနဲ့ပြဋ္ဌာန်းသတ်မှတ်ပေးတာပါ။ သင်ပြောသမျှစကားလုံးတိုင်း၊ လှုပ်ရှားမှုတိုင်း၊ သင့်ရဲ့ အချက်ပြမှုတိုင်းက ယောကျ်ားတစ်ယောက်ကို သူက သင့်ကို ကစားသင့်သလား၊ ဖြောင့်ဖြောင့်စင်းစင်း ဆက်ဆံသင့်သလား၊ ဒါမှမဟုတ် ထပ်ပြီး ငါးအပျော်မျှားဖို့ တခြားအမျိုးသမီးတစ်ယောက်ဆီကိုဆက်သွားသင့်သလားဆိုတာ ကူညီဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။

ဒီအခြေအနေကို သင်ထိန်းကျောင်းတဲ့ ပုံစံက အလုပ်မှာ သင်လေ့ကားတစ်ထစ်ချင်းတက်တဲ့ ပုံစံနဲ့ တော်တော်တူတယ်လို့ ကျွန်တော်တွေးပါတယ်။ စဉ်းစားကြည့်ပါ။ သမီးရည်းစားထားကြည့်တယ်ဆိုတာက ငွေရှာတဲ့အလုပ်အကိုင် လုပ်ရသလိုပါပဲ။ အောင်မြင်လာဖို့ အကောင်းဆုံးနည်းလမ်းက သင့်လက်ထဲမှာရှိတဲ့အရာတွေကို သင်က ကျွမ်းကျင်ပိုင်နိုင်စွာနဲ့ ကောင်းကောင်းထိန်းချုပ်နိုင်ဖို့ပါပဲ။ ကျွန်တော်ဖြစ်ချင်တာက ထိပ်တန်းအဆင့်ရှိတဲ့ ဟာသပညာရှင်တစ်ယောက်ဆိုတာ ကျွန်တော် သိခဲ့ပါတယ်။ ပထမဆုံး ဖျော်ဖြေရေးအလုပ်ကို စလုပ်တော့ ကလပ်ပိုင်ရှင်ကလည်း ကျွန်တော့်ကို ကောင်းကောင်း မသိသေးတာကြောင့် ဆယ့်ငါးမိနစ်စာ အဖွင့်ဖျော်ဖြေမှု

လောက်ပဲ လုပ်ရပြီး စင်ပေါ်က ဆင်းခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်က အချိန်ကို လေးစားမယ်၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်မယ်၊ ပြီးတော့ အရေးအကြီးဆုံးက ပရိသတ်နဲ့ ကလပ်ပိုင်ရှင်တို့ ကျွန်တော့်ကို မှတ်မှတ်ရရဖြစ်စေမယ့် အတွေးကို နှိုးဆွပေးနိုင်တဲ့ ရယ်ရွှင်စရာ ဖျော်ဖြေမှုမျိုးတွေကို ပေးနိုင်မယ်ဆိုရင် လေးဆယ့်ငါးမိနစ်လုံးလုံး ပရိသတ်ကို တသောသော ပွဲကျအောင် ဖျော်ဖြေပေးရပြီး ခေါင်းစီးစာလုံးကြီးနဲ့ ဆိုင်းဘုတ်မှာ ဖော်ပြပေးခံရတဲ့ ဟာသပညာရှင်အလုပ်ကို ကျွန်တော် ရနိုင်တယ်ဆိုတာ သိနေခဲ့ပါတယ်။ ဒီလိုနဲ့ တစ်ဆင့်ချင်း လိုချင်တဲ့နေရာကိုရောက်အောင် ကျွန်တော်လှမ်းတက်သွားခဲ့ပါတယ်။

ကျွန်တော့် အောင်မြင်မှုဟာ ကျွန်တော့်ရဲ့ စိတ်ဆန္ဒနဲ့ ကိုယ်ပိုင်အရည်အသွေးကို ထိန်းချုပ်နိုင်စွမ်းအပေါ်မှာ အခြေတည်ပါတယ်။ အပျော်မျှားတဲ့ငါး မဖြစ်လိုတဲ့ အမျိုးသမီးတွေအတွက်လည်း ဒီသဘောပါပဲ။ သင်ထိန်းချုပ်နိုင်တဲ့အရာကို သင်က ထိန်းချုပ်ရပါမယ်။ အဲဒီမှာ သင့်ရဲ့ ပုံရိပ်၊ သင့်ရဲ့အပြုအမူ၊ သင့်အပေါ် ယောကျ်ားတွေကို ချဉ်းကပ်ပြောဆိုခွင့် ပေးတဲ့ပုံစံတွေပါပြီး သင်လိုချင်တဲ့ ဆက်ဆံရေးပုံစံကိုရဖို့ အဲဒါတွေကို အသုံးပြုရမှာဖြစ်ပါတယ်။

ကျွန်တော် ဥပမာ တစ်ခုပေးပါရစေ။ သင်က ကာယလေ့ကျင့်ရေးခန်းမတစ်ခုထဲမှာ တကယ့်ကို ကျန်းမာလှပပြီး ညို့ငင်ဆွဲဆောင်နိုင်တဲ့ အားကစားဝတ်စုံကို ဝတ်ဆင်လို့ လေ့ကျင့်ခန်းလုပ်နေတယ်ဆိုပါစို့။ အဲဒီအချိန်မှာ ကြည့်ကောင်း ချောမောတဲ့ ယောကျ်ားတစ်ယောက်က အခန်းထဲကို ဝင်လာတယ်။ သူ့လက်မှာလည်း လက်စွပ်တွေ ဘာတွေကိုဝတ်ထားတာ မတွေ့ရဘူး။ သူက သင်လေ့ကျင့်ခန်းလုပ်နေတဲ့နားက စက်မှာလာရပ်တယ်။ သူပြုံးပြလာတော့ သင်က ပြန်ပြုံးပြလိုက်တယ်။ ပြီးတော့ နောက်စက် တစ်ခုဆီကို သင်ရွှေ့သွားတယ်။ သူကလည်း သင်နဲ့မနီးမဝေးကနေရာကို ရွှေ့လာတယ်။ သင့်ကို ငေးကြည့်တယ်။ သင်လည်း သူ့ကိုပြန်ကြည့်တယ်။ သင်တို့နှစ်ယောက်စလုံး လေ့ကျင့်ခန်းလုပ်တာ ပြီးသွားချိန်မှာတော့ သူက သင့်ဆီကို လှမ်းလာပြီး စကားစလိုက်တယ်။

"မင်းကို ကြည့်ရတာ လေ့ကျင့်ခန်း ကောင်းကောင်းလုပ်ထားတဲ့

ပုံပဲ" လို့ သူက သင့်ခန္ဓာကိုယ်ကို မယဥ်မရိုင်း ထက်အောက်စုန်ဆန်ကြည့်ပြီး ပြောလာလိမ့်မယ် "ကိုယ့်ကိုယ်ကိုယ် ကောင်းကောင်း ဂရုစိုက်တတ်တဲ့ပုံပဲ။ သဘောကျတယ်ဗျာ"

သင်တုံ့ပြန်တဲ့ ပုံစံ (ဒီအပြန်အလှန် စကားပြောရာမှာ သင်ထိန်းချုပ်စီမံတဲ့ပုံစံ)က သူသင့်ကို အပျော်မျှားတဲ့ငါးလို့ စဥ်းစားမလား၊ စားဖို့မျှားတဲ့ငါးလို့ စဥ်းစားမလားဆိုတာကို ခွဲခြားဆုံးဖြတ်စေမှာ ဖြစ်ပါတယ် "မိန်းကလေးတစ်ယောက်က ဟော့နေရမယ်လေ" ဆိုတဲ့ စကားမျိုး ပြောကြည့်ပါ။ ပြီးတော့ သူကောင်းကောင်း မြင်သာအောင် တစ်ပတ်လောက်လှည့်ပြလိုက်ပါ။ အဲဒီလူဟာ သူဘယ်လောက်မြန်မြန် သင့်ကို အိပ်ရာထဲဆွဲသွင်းနိုင်မလဲဆိုတာနဲ့ သူလိုချင်တာရပြီးရင် နောက်တစ်ခါ သင်နဲ့မဆုံရအောင် သူလှေကျင့်ခန်းလာလုပ်တဲ့ အချိန်ကို ရုတ်တရက် ပြောင်းနိုင်မလားဆိုတာ သူ့စိတ်ထဲမှာ တွက်ချက်နေတော့မှာပါ။ ဒီလိုစကားလုံး လေးငါးလုံးနဲ့ လှုပ်ရှားလိုက်တဲ့ အပြုအမူကနေ သင်ဟာ လွယ်လွယ်ရမယ့် မိန်းကလေးပဲလို့ ယောက်ျားတစ်ယောက်က ဆုံးဖြတ်ပါလိမ့်မယ်။ သင့်ခန္ဓာကိုယ်ကို လှပအောင်လုပ်ထားတာဟာ ယောက်ျားတွေ မျက်စိအရသာခံဖို့၊ ပျော်မွေ့ခံစားဖို့ပဲလို့ သူက စဥ်းစားပါလိမ့်မယ်။ သေချာပါတယ်။ သူ့ပါးစပ်က နောက်ထပ်ထွက်လာမယ့် စကားလေးငါးခွန်းမှာ သင့်ကို ငါးစာလာဟပ်စေမယ့် အလေးအနက် ချဥ်းကပ်တဲ့ ပုံမျိုးတွေပါပြီး သင်က ငါးမျှားချိတ်မှာ မိသွားပြီးရင်တော့ အသားလေးဆွဲဖြုတ်ပြီး ခဏကြာတော့ ရေထဲကို ပြန်ပစ်ချလိုက်မှာပါ။

ဒါပေမဲ့ "ကျေးဇူးပဲ။ ကျန်းမာရေးက အရေးကြီးတယ်လေ။ လေ့ကျင့်ခန်းလုပ်တာက ခန္ဓာကိုယ်ပုံရိပ်ကိုလည်း ကောင်းကောင်းထိန်းထားနိုင်တယ်" ဆိုတာမျိုးနဲ့ သင်တုံ့ပြန်လိုက်ရင်တော့ သင့်အကြောင်းကို ပိုသိရဖို့ ဒီထက်ပိုပြီး တူးဆွရတော့မယ်ဆိုတာကို သူသဘောပေါက်ပါတယ်။ ဒါက သင့်ကို စားဖို့မျှားတဲ့ငါးလို့ သူထင်သွားလောက်အောင်တော့ အာမခံမပေးနိုင်ပါဘူး၊ စောစောက စကားထက် နည်းနည်းလောက်တော့ ထပ်ပြောပေးရဦးမှာပေါ့။ အနည်းဆုံးတော့ သူက သင့်ကို ပြန်ပစ်ချမယ့် ငါးလို့ ရုတ်တရက် စာရင်းသွင်းလိုက်မှာ မဟုတ်ပါဘူး။ သင့်ရဲ့ မှတ်ချက် စကားတွေက

သူ့ကို ဘာကြောင့် သူလေ့ကျင့်ခန်းလုပ်ရတာလဲဆိုတာ ပြောချင်လာ အောင် ဦးဆောင်သွားပြီး သင်တို့နှစ်ယောက်စလုံးမှာရှိတဲ့ ကိုယ်ကာယ လှုပကြွခိုင် ရေးဆိုတဲ့ တူညီတဲ့ ဝါသနာနဲ့ပတ်သက်လို့ အဓိပ္ပာယ်ပြည့်ဝတဲ့ စကားဝိုင်း ဖြစ်လာစေနိုင်ပါတယ်။ ပြီးတော့ သူ့ကို မေးခွန်းတွေ ပိုထွက်လာ နိုင်စေပြီး အဲဒါက သင်ဟာ လွတ်လပ်တဲ့ မိန်းမပျိုတစ်ယောက်၊ စားဖို့မျှားတဲ့ ငါးဖြစ်ဖို့ အဆင်သင့်ရှိနေတဲ့ မိန်းမပျိုတစ်ယောက်ဆိုတာ ဖြေကြားဖို့ အခွင့်အလမ်း တွေရှိလာနိုင်ပါတယ်။

သင်က စားဖို့မျှားတဲ့ငါးဖြစ်တယ်ဆိုတာကိုဖော်ပြရုံနဲ့ ဒီလူက သင့်ကို ချန်ထွက်မသွားပါဘူးလို့ အာမ မခံနိုင်ပါဘူး။ တချို့ယောကျ်ားတွေဟာ အပျော်ငါးမျှားရုံလောက်ကိုပဲ စိတ်ဝင်စားပြီး သူတို့နဲ့တွဲခဲ့တဲ့ အမျိုးသမီး တွေကို ပြန်လွှတ်ပစ်တာကလွဲလို့ ဘာမှပိုမလုပ်ချင်ကြပါဘူး။ ဒီလူက အဲဒီလို မျိုးဆိုရင်သွားပါစေ။ သင်က ဘာဂရုစိုက်စရာလိုလို့လဲ၊ သူက သင်ရှာနေတဲ့ လူမဟုတ်ပါဘူး။ ကိုယ့်ဆီကိုရောက်လာတဲ့ လူက ကိုယ့်ရဲ့လက်တွဲ ဖော်ဖြစ် နေနိုင်တာမို့ ဘယ်အခွင့်အရေးကိုမဆို လက်မလွှတ်လိုက်သင့်ဘူးလို့ သင်တို့ မိန်းကလေးတွေကြားမှာ အကြားနာခဲ့ရတာကို ကျွန်တော်သိပါတယ်။ ဒါပေမဲ့ အဲဒီအတွေးအခေါ်က နုံဖျင်းလွန်းတယ်လို့ ကျွန်တော် သင့်ကိုပြော ချင်ပါတယ်။ မိန်းမတွေဟာ ထက်မြက်ပါတယ်။ မိန်းကလေးချင်း လိမ်ပြော နေပြီဆိုရင် ဒက်ခနဲ သိနိုင်ကြပါတယ်။ သင်တို့ကလေးတွေ မဟုတ်တာ လုပ်နေပြီဆိုရင် တန်းသိကြပါတယ်။ လုပ်ငန်းခွင်မှာလည်း လုပ်ဖော်ကိုင် ဖက်ချင်း သင့်ကိုကျော်သွားလို့ မရပါဘူး။ သူတို့တစ်ယောက်ချင်းစီကို သင် မတုံးဘူး၊ မအဘူးဆိုတာ၊ သင့်ကို လျှော့တွက်ပြီး ကစားလို့ မရဘူးဆိုတာ သင်က မြန်မြန်သိစေနိုင်ပါတယ်။ ဒါပေမဲ့ ဆန့်ကျင်ဘက်လိင်နဲ့ ဆက်ဆံ ရေးဆိုတဲ့ ခေါင်းစဉ်မှာတော့ သင့်ရဲ့အစွမ်းတွေ၊ ထိန်းချုပ်နိုင်တဲ့ ခွန်အားတွေ ပျောက်ကွယ်ကုန်ပါတယ်။

ကျွန်တော် ပြောချင်တာက ဒီနေရာမှာလည်း သင်ထက်ထက်မြက် မြက် နိုးနိုးကြားကြားရှိဖို့ပါ။ ဒီလူက တကယ့်အလေးအနက်ရှိတဲ့ ဆက်ဆံရေး မျိုးကို ရှာဖွေနေတာ မဟုတ်ဘူးဆိုရင် ဘယ်လိုပဲ သင်တို့နှစ်ယောက် အတူ တွဲထွက်ကြ၊ အကျွမ်းတဝင်ဖြစ်ကြပေမဲ့လည်း သူ့စိတ်ကို သင်က ပြောင်းလဲ

စေနိုင်မှာ မဟုတ်ပါဘူး။ သူက သင့်ကို အပျော်မျှားတဲ့ငါးလိုပဲ သဘောထား ပါလိမ့်မယ်။ အဲဒီအတွက် ပြီးပြည့်စုံတဲ့ ဥပမာကတော့ ကျွန်တော့်ရဲ့ "စတိဗ် ဟာဗေး မနက်ခင်း အစီအစဉ်" ကို စာရေးသားပေးပို့လာတဲ့ ပရိသတ်အမျိုး သမီးတစ်ယောက်ရဲ့ အကြောင်းပါ။ သူ့စာက ဒီလိုပါတဲ့။

"ကျွန်မ သူနဲ့တွေ့လာတာ ခြောက်လလောက်ရှိပါပြီ။ ဒီနှစ် ဇန်နဝါရီ လအထိ အစစအရာရာ အဆင်ပြေသလိုပါပဲ။ ကျွန်မတို့အပြင်မှာ ချိန်းတွေ့ ကြတယ်။ တစ်ယောက်အိမ် တစ်ယောက်လိုက်လည်ကြတယ်။ ဒါပေမဲ့ ဘာမပြော ညာမပြောနဲ့ သူက ကျွန်မဆီကို ဖုန်းမဆက်တော့ပါဘူး။ ကျွန်မ က သူ့ဆီဖုန်းဆက်တော့ သူ့ကြည့်ရတာ စိတ်လှုပ်ရှားနေသလိုပဲ။ ဒါပေမဲ့ အဲဒီနောက်ပိုင်း သူက ကျွန်မနဲ့ အသွားအလာ ကျဲသွားပါတယ်။ ခရီးတွေ သွားဖို့ စီစဉ်ထားပေမဲ့ သူက အကြောင်းအမျိုးမျိုးပြပြီး ဖျက်လိုက်ပါတယ်။ ကျွန်မတို့ လုံးဝအဆက်ဖြတ်ပစ်ကြဖို့ သူ့ကိုပြောတော့ သူက 'ဟင့် အင်း'လို့ ငြင်းပါတယ်။ ဒါပေမဲ့ စိတ်ပါလက်ပါရှိတဲ့ပုံကိုလည်း မပြပါဘူး။ ဘယ်လို ဖြစ်တာလဲဆိုတာ ကျွန်မလည်း မသိတော့ပါဘူး။ ကျွန်မကတော့ သူ့ကို သဘောကျနေဆဲပါ။ ဒါပေမဲ့ ကျွန်မကို ပြောမပြတာတစ်ခုခု သူ့စိတ်ထဲမှာ ရှိနေတာကို သိရတော့ ကျွန်မလည်း စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ မဟုတ်မှလွဲရော သူနောက်ထပ်မိန်းမတစ်ယောက်နဲ့တွေ့နေလို့ ကျွန်မကို ချောင်ထိုးထားချင်တာလားလို့လည်း သံသယရှိမိပါတယ်"

သူက အပျော်ငါးမျှားနေတာပါ။ ဒါကို သူမ နှလုံးသားထဲက သိနေပါတယ်။ ဒါပေမဲ့ သူမက လက်မလျှော့ချင်သေးဘဲ သူမကြောင့် သူ မှန်လာမလားလို့ မျှော်လင့်နေတာပါ။ ဒီအခြေအနေမှာရောက်နေတဲ့ ဘယ်လို အမျိုးသမီးမဆို အဲဒီလူကို လွှတ်ပေးထားလိုက်တာ ကောင်းပါ တယ်။ သင့်ရဲ့ မျှော်မှန်းချက်တွေအတိုင်း မနေနိုင်တဲ့၊ နေမှာမဟုတ်တဲ့ လူ တစ်ယောက်ဆီမှာအချိန်နဲ့ အားထုတ်မှုတွေအားလုံး ရင်းနှီးမြှုပ်နှံထားမယ့် အစား အဲဒီလူကိုသွားခွင့်ပြုလိုက်ပါ။ ပြီးတော့ နောက်လူတစ်ယောက် ရောက်လာခဲ့ရင် ထိန်းချုပ်မှုယူပြီး သင့်ရဲ့ အခြေခံစည်းမျဉ်းတွေကို အရင်ဆုံး အသိပေးပါ။ ဥပမာ – "ညဆယ်နာရီကျော်ရင် ကျွန်မ ဖုန်းမကိုင်တော့ဘူး၊ ကျွန်မ မိဘတွေကို လေးစားရမယ်" "လာမယ်လို့ ပြောထားပြီးရင် ရောက်လာ

တဲ့ ယောကျ်ား၊ နောက်ကျမယ်ဆိုရင် ဖုန်းလှမ်းဆက်တတ်တဲ့ ယောကျ်ားမျိုးကို ကျွန်မ သဘောကျတယ်” စသဖြင့် “သူ့အတွက် အဲဒီအခြေခံစည်းမျဉ်းတွေက လွန်လွန်းတယ်လို့ထင်ရင် သူ့ဘာသာသူ ဝေးဝေးထွက်သွားပါလိမ့်မယ်။ သူက ငါးကို အပျော်မျှားရုံပဲ မျှားချင်တဲ့ လူမျိုးပါ။

တကယ်လို့ သူဟာ သူ့ရဲ့ဘဝကို ပြီးပြည့်စုံအောင်လုပ်ဖို့ မိန်းမတစ်ယောက်ကို လိုအပ်တယ်ဆိုတဲ့အချက်ကို လက်ခံထားရင် သူက သင်နဲ့ဆက်ရှိနေဖို့ကြိုးစားပြီး သင့်ကို သူလိုအပ်တယ်ဆိုတာ သင်သိအောင်ပြသပေးမှာပါ။ သူက စားဖို့ငါးမျှားနေတာပါ။ သင့်ရဲ့အချိန်တွေအတွက် သူဟာ ထိုက်တန်တဲ့လူဖြစ်တယ်ဆိုတာကို ပြသပြီးချိန်မှာ သင့်ကို စားဖို့မျှားတဲ့ ငါးအဖြစ် သူ့အိမ်ခေါ်ဆောင်သွားဖို့ကို သင်စိတ်ချယုံကြည်စွာပေးလိုက်နိုင်ပါပြီ။

■

## ၆

## မေမေ့သားများ

"စတိဗ်ဟာဗေး မနက်ခင်း အစီအစဉ်" မှာ လူကြိုက်များတဲ့ အပိုင်း တစ်ပိုင်းကတော့ "ပေးစာကဏ္ဍ"ပဲ ဖြစ်ပါတယ်။ ဒီကဏ္ဍမှာ နားဆင်သူ ပရိသတ်တွေဆီကနေ သူတို့ရဲ့ အခက်အခဲ ပြဿနာတွေကို ရင်ဖွင့်ပြီး အကြံဉာဏ်တောင်းခံထားတဲ့ စာလွှာတွေကို ကျွန်တော်တို့က ကူညီဖြေ ကြားပေးပါတယ်။ စာတွေကတော့ အမျိုးစုံပါပဲ။ နေ့စဉ်ကျင်လည်နေကြ တဲ့ ဘဝတွေထဲက လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ သားရေး၊ သမီးရေး အခက်အခဲတွေနဲ့ ပတ်သက်ပြီးတော့ မေးမြန်းထားတဲ့ စာတွေပါ။ တချို့ စာတွေက တော်တော်ဝမ်းနည်းစရာကောင်းပါတယ်။ တချို့စာတွေကျတော့ ပါးစပ်အဟောင်းသားဖြစ်လောက်အောင် အံ့အားသင့်စရာကောင်းပါတယ်။ တချို့ကတော့ ခေါင်းကိုသာ တွင်တွင်ခါပြီး အကြံတောင်းခံတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုများ ရင်ဆိုင်ကျော်လွှားနေပါလိမ့်လို့ တွေးကြည့်ရတဲ့ စာမျိုးတွေ ပါ။ ဒီစာတွေကို ရေးပို့နေကြတဲ့ လူတွေဟာ အချည်းနှီးအလုပ်ကိုလုပ်နေ ကြတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ပေးစာကဏ္ဍကို လိပ်မူထားတဲ့ ပြဿနာတိုင်းအတွက် သူတို့ဘဝမှာလည်း ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရင် ဆိုင်နေကြရတဲ့ နားဆင်သူပရိသတ်တွေ ပြင်ပမှာ အများကြီးရှိပါတယ်။ ကျွန်တော်တို့က အခြေအနေအလိုက် ကျွန်တော်တို့ရဲ့ ထင်မြင်သုံးသပ်ချက်

တွေ၊ ပြီးတော့ သူတို့ကျရောက်နေတဲ့ အရှုပ်အထွေးတွေကြားထဲက ရုန်းထွက်နိုင်ဖို့ ခြေခြေမြစ်မြစ်ရှိတဲ့ အကြံပြုချက်တွေကို ပေးပါတယ်။ ဒီလို ဖြေကြားပေးရာမှာ ကျွန်တော်တို့ဆီ စာရေးသားတဲ့ ပုဂ္ဂိုလ်တစ်ဦးတည်း အတွက် ကျွန်တော်တို့ အကြံပြုချက်က အကူအညီဖြစ်စေတာမျိုးတင်မကဘဲ အလားတူအဖြေကို ရှာဖွေနေကြတဲ့ ပရိသတ်အများအပြားအတွက် အကျိုးပြုချင်တဲ့ မျှော်လင့်ချက်လည်း ပါပါတယ်။

ပေးစာကဏ္ဍကိုရောက်လာတဲ့ စာအတော်များများက ကျွန်တော့်ရင်ကို ထိရှစေနိုင်ပါတယ်။ ဒါပေမဲ့ မကြာခင်က ရောက်လာတဲ့ စာတွေထဲကမှ မှတ်မှတ်ထင်ထင်ဖြစ်မိတဲ့ စာတစ်စောင်ကတော့ "ကျွန်မ ယောကျ်ားတစ်ယောက်ကို လက်ထပ်ခဲ့တာလား၊ ကလေးတစ်ယောက်ကို လက်ထပ်ခဲ့တာလား" ဆိုတဲ့ ခေါင်းစဉ်တပ်ထားတဲ့ အမျိုးသမီးတစ်ယောက်ဆီက စာပါ။ သူမက ဆယ်နှစ်ကျော်တွဲလာခဲ့တဲ့ အသက်သုံးဆယ်အရွယ် အမျိုးသားနဲ့ လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ လက်ထပ်ထားတဲ့ အသက်သုံးဆယ့်ငါးနှစ်အရွယ်အမျိုးသမီးတစ်ယောက်လို့ ပြောပါတယ်။ သူတို့ဆက်ဆံရေးက အဆင်ပြေပြေရှိပေမဲ့လည်း လွှမ်းမိုးချုပ်ကိုင်လွန်းတဲ့ သူ့အမေကြောင့် သူမမှာ စိတ်အနှောင့်အယှက်အတော်ဖြစ်ရပါတယ်။ သူမစာထဲမှာပါတဲ့ အကြောင်းအရာအချို့ကို အောက်မှာ ကျွန်တော် ဖော်ပြလိုက်ပါတယ်။

"သူက ကျွန်မယောကျ်ားကို ကလေးလေးတစ်ယောက်လို ချုပ်ကိုင်ထားတယ်။ ဘာလုပ်ဖို့ပဲဖြစ်ဖြစ် ကျွန်မ ယောကျ်ားကို လှမ်းခေါ်တယ်။ ညကြီးအချိန်မတော် သူ့သားကို ဖုန်းဆက်ပြီး သူသဘောမကျတဲ့ ကိစ္စတစ်ခုခုကိုအကြောင်းပြုပြီး အော်ဟစ်ဆူပူတတ်တယ်။ ပိုက်ဆံလိုလို့၊ အိမ်ဆေးသုတ်ဖို့၊ ရုပ်ရှင်ရုံမှာ သူ့ကိုလာကြိုပေးဖို့၊ ပွဲလမ်းရှိရင် ချက်ပြုတ်ပေးဖို့၊ ကုန်ကုန်ပြောရရင် သူ့အဝတ်တွေလျှော်ပေးဖို့တောင် ကျွန်မ ယောကျ်ားကို လှမ်းခေါ်ပါတယ်။ ဒီစာကို ကျွန်မရေးဖြစ်ရတဲ့အကြောင်းကတော့ အခုဆို ည ၁၀း၄၂ မိနစ်ရှိပါပြီ။ ကျွန်မ ယောကျ်ားကို သူ့အမေက မနက်ဖြန်လုပ်မယ့် ရန်ပုံငွေပွဲအတွက် သူနဲ့အတူကူပြီး ကိတ်မုန့်တွေဖုတ်ပေးဖို့ခေါ်ထားလို့ အခုချိန်ထိ အိမ်မှာ ကျွန်မနဲ့ကလေးတွေပဲဖြစ်နေတာကြောင့်ပါ။ ဒီနေ့ည ကျွန်မယောကျ်ားနဲ့အတူ လုပ်ချင်တာလေးတွေ စီစဉ်ထားတာ ကျွန်မမှာ

ရှိပါတယ်။ ဒါပေမဲ့ ဒီတစ်ခါလည်း သူ့အမေက ကြားဝင်လာပြန်ပါတယ်။ တစ်မျိုးတော့မထင်ပါနဲ့။ သူ့အမေကို သူအလေးထားပြီး ကူညီပေးတာကို ကျွန်မသဘောကျပါတယ်။ ဒါပေမဲ့ တစ်ခါတလေတော့ ကျွန်မကို ဘေးဖယ်ထားသလို ခံစားရတယ်။ ဒီအတွေးတွေကို ကျွန်မရင်ထဲမှာ မျိုသိပ်ထားတာ အတော်ကြာပါပြီ။ ဒါပေမဲ့ ဘယ်လောက်အထိ ကျွန်မ မျိုသိပ်နိုင်မလဲဆိုတာတော့ မသိပါဘူး။ တစ်ခါတလေတော့ ကျွန်မ ယောကျ်ားတစ်ယောက်ကို လက်ထပ်ခဲ့တာမှ ဟုတ်ရဲ့လားလို့ တွေးမိပါတယ်။ ကျွန်မက သူ့ကို အိမ်ထောင်ဦးစီး ယောကျ်ားတစ်ယောက်၊ စီမံဦးစီးနိုင်တဲ့ လူတစ်ယောက်ဖြစ်စေချင်တာပါ"

ပေးစာရှင်ကို ကျွန်တော် စာနာမိပါတယ်။ ယောကျ်ားတစ်ယောက်အနေနဲ့ လုံးဝ အမှီအခိုကင်းကင်း လွတ်လွတ်လပ်လပ် ရပ်တည်ရမယ့်အရွယ်မှာ အမေဖြစ်တဲ့သူနဲ့ လိုတာထက်ပိုပြီး တွယ်ကပ်နေတတ်တဲ့ ယောကျ်ားတွေရှိပါတယ်။ ဒီလိုပြဿနာမျိုးကို အမျိုးသမီးတော်တော်များများဆီက ကျွန်တော် ကြားရတတ်ပါတယ်။ ဒီလိုအမေနဲ့သား ချည်နှောင်မှုမျိုးဟာ သူတို့ရဲ့ အမေတွေကို သူတို့ဘဝမှာ အရာအားလုံး ထိန်းချုပ်စီမံခွင့်ပေးထားသလိုဖြစ်နေတတ်ပါတယ်။ အထူးသဖြင့် သားတွေရဲ့ ချစ်ရေးချစ်ရာ ဆက်ဆံရေးတွေကို ထိခိုက်နစ်နာစေနိုင်ပါတယ်။ ဒါဟာ ကြားက မိန်းကလေးအတွက် အလွန်ခက်ခဲတဲ့ အခြေအနေပါ။ သူတို့ဘယ်လိုပဲလုပ်လုပ်၊ ဘယ်လောက်ပဲကြိုးစား ကြိုးစား သူတို့ဟာ အမေဆိုတဲ့ တခြားမိန်းမတစ်ယောက်ကို ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူးလို့ တွေးတတ်ကြပါတယ်။

အဲဒီလို မေမေ့သားတွေနဲ့ တစ်မျိုးမဟုတ် တစ်မျိုး ဆက်ဆံရေးရှိနေတဲ့ အမျိုးသမီးတွေကို ကျွန်တော်ပြောလိုက်ပါရစေ။ ဘာကြောင့် ဘာကြောင့်ဆိုတဲ့ ဆင်ခြေတွေကို ရပ်လိုက်ပါတော့။ သူမေမေ့သားဖြစ်ရတာဟာ သင်က သူ့ကိုခွင့်ပြုပေးထားလို့ဆိုတာ မှတ်ထားလိုက်ပါ။ ဟုတ်ပါတယ်။ အဲဒါ သင့်အမှားပါ။

ကိုယ်ချစ်တဲ့မိန်းမနဲ့အတူ နွေးထွေးတဲ့အိပ်ရာထဲမှာ အတူရှိနေရမယ့်ယောကျ်ားတစ်ယောက်ဟာ ညကြီးအချိန်မတော် မြို့တစ်ဖက်ခြမ်းမှာနေတဲ့ အမေ့အိမ်သွားပြီး ရန်ပုံငွေမှာရောင်းဖို့ ကိတ်မုန့်ကူဖုတ်ပေးနေတာ

ဘာကြောင့်လို့ သင်ထင်ပါသလဲ။ သူ့အမေက အဲဒီလူအတွက် သတ်မှတ်ချက်နဲ့စံနှုန်းတွေ ချမှတ်ထားပြီး သူ့ရဲ့အမျိုးသမီးမှာတော့ အဲဒါတွေ မရှိလို့ပါ။

ကျား – မ ဆက်ဆံရေးမှာ သင်ဖြစ်စေချင်တဲ့ ပုံစံအတိုင်းဖြစ်စဖို့ သင့်မှာ စံနှုန်းတွေရှိရမယ်။ သတ်မှတ်ချက်တွေရှိရမယ်။ ဒါမှ သင့်ကို ချစ်မြတ်နိုးတဲ့ ယောကျ်ားဟာ သင်ဖြစ်စေချင်တဲ့ လူမျိုးဖြစ်လာမယ်ဆိုတာ ကျွန်တော် ပြောခဲ့ပြီးပါပြီ။ စစ်မှန်တဲ့ယောကျ်ားတစ်ယောက်ဟာ စည်းမျဉ်းတွေအကြောင်းကို သူသိနေသရွေ့၊ ပြီးတော့ အဲဒီစည်းမျဉ်းတွေကို လိုက်နာတာက သူချစ်တဲ့ အမျိုးသမီးကို ပျော်ရွှင်အောင်လုပ်ပေး နိုင်တယ်ဆိုတာ သေချာနေသရွေ့ သင့်ရဲ့ စည်းမျဉ်းတွေအတိုင်း ပျော်ပျော်ကြီးနေပေးမှာပါ။ သင်လုပ်ရမှာက စည်းမျဉ်းတွေချမှတ်၊ ဆက်ဆံရေးရဲ့ အစောပိုင်း ကာလမှာ ကတည်းက အဲဒီစည်းမျဉ်းတွေကို ရှင်းရှင်းလင်းလင်း ပြောပြပေးပြီး သူ့ကို သေချာလိုက်နာစေဖို့ပါ။

သင့်မှာ ဘာစံနှုန်း၊ သတ်မှတ်ချက်မှ မရှိဘူးဆိုရင်တော့ ဘယ်သူ့ရဲ့ စည်းမျဉ်းတွေကို သူလိုက်နာသွားလိမ့်မယ်လို့ ထင်ပါသလဲ။ ဟုတ်ပါတယ်။ သူ့အမေရဲ့ စည်းမျဉ်းတွေကို သူက လိုက်နာတော့မှာပါ။ သူ့မကသာ သူ့ကို သူမ ဘာကို လက်ခံနိုင်တယ်၊ ဘာကိုတော့ လက်မခံနိုင်ဘူးဆိုတာတွေ ပြောပြတဲ့ ပထမဆုံး အမျိုးသမီးဖြစ်ပါတယ်။ သူ့မက သူ့ကို ထမင်းစားပွဲမှာ မထိုင်ခင် လက်ဆေးဖို့ပြောရင်၊ လမ်းမီးတွေ မလင်းခင် အိမ်ထဲပြန်ဝင်လာဖို့ ပြောရင်၊ သူ့ရဲ့ညီမလေးနဲ့ အပြင်ထွက်ချိန်မှာ ညီမလေးကို အကာအကွယ်ပေးဖို့ မှာထားရင် အမြဲတမ်း ယုံကြည်လိုက်နာခဲ့တဲ့ သူ့အမေရဲ့ စကားကို သူက ငြင်းပယ်မယ်လို့ ထင်ပါသလား။ သူမ ငြင်းပယ်ဝံ့ပါဘူး။ သူ့အမေရဲ့စကားကို နားမထောင်၊ အလေးမထားလို့ဖြစ်လာမယ့် အကျိုးဆက်ကို သူ ရင်မဆိုင်နိုင်တဲ့အတွက်ကြောင့်ပါ။ ဒီစည်းမျဉ်းတွေကို သူလိုက်နာတာက သူ့အမေကို သူချစ်တာကြောင့်လည်း ပါပါတယ်။ ပြီးတော့ သူမရဲ့ စည်းမျဉ်း တွေကလည်း အများအားဖြင့် ပြောင်းလဲမသွားပါဘူး။ သူ့အသက်အရွယ်နဲ့ အခြေအနေအပေါ်မှာ မူတည်ပြီး အလိုက်သင့် ပြင်ဆင်သွားတာပဲ ရှိပါတယ်။ ဒါပေမဲ့ သူမသားရဲ့ ဘဝမှာ ဘယ်လိုပဲဖြစ်နေနေ သူမကို အလေးအမြတ်ထားဖို့၊ အကြွင်းမဲ့ ချစ်မြတ်နိုးဖို့၊ သူ့ကို မွေးဖွားပေးတဲ့ အမျိုးသမီး

အတွက် ကာကွယ်စောင့်ရှောက်ပေးဖို့ဆိုတဲ့ အချက်တွေကတော့ ဒီအတိုင်းပဲ ရှိနေဦးမှာပါ။ အဲဒီစံနှုန်းနဲ့ သတ်မှတ်ချက်တွေကိုတော့ သူမ ဘယ်တော့မှ လက်လျှော့မှာမဟုတ်သလို သူမရဲ့ သားဖြစ်သူကလည်း တာဝန်သိတတ်တဲ့၊ သတိရတတ်တဲ့၊ ချစ်တတ်တဲ့သားဆိုရင် ဒီအရာတွေကို ဘယ်တော့မှ ရိုက်ချိုးသွားမှာ မဟုတ်ပါဘူး။

သူက ချစ်တဲ့၊ သူ့ကိုလည်းပြန်ချစ်တဲ့၊ ပြီးတော့ နှစ်ဦးသားဆက်ဆံရေးမှာ အခြေခံစည်းမျဉ်းနဲ့ စံနှုန်းတွေ ချမှတ်ထားရကောင်းမှန်းသိတဲ့ အမျိုးသမီးတစ်ယောက်ကို သူရှာတွေ့တဲ့ အချိန်အထိပါပဲ။ ဒီစည်းမျဉ်းနဲ့စံနှုန်းတွေမှာ အဓိကကျတာကတော့ ....

၁။ ရှင် ကျွန်မကို အလေးထားရမယ်။
၂။ ကျွန်မနဲ့ကလေးတွေက ရှင့်အတွက် အားလုံးရဲ့ရှေ့က ဦးစားပေး ဖြစ်ရမယ်။
၃။ ကျွန်မတို့နဲ့ပတ်သက်တဲ့သူတိုင်းကို ကျွန်မတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးအပေါ်မှာ လေးစားမှုထားဖို့ ရှင်းရှင်းလင်းလင်း ပြောပြထားရမယ်။

ဒီစည်းမျဉ်းတွေကို သင်ကလည်း ချမှတ်မထားဘူး၊ သူ့အမေကလည်း ဘယ်တော့မှ မစွန့်လွှတ်ဘူးဆိုရင် ညကြီးသန်းခေါင် အိပ်ရာထဲမှာ သင့်ကိုထားခဲ့ပြီး သူ့အမေနဲ့ ကိတ်မုန့်သွား ကူဖုတ်ပေးနေတာဟာ ထူးပြီး အံ့ဩစရာမရှိပါဘူး။ သူ့အမေက သူ့ကိုကြိုးကိုင်ထားတယ်ဆိုတာမျိုး မဟုတ်ပါဘူး။ သင်ကသာ ဇက်ကြိုးကိုဝင်ထိန်းဖို့ ကြိုးစားမကြည့်ခဲ့တာပါ။ ကျွန်တော် ဖော်ပြပေးထားတဲ့ စာလွှာရှင်ရဲ့ စာကိုပဲ ကြည့်ပါ။ သူမဟာ ခင်ပွန်းဖြစ်သူနဲ့ ဆယ်နှစ်ကျော်ကျော် ရှည်ကြာတဲ့ဆက်ဆံရေးရှိခဲ့တာပါ။ သူ့အမေက သူ့ကို ဖုန်းဆက်ပြီး တစ်ခုခုခိုင်းတဲ့အချိန်မှာ သူမရဲ့ မကျေနပ်မှုကို တစ်ခါမှ ခြေတစ်လှမ်းတိုးပြီး ထုတ်ဖော်ပြသတာမျိုးကို မလုပ်ခဲ့ပါဘူး။ "ဒီအတွေးတွေကို ကျွန်မ ရင်ထဲမှာ မျိုသိပ်ထားတာ အတော်ကြာပါပြီ"လို့ သူမရဲ့ စာမှာရေးထားပါတယ်။ ဒီတော့ သူမကို ညကြီးအချိန်မတော် အိမ်

မှာ တစ်ယောက်တည်းထားပြီး သူ့အမေအိမ်ကိုသွားနေတာ၊ သူ့ကို သူ့အမေက ကလေးတစ်ယောက်ကို ဆူသလို အော်ဟစ်ဆူပူတာ၊ အိမ်မှာ ဝေယျာဝစ္စတွေ ကူညီလုပ်ကိုင်စရာရှိပါလျက်နဲ့ အမေ့အိမ်သွားပြီး လျှော်ဖွပ် ချက်ပြုတ်ပေး၊ တောက်တိုမယ်ရတွေ လုပ်ကိုင်ပေးနေတာတွေကို သင်သဘောမကျဘူးဆိုရင် သူတို့သားအမိဆက်ဆံရေးက သူ့ဇနီးရဲ့ စံနှုန်းသတ်မှတ်ချက်တွေကို ချိုးဖောက်ရာကျတယ်ဆိုတာ သူဘယ်လုပ်ပြီး သိနိုင်ပါ့မလဲ။ ယောက်ျားတွေဟာ စိတ်မဖတ်တတ်ပါဘူး။ သင်ဘာလိုချင်တာလဲဆိုတာကို ကျွန်တော်တို့ လုံးဝ ကြိုတင် မှန်းဆနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သင်က ထုတ်ပြောဖို့လိုပါတယ်။

စာလွှာရှင်က စာထဲမှာတော့ ထည့်ရေးမထားပါဘူး။ ကျွန်တော့်စိတ်အထင် သူမဟာ ယောက္ခမဖြစ်သူရဲ့ ဆယ်စုနှစ်တစ်ခုကျော်ကျော် အလွဲသုံးစား အခွင့်အရေးယူမှုကို ထုတ်မပြောရဲတာက ခင်ပွန်းသည်နဲ့ သူ့အမေကြားမှာ သူမ သပ်လျှိုဖို့ကြိုးစားရင် သူမဘက် မလိုက်ဘဲ မအေဘက်လိုက်ပြီး သူမကိုပစ်သွားမှာ ကြောက်တာကြောင့်လို့ထင်ပါတယ်။ ဒါပေမဲ့ ယောက်ျားတွေကို ဒီလိုထားလို့မရပါဘူး။ သင့်ရဲ့လူက သင့်ကို အစစ်အမှန် ချစ်မြတ်နိုးပြီး သူဟာ ယောက်ျားပီသတဲ့ လူဆိုရင် သူ့အမေရော သူ့အမျိုးသမီးကိုပါ ပျော်ရွှင်စေနိုင်မယ့်၊ အားလုံးအတွက် အဆင်ပြေစေမယ့် ဆက်ဆံရေးကို တည်ဆောက်နိုင်အောင် ကြိုးစားမှာပါ။

ပထမဆုံး သင်ဟာ သူ့ရဲ့ သေးခံဘောင်းဘီကို လဲပေးခဲ့တဲ့၊ သူ အကြိုက်ဆုံးဟင်းကို သူ့အကြိုက်ပုံစံအတိုင်း ချက်ပေးတတ်တဲ့၊ အားလုံးမဟုတ်တောင် သူ့ရဲ့သူငယ်ချင်းအပေါင်းအသင်း တော်တော်များများကိုသိတဲ့၊ ပြီးတော့ အားလုံးထက် သူ့ကို အကြာကြီးသိခဲ့တဲ့ ဒီအမျိုးသမီးကို မယှဉ်ပြိုင်နိုင်ဘူးဆိုတာ လက်ခံထားပါ။ သူမရဲ့ သွေးတွေက သူ့ရဲ့သွေးကြောတွေထဲမှာ စီးဆင်းနေဆဲပါ။ သူက သူ့အမေကို ချစ်မြတ်နိုးပြီး သူတို့ နှစ်ဦးကြားမှာ ကောင်းမွန်တဲ့ဆက်ဆံရေးရှိနေမယ်ဆိုရင် သင်ကြားဝင်လို့လည်း မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ တစ်မိသားနဲ့ တစ်မိသား ပေါင်းဖက်ပြီး မိသားစုတစ်ခုကို ဖန်တီးတည်ဆောက်ဖို့ ကြိုးစားရာမှာ သူလိုက်နာဖို့ လိုအပ်တဲ့ စံနှုန်းနဲ့ သတ်မှတ်ချက်တွေကို ချမှတ်ဖို့ သင့်ရဲ့လုပ်ပိုင်ခွင့်ကို အသုံးပြုတာက ဒီပြဿနာ

ကို ဖြေရှင်းနိုင်မယ့် နည်းလမ်းပါပဲ။ ညလယ်ခေါင် အိပ်ရာထဲကနေ သူ့အမေ အိမ်ထွက်သွားတဲ့ ယောကျ်ားအကြောင်းကို စိတ်ဆိုးမာန်ဆိုးနဲ့ ရေဒီယိုအစီအစဉ်မှာ စာလှမ်းရေးနေမယ့်အစား သူမ လုပ်သင့်တာက အိပ်ခန်းတံခါးဝမှာတင် ယောကျ်ားကိုတားပြီး "ဒီမှာ ရှင့်အမေကို ရှင်ချစ်တယ်၊ သူ့အတွက် ရှင် ဘာမဆိုလုပ်ပေးချင်တယ်ဆိုတာကို ကျွန်မ သိပါတယ်။ ဒါပေမဲ့ ကျွန်မနဲ့ ကလေးတွေချည်းပဲ ဒီအိမ်ထဲမှာထားခဲ့ပြီးတော့ ရှင့်အမေအတွက် မုန့်သွားဖုတ်ပေးနေတာကိုတော့ ကျွန်မလက်မခံနိုင်ဘူး။ ရှင် .... အဲဒီကို သွားမယ်ဆိုရင်တော့ ဒီနေ့ည အဲဒီမှာပဲ ရှင် ညအိပ်လိုက်ပါ" ဆိုတဲ့ စကားမျိုးကိုသာ ပြောလိုက်ပါ။

ဒီလိုပြောလိုက်တာက မသိသာ ဆိုးရွားနိုင်တာ မဟုတ်သလို လက်သင့်မခံနိုင်စရာ အကြောင်းလည်း မရှိပါဘူး။ မုန့်ဖုတ်ဖို့ပဲ ဖြစ်ဖြစ်၊ အဖော်အချွတ်ကလပ်ကိုသွားတာပဲဖြစ်ဖြစ် ညဆယ့်တစ်နာရီထိုးခါနီးအချိန်မှာ မိန်းမနဲ့ကလေးတွေချည်းပဲ အိမ်မှာထားပြီးထွက်သွားတာက အဲဒီအမျိုးသမီးက လက်မခံနိုင်ဘူးလို့လည်း စဉ်းစားရင် ဒါလက်မခံနိုင်စရာပါပဲ။ ပြီးတော့ ဒါကို သူမက သူမရဲ့လူကို ပေးသိထားရင် သူတို့ဆက်ဆံရေး တည်မြဲဖို့ လိုက်နာဖို့ လိုအပ်တဲ့ စံနှုန်းတွေကို သူနားလည်အောင် သူမက လုပ်တာပါ။ ပြောပြထားပေးပြီးပြီဆိုရင်တော့ လိုက်နာခြင်း၊ မလိုက်နာခြင်းဟာ သူ့အပေါ်မှာ မူတည်ပါတယ်။ သူ့အမေဆီကို ကိတ်မုန့်ကူဖုတ်ဖို့ ညတွင်းချင်းသွားမလား၊ ဒါမှမဟုတ် ယောကျ်ားပီပီသသနဲ့ သူ့အမေကို ဖုန်းဆက်ပြီး သူဒီည မလာနိုင်တဲ့အကြောင်း၊ မနက်ဖြန် အလုပ်သွားဖို့ထွက်လာတော့မှ တစ်ဆိုင်ဆိုင်ကနေ မုန့်ဖုတ်သုံးပစ္စည်းတချို့ပေးလာမယ့်အကြောင်း ပြောမလားဆိုတာ သူဆုံးဖြတ်ရမှာပါ။ သူ့အမေက ဒီကိစ္စနဲ့ပတ်သက်လို့ ကျေနပ်ချင်မှ ကျေနပ်မှာပါ။ ဒါပေမဲ့ သင်ဘာတတ်နိုင်မှာလဲ။ သူတို့ရဲ့ အပြုအမူနဲ့ ခံစားချက်တွေကို သင်မထိန်းချုပ်နိုင်ပါဘူး။ ဒါပေမဲ့ သင်ဘယ်လို ခံစားရတယ်ဆိုတာ ပြီးတော့ သင့်လူဆီက ဘာကိုမျှော်လင့်တယ်ဆိုတာကိုတော့ ကန့်သတ်ထိန်းချုပ်လို့ရပါတယ်။

စာလွှာရှင် အမျိုးသမီးဟာ သူမရင်ထဲက ခံစားချက်ကို ထုတ်ပြောဖို့ အချိန်ဆယ့်တစ်နှစ်နီးပါးစောင့်ဆိုင်းခဲ့ရပါတယ်။ ဒါပေမဲ့ သင့်မှာ အခု

ယောကျ်ားတစ်ယောက်ယောက်နဲ့ ဆက်ဆံရေးရှိနေပြီဆိုရင်တော့ ဒါတွေကို အရင်ချပြထားမှဖြစ်တော့မှာပါ။ သင်လုပ်ရမှာက ပွင့်ပွင့်လင်းလင်း ထုတ်ပြောဖို့ပါပဲ။

"ကျွန်မတို့ကို ကာကွယ်စောင့်ရှောက်ပေးဖို့၊ ကျွန်မတို့ရဲ့ ဘဝလုံခြုံမှုကို ပေးဖို့၊ ဒီကလေးတွေကို ကူညီပျိုးထောင်ပေးဖို့၊ သားအတွက်၊ယောကျ်ားဆိုတာ၊ သမီးအတွက် ခင်ပွန်း လင်ဆိုတာ ဒီလိုမျိုးလို့ နမူနာကောင်းပြနိုင်ဖို့ ရှင် ဒီနေရာမှာရှိနေပေးပါ။ ကျွန်မ ရှင့်ကို အားကိုးအားထားပြုရမယ့် အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်စေချင်တယ်" လို့သာ ဖွင့်ပြောထားလိုက်ပါ။

သူဟာ မိန်းမတစ်ယောက်နဲ့ စစ်မှန်တဲ့၊ တည်မြဲတဲ့၊ ချစ်ခြင်း ထုံမွမ်းတဲ့ ဆက်ဆံရေးကို လိုလားတဲ့ ယောကျ်ားစစ်စစ်တစ်ယောက်ဆိုရင် သူ့ရဲ့ မိသားစုအသစ်တစ်ဖြစ်လဲ ကိုယ်ပိုင်မိသားစုအတွက် သူ့ဘဝကို ပေးအပ်ထားဖို့ အဆင်အပြေဆုံး နည်းလမ်းကို သူရှာဖွေနိုင်မှာပါ။

■

# ၄
# ယောက်ျားတွေ ဘာကြောင့် ဖောက်ပြန်ရသလဲ

ယောက်ျားတစ်ယောက်ရဲ့ အမြင်နဲ့ကြည့်ရင် "ယောက်ျားတွေ ဘာကြောင့် ဖောက်ပြန်ရသလဲ" ဆိုတဲ့ မေးခွန်းရဲ့ အဖြေဟာ အလွန်ရှင်းလင်းပါတယ်။ မိန်းမတွေအတွက်တော့ ဒီလိုမဟုတ်ပါဘူး။ အကြောင်းပြချက်တွေ ဘယ်လောက်ကောင်းကောင်း၊ ဘယ်လိုပဲ လက်သင့်ခံနိုင်စရာရှိရှိ မိန်းမတွေက နားထောင်ပေးပြီး "အော် .... ဒီလိုလား၊ ကျွန်မ သဘောပေါက်ပါပြီ" လို့ ဘယ်တော့မှ ပြောမှာ မဟုတ်တာကို ယောက်ျားတွေ သိကြပါတယ်။ ဒီလိုကိစ္စမှာ မိန်းမအများစု ကျေနပ်လက်ခံနိုင်လောက်အောင် ရှင်း ပြလို့ရမယ့် စကားလုံး အသုံးအနှုန်း ဒါမှမဟုတ် ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်မှ မရှိသေးပါဘူး။

ဒါကြောင့် ဖောက်ပြန်ခြင်းဆိုတာ မိန်းမအများစုအတွက် စဉ်းတောင် မစဉ်းစားဝံ့တဲ့အရာ၊ ခွင့်မလွှတ်နိုင်တဲ့အရာဖြစ်ပါတယ်။ ဘာကြောင့် ယောက်ျားတစ်ယောက်က သစ္စာမရှိရမှာလဲဆိုတာကို သင်နားမလည်သလို နားလည်းမလည်နိုင်ပါဘူး။ ပြီးတော့ နားလည်ချင့်ယောင်လည်းဆောင်မှာ မဟုတ်ပါဘူး။ သင်က သူ့ကို သင့်ရဲ့အချစ်၊ စိတ်နဲ့ခန္ဓာ၊ အချိန်တွေပေးထားပြီး အတူနေ အတူစားလို့ သူ့ရင်သွေးတွေ မွေးပေးပြီး သူ့အတွက် ချက်ပြုတ်လျှော်ဖွပ်ပေးရတယ်။ ပြီးတော့ သူ့ရဲ့ကောင်းမျိုး ဆိုးမျိုးကိုလည်း သည်းခံရ

သေးတယ်။ ဒါကို ဘယ်လိုနားလည်နိုင်မှာလဲလို့ စဉ်းစားပါလိမ့်မယ်။

ကျွန်တော်တို့ ယောကျ်ားတွေကတော့ နားလည်ပါတယ်။ ပြဿနာမီးကို မွှေးတာက ဘာတွေဖြစ်လာစေနိုင်တယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ အမိခံရရင် ဘယ်လိုဆက်စပ်ဆိုးကျိုးတွေ ပေါ်ထွက်လာနိုင်သလဲဆိုတာကို တွက်ဆနိုင်ပါတယ်။ မိဘမောင်ဖွား၊ မိတ်ဆွေတွေနဲ့ ပတ်ဝန်းကျင်ကပါ ဝိုင်းသနားတာခံရတဲ့ ကိုယ်သစ္စာဖောက်ခဲ့တဲ့ မိန်းမဆီကို ပြန်ချဉ်းကပ်ဖို့ဆိုတာကလည်း ကျွန်တော်တို့အတွက် မဟာစွန့်စားအားထုတ်မှုကြီးဖြစ်နေမယ်ဆိုတာ သိပါတယ်။ ဒါနဲ့များ ဘာကြောင့် ကျွန်တော်တို့တွေဖောက်ပြန်နေကြသေးတာလဲ။

ကျွန်တော်က ဖောက်ပြန်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အပြုအမူကို သရုပ်ပြဖို့မဟုတ်ပါဘူး။ ကျွန်တော် အားကြိုးမာန်တက် ရှင်းပြချင်တာက ဘာကြောင့် ယောကျ်ားတွေ ဖောက်ပြန်ဖို့ တွန်းအားရသလဲဆိုတာရယ် သင့်ရဲ့ အမျိုးသားက သင့်ကို ဒီလိုလုပ်လာနိုင်ခြေရှိတဲ့ အခြေအနေတွေကို လျှော့သွားအောင် ဘယ်လိုလုပ်မလဲဆိုတာရယ်ပါ။ ဒါကြောင့် လိုရင်းကို သွားကြရအောင်ပါ။ ယောကျ်ားတွေ ဖောက်ပြန်ရတဲ့ အကြောင်းကတော့...။

## သူတို့တတ်နိုင်လို့ပါ

လိင်မှုကိစ္စကို ယောကျ်ားတွေ ရှုမြင်ပုံက သင်တို့မိန်းမတွေလောက် မရှုပ်ထွေးပါဘူး။ ရိုးရိုးရှင်းရှင်းပါပဲ။ မိန်းမအများစုအတွက်တော့ လိင်ဆက်ဆံတယ်ဆိုတာက စိတ်ခံစားချက်ပါတဲ့ ချစ်ခြင်းကိုဖော်ပြတဲ့ အပြုအမူတစ်ရပ်ဖြစ်ပါတယ်။ ဒါကို နားလည်ပေးလို့ရပါတယ်။ ဒီလိုနက်ရှိုင်းသိမ်မွေ့နူးညံ့တဲ့ အခိုက်အတန့်မျိုးကို သင့်အတွက် တစ်စုံတစ်ရာ အဓိပ္ပာယ်သက်ရောက်မှုရှိတဲ့ လူတစ်ယောက်ယောက်နဲ့သာ ဖြစ်ခွင့်ပေးရမယ်ဆိုတာကို သင်တို့တစ်သက်လုံး ဆုံးမလမ်းညွှန်ခံခဲ့ရတာပါ။

ဒါပေမဲ့ ယောကျ်ားတွေရဲ့ လိင်မှုကိစ္စမှာတော့ ညီမျှခြင်းများ ခံစားချက်တို့၊ အဓိပ္ပာယ်တို့တွေ သေချာပေါက်ပါဝင်မှဖြစ်တာ မဟုတ်ပါဘူး။ ယောကျ်ားတွေအတွက် လိင်မှုကိစ္စဟာ ထမင်းစားရေသောက်သလို လွယ်ပါတယ်။ လိင်မှုကိစ္စဟာ ကျွန်တော်တို့အတွက် ရုပ်ခန္ဓာဆိုင်ရာ အပြုအမူ

သက်သက်ဖြစ်ပြီး အချစ်နဲ့ ဘာမှသက်ဆိုင်ခြင်းမရှိပါဘူး။ ကျွန်တော့်ဆီကို ရောက်လာတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ စာကိုဖတ်ပြီး စဉ်းစားကြည့်ပါ။ စာလွှာရှင်က သူ့ကိုယ်သူ 'သောကရောက်နေသူ' လို့ အမည်တပ်ထားပါတယ်။

"အိမ်ထောင်သက်တမ်းအနှစ် နှစ်ဆယ်ရှိပြီဖြစ်တဲ့ ခင်ပွန်းဖြစ်သူကို ကျွန်မ တစ်ခါမေးကြည့်ဖူးပါတယ်။ လိင်မှုကိစ္စမှာ ကျွန်မတစ်ယောက်တည်းနဲ့တင် သူကျေနပ်တင်းတိမ်နိုင်ရဲ့လားဆိုတဲ့ မေးခွန်းပါ။ သူက အဖြေမပေးခင် အချိန်တော်တော်ကြာအောင် တုံ့ဆိုင်းသွားပါတယ်။ "ဟင့်အင်း" ဆိုတဲ့ အဖြေကို သူပေးမယ်ဆိုတာ ကျွန်မသိပြီးသားပါ။ ပြီးတော့ သူက ကျွန်မကို အကျယ်တဝင့် ဆက်ရှင်းပြပါတယ်။ သူ ကျွန်မကို ချစ်တဲ့အကြောင်း၊ ကျွန်မ ထိခိုက်နာကျင်ရအောင် ဘယ်တော့မှ လုပ်မှာ မဟုတ်တဲ့အကြောင်း၊ ဒါပေမဲ့ တခြားမိန်းမတွေနဲ့ ရင်းနှီးတဲ့ဆက်ဆံရေးမျိုး မဖြစ်စေဘဲ လိင်မှုကိစ္စအတွက်နဲ့ ပတ်သက်ဖို့ ကျွန်မ ခွင့်ပြုပေးရင် သူကတော့ လုပ်ဆောင်မှာဖြစ်ကြောင်း ပြောပါတယ်။ သူက အသက်အရွယ်ရလာတာနဲ့အမျှ လိင်ပိုင်းဆိုင်ရာအရ ညို့ယူဆွဲဆောင်နိုင်အားကောင်းသေးရဲ့လားဆိုတာကို တွေးတောနေရပြီး ငယ်ရွယ်တဲ့ မိန်းမပျိုတစ်ယောက်ယောက်ဆီက အာရုံစိုက်မှုကို ရရှိတာဟာ သူရဲ့ အတ္တမာနကို မြှင့်တင်ပေးနိုင်တယ်လို့ သူက ပြောပါတယ်။ သူက ပတ်သက်ဆက်နွှယ်မှုထက် လိင်မှုကိစ္စကို ပိုစိတ်ဝင်စားပြီး အဲဒီကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်မကို ပွင့်ပွင့်လင်းလင်း အသိပေးပါမယ်လို့ သူကတိပေးရင် ကျွန်မက သူ့ကို တခြားမိန်းမတွေနဲ့ လိင်မှုကိစ္စဖြစ်ခွင့်ပေးမှာလားလို့ မေးပါတယ်။ သူ့အတွေ့အကြုံတွေနဲ့ ပတ်သက်လို့ မေးချင်တာ မေးနိုင်တယ်။ ဒါမှမဟုတ် ကျွန်မက မသိချင်ဘူးဆိုလည်းရတယ်လို့တောင် သူကပြောပါတယ်။ တစ်လင်တစ်မယားစနစ်နဲ့ ပတ်သက်ပြီး သူ့မှာ ပြဿနာရှိနေတာကတော့ သိသာပါတယ်။ နောက်ကွယ်မှာ တိတ်တိတ်ခိုးလုပ်တာမျိုးမဖြစ်အောင် ကျွန်မ သူ့ကို ခွင့်ပြုပေးသင့်ပါသလား။ သူ့ရဲ့ စိတ်ပြောင်းသွားအောင် ကျွန်မ ဘာများလုပ်ရပါ့မလဲ။ ဖြေကြားပေးပါရှင်"

စာထဲမှာပါတဲ့ နောက်ဆုံးမေးခွန်းအတွက် ဖြေစရာများများစားစား မရှိပါဘူး။ ယောကျ်ားတစ်ယောက်ဟာ သူ့ဇနီး၊ သူ့ရင်သွေး၊ သူ့အိမ်ယာနဲ့

သူတို့အတူ တည်ထောင်ထားတဲ့ ဘဝကို မြတ်နိုးတန်ဖိုးထားနိုင်ပါတယ်။ ပြီးတော့ သူ့ဇနီးနဲ့လည်း ကောင်းမွန်တဲ့ ရုပ်ခန္ဓာချင်းဆက်သွယ်မှုရှိနိုင်ပါတယ်။ ဒါပေမဲ့ တခြားမိန်းမတစ်ယောက်ဆီကနေ ရရင် နောက်တစ်ခါ ပြန်မစဉ်းစားဘဲ ယူလိုက်ချင်တဲ့ဆန္ဒလည်းရှိပါတယ်။ တခြားမိန်းမနဲ့ ထိတွေ့ဆက်ဆံတဲ့ အပြုအမူက သူ့အတွက်ဘာမှ မဟုတ်လို့ပါ။ ဒါဟာ ရုပ်ပိုင်းဆိုင်ရာအရ သူ့ကိုစိတ်ကျေနပ်စေတဲ့ အတွေ့အကြုံ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ သူ့စိတ်၊ သူ့နှလုံးသားကိုတော့ အိမ်မှာကျန်နေခဲ့တဲ့ သူချစ်တဲ့ သူ့အမျိုးသမီးအတွက်ပဲ ပေးအပ်ထားမှာပါ။

နမူနာတစ်ခုပြောပြချင်ပါတယ်။ ယောကျ်ားနဲ့ မိန်းမနှစ်ယောက်စလုံးဟာ သူ့အလုပ်နဲ့သူ အရေးပါအရာရောက်တဲ့နေရာ ကိုယ်စီရှိကြတယ်ဆိုပါစို့။ အများအမြင်မှာ ဒီအိမ်ထောင်ဟာ သာယာချမ်းမြေ့တယ်။ ပျော်ရွှင်တယ်၊ ပြီးတော့ တစ်ဦးအပေါ်တစ်ဦး အားပေးကူညီကြတယ်။ ကျေနပ်ဖွယ် အိမ်ထောင်ရေးပါ။ ဒါပေမဲ့ ဇနီးဖြစ်သူရဲ့ အလုပ်သဘာဝအရ နိုင်ငံခြားခရီးထွက်ရတာမျိုးရှိတယ်။ ဒီအချိန်မှာ ခင်ပွန်းက အိမ်မှာကျန်ခဲ့ပြီး သားသမီးတွေကို စောင့်ရှောက်ရ၊ အိမ်မှုကိစ္စတွေကို ထိန်းသိမ်းဆောင်ရွက်ပေးရတယ်။ ပြီးတော့ သူ့အလုပ်တွေကိုလည်း ပြေးလုပ်ရသေးတယ်။ ဒီလိုဖိအားတွေကြားမှာ ဘယ်ယောကျ်ားမှ လိင်မှုကိစ္စမရှိဘဲ ကြာကြာမနေနိုင်ပါဘူး။ ယောကျ်ားတော်တော်များများက အလွယ်တကူရတဲ့နေရာက ယူလိုက်မယ်ဆိုတဲ့ အခြေအနေကို သူတို့ကိုယ်သူတို့ တွန်းပို့ကြပါလိမ့်မယ်။ ဒါက သူ့ဇနီးကို သူမချစ်လို့မဟုတ်ပါဘူး။ ဖိအားနဲ့ မွန်းကျပ်နေတဲ့ သူ့စိတ်ကို ထွက်ပေါက်ပေးဖို့အတွက် သက်သက်ပဲဖြစ်ပါတယ်။

ဒီလိုအလုပ်တွေက သင့်အတွက်တော့ ခဲယဉ်းပင်ပန်းတယ်လို့ မထင်ရပေမဲ့ ယောကျ်ားတစ်ယောက်အတွက်တော့ မလွယ်လှပါဘူး။ သူဟာ စိတ်လက်ပြေပျောက်ဖို့ တစ်နည်းနည်းနဲ့ ကြိုးစားမှာပါ။ လိင်မှုကိစ္စကို သင့်ဆီက မရနိုင်တဲ့အချိန်မှာ တစ်ယောက်ယောက်ဆီကနေ သူကယူမှာပါ။ သင်က ဒါကို သစ္စာမဲ့သူအဖြစ်မြင်ပါတယ်။ ယောကျ်ားတွေကတော့ ဖြေလျှော့စရာ နည်းလမ်းတစ်ခုလို့ မြင်ပါတယ်။ အထူးသဖြင့် ....

## သူတို့ တိမ်းရှောင်နိုင်မယ်လို့ထင်တဲ့အခါ

သူဖောက်ပြန်တာကို မိသွားရင် ဘာတွေဖြစ်လာနိုင်တယ်ဆိုတာကိုယောကျ်ားတိုင်းစဉ်းစားမိကြပါတယ်။ ဒါပေမဲ့ အများအားဖြင့် ယောကျ်ားတွေက သူတို့ရှောင်တိမ်းနိုင်မယ်ဆိုတာကို ယုံကြည်ချက်ရှိရှိနဲ့ စပြီး ဖောက်ပြန်တတ်ကြပါတယ်။ ဖောက်ပြန်တဲ့ ယောကျ်ားတစ်ယောက်ဟာ အဲဒီကဖြစ်လာမယ့် နောက်ဆက်တွဲဆိုးကျိုးတွေ အကုန်လုံးကို တွက်ချက်စဉ်းစားထားပြီးသားပါ။ သူချစ်တဲ့ အမျိုးသမီး၊ သူ့ရင်သွေးတွေ၊ သူ့အိမ်နဲ့ သူ့ရဲ့ပျော်ရွှင်မှုတွေ ဆုံးရှုံးသွားနိုင်ခြေရှိတယ်ဆိုတာ သူသိပါတယ်။ သူ့ဘဝမှာအရေးပါတဲ့အရာတွေအားလုံး ပြိုလဲပျက်စီးသွားနိုင်တယ်ဆိုတာ သူတွေးမိပါတယ်။

ဒါနဲ့တောင်မှ ယောကျ်ားတွေဟာ သူတို့ဖောက်ပြန်တာ လူမိသွားလိမ့်မယ်လို့ လုံးဝ မစဉ်းစားပါဘူး။ ကျွန်တော်တို့က ကိုယ်သာ သိုသိုသိပ်သိပ်နေနိုင်ရင် ကိုယ်ရဲ့သစ္စာပျက်မှုကို သင်မသိအောင် အရှည်ဖုံးကွယ်ထားနိုင်မယ်၊ သင်မသိဘူးဆိုရင် သင့်ကို နာကျင်စေမှာမဟုတ်ဘူးလို့ အမြဲတွေးပါတယ်။ ယောကျ်ားတစ်ယောက်ဆီမှာ သင့်ရဲ့ ခိုင်မြဲချည်နှောင်တဲ့စိတ်က ကျွန်တော်တို့လုပ်သမျှ သံသယဖြစ်ပွားစရာအားလုံးကို အစားထိုးချေဖျက်နိုင်တယ်လို့ ကျွန်တော်တို့က ရဲရဲယုံကြည်ထားတယ်။ ကျွန်တော်တို့ကို တစ်ယောက်တည်းပစ်ထားလိုက်တာထက် မပြည့်စုံတဲ့ ကျွန်တော်တို့နဲ့အတူရှိရေးက သင့်အတွက် ပိုအရေးကြီးလို့ သံသယတွေကို သင်ဖြေဖျောက်လိုက်လိမ့်မယ်ဆိုတာ ကျွန်တော်တို့ သိနေတာကြောင့်ပါ။ အစမှာတော့ သင်ဒီလိုပဲဖြစ်မှာပါ။ ဒါပေမဲ့ သင့်သံသယတွေက စုံစမ်းစစ်ဆေးတဲ့ ပုံစံပြောင်းသွားပြီးဆိုရင်တော့ ကျွန်တော်တို့က လိမ်ညာငြင်းဆိုတော့မှာပါ။

ဒါက သင့်ကို ကျွန်တော်တို့ အလေးထားသေးရင်ပေါ့။ ယောကျ်ားတစ်ယောက်က သင့်ကို သူ့ဘဝမှာ မအပ်စပ်ဘူး၊ ရှေ့ဆက်လက်တွဲလို့မဖြစ်တော့ဘူးလို့ စဉ်းစားရင် သူဖောက်ပြန်တာကို သင်က မိသွားရင်တောင်မှ ဖုံးကွယ်တာတို့၊ ရှင်းပြတာတို့တွေ လုပ်နေမှာ မဟုတ်ပါဘူး။ သူတခြားတစ်ယောက်ယောက်နဲ့ အတူအိပ်နေတယ်ဆိုတာကို ရှင်းရှင်းပဲ သင့်ကိုဖွင့်ပြောပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ....။

**သူဖြစ်ချင်တဲ့လူတစ်ယောက်ဖြစ်မလာသေးလို့ (သို့မဟုတ်) သူ အမှန်တကယ် လိုလားတဲ့သူကို ရှာမတွေ့သေးလို့**

ဒါကတော့ သက်သက်ခေါင်းရှောင်တာလို့ သင်ထင်ချင်ထင်နိုင်ပါတယ်။ ဒါပေမဲ့ ဒါက အမှန်တရားပါပဲ။ ဒီကိစ္စက အစမှာ ကျွန်တော်ပြောခဲ့တဲ့ ယောကျ်ားတွေဟာ သူတို့ယောကျ်ားအချင်းချင်း ယှဉ်ပြီးတော့မှ ကိုယ့်ကိုယ်ကိုယ် အကဲဖြတ်တယ်ဆိုတဲ့နေရာကို ပြန်သွားပါတယ်။ ကျွန်တော်တို့ဟာ ကိုယ်ဖြစ်ချင်တဲ့၊ ဖြစ်ဖို့လိုအပ်တဲ့ နေရာကိုမရောက်သေးရင် တကယ် အမှီအခို ကင်းကင်းနဲ့ ရင့်ကျက်ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ဖို့အတွက် ကျွန်တော်တို့ရဲ့ စီမံကိန်းတွေမှာ အံဝင်ခွင်ကျဖြစ်မယ့် မိန်းမတစ်ယောက်နဲ့ ဘယ်လိုပုံစံ အခြေတကျနေထိုင်ရမလဲဆိုတာကို သိနားလည်ဖို့ အဆင်သင့်မဖြစ်သေးပါဘူး။

"အဆင်ပြေတော့မှ လက်ထပ်ကြတာပေါ့"၊ "ပထမဆုံး ရာထူးတိုးအောင် အရင်လုပ်ရပါစေဦး။ နောက်မှ အခြေချဖို့ စဉ်းစားကြတာပေါ့" ဆိုတဲ့ အရာမျိုးတွေ ပြောပြောနေတဲ့ ယောကျ်ားတွေကို သင်မြင်ဖူး ကြားဖူးမှာပါ။ အဲဒီလူဟာ သူ့ကိုယ်သူ ပြည့်စုံဖို့ ကြိုးစားနေဆဲပါ။ သူဒါကိုဦးတည်ပြီးလုပ်နေတဲ့အချိန်မှာ သူ့ဘဝကို ချည်နှောင်တဲ့ ဆက်ဆံရေးတို့မှာ အရောက်ခံမှာ မဟုတ်ပါဘူး။ သူ့ကိုယ်သူ အဲဒီအတွက် အချိန်မရှိသေးဘူး၊ ဦးစားပေးရမယ့်အရာမဟုတ်သေးဘူးလို့ပဲ ပြောမှာပါ။

အိမ်ထောင်ပြုပြီး သား သမီးရှိတဲ့ ယောကျ်ားတွေမှာလည်း အဲဒီလိုဖြစ်နိုင်ပါတယ်။ ရင့်ကျက်အောင်မြင်ပြီး သူဖြစ်ချင်တဲ့ဘဝကို ပိုင်ဆိုင်ထားပြီးတဲ့ ယောကျ်ားတစ်ယောက်ဟာ သူ့ဘဝမှာ ဦးစားပေးရမယ့်အရာတွေကို အစဉ်လိုက် သတ်မှတ်ထားပြီးသားပါ။ ဘုရားရှင်၊ မိသားစု၊ ပညာရေး၊ စီးပွားရေးနဲ့ တခြားအရာတွေပါ။ ဒါပေမဲ့ မိသားစုက ဒုတိယနေရာမှာ မဟုတ်ရင် ပြဿနာရှိနိုင်ပါတယ်။ သူက ဦးစားပေးတဲ့အရာတွေကို သူချမှတ်ထားတဲ့ အစီအစဉ်အတိုင်း သူ့ကိုယ်သူ မြှုပ်နှံဆောင်ရွက်တော့မှာပါ။ သင့်ရဲ့လင်ယောကျ်ားအဖြစ်နဲ့ သင်နဲ့ကလေးတွေကို ယောကျ်ားတစ်ယောက်လုပ်ဆောင်ပေးရမယ့် တာဝန်တွေ ကျေပွန်အောင်လုပ်ဆောင်ပေးနေပေမဲ့ သူက သူဦးစားပေး ဆန္ဒပြည့်ဝဖို့ ပိုအရေးကြီးတယ်လို့ ဆုံးဖြတ်ထားရင် သစ္စာရှိဖို့

ဆိုတဲ့ သင့်ရဲ့တောင်းဆိုချက်အတိုင်း သူလိုက်နေနိုင်မှာ မဟုတ်ပါဘူး။ သူက သင့်ကို ထိခိုက်နာကျင်အောင်တော့ လုပ်မှာမဟုတ်ပါဘူး။ သင့်ကို ဆက်ဆွဲထားဖို့ ဘာမဆို သူကြိုးစားမှာပါ။ ဒါပေမဲ့ တစ်ဖက်မှာတော့ တစ်ခုခုက နည်းနည်းလောက်ဖြစ်ဖြစ် ရှိနေဦးမှာပါ။ ဒီလိုဖြစ်ရတာ သင့်ကြောင့်မဟုတ်တာတော့ အမှန်ပါပဲ။

ကျွန်တော့်မှာ မိန်းမတွေနဲ့ တော်တော်လေး ရှုပ်ရှုပ်ပွေပွေနေခဲ့တဲ့ မိတ်ဆွေတစ်ယောက်ရှိပါတယ်။ နောက်ဆုံးတစ်နေ့မှာတော့ သူက ဒီလိုပြောလာပါတယ် "ဟော့ .... လူရေ ကျုပ်တော့ မိန်းမမျိုးစုံနဲ့ ကြုံခဲ့ဖူးပြီ။ သူတို့ဆီက ကျုပ်လိုချင်တာ ဘာကိုမဆိုရနိုင်တယ်။ သူတို့ကလည်း ပေးဖို့အဆင်သင့်ပဲ။ ဒါပေမဲ့ ကျုပ်မပျော်ဘူးဗျာ။ ကျုပ်မှာ ငြိမ်းချမ်းပျော်ရွှင်မှုမရှိဘူး။ ပြီးတော့ တည်ငြိမ်တဲ့ ဘဝရှိတယ်လို့လည်း မခံစားရဘူး။" သူဟာ တစ်ထိုင်တည်းနဲ့ သူရဲ့ ရှုပ်တဲ့ ပွေတဲ့အကျင့်ကို ပြင်ဖို့ ဆုံးဖြတ်လိုက်ပြီး နောက်ဆုံးမှာ သူအမှန်တကယ် တောင့်တနေတဲ့ မိသားစုဘဝကို ရရှိသွားပါတယ်။ သူဟာ သူ့ဘဝရဲ့ စစ်မှန်တဲ့ ပျော်ရွှင်မှုကို ရှာဖွေဖို့ ကွဲပြားတဲ့အရာတစ်ခုခု လုပ်ဖို့လိုအပ်တယ်လို့ ဆုံးဖြတ်လိုက်တာပါ။ ပြီးတော့ အဲဒီပျော်ရွှင်မှုကို ရရှိဖို့တစ်ခုတည်းသော နည်းလမ်းဟာ သူ့အတွက် တကယ်ထူးခြားတဲ့၊ အလေးအနက်ထားရတဲ့ လူတစ်ယောက်ယောက်နဲ့မှ ဖြစ်မယ်ဆိုတာကို သူ သဘောပေါက်သွားပါတယ်။

ယောကျ်ားတစ်ယောက်ဟာ သူလိုချင်တဲ့ ပျော်ရွှင်မှုကိုရှာတွေ့တဲ့ အချိန်မှာ သူ့အတွက်ဖောက်ပြန်ဖို့ အခွင့်အလမ်းတွေ ပိုနည်းသွားပါတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ .....

**အိမ်က အခြေအနေဟာ အရင်ကအခြေအနေနဲ့ မတူတော့လို့ပါ**

ဟုတ်ပါတယ်။ ဒါကတော့ သင်နဲ့သက်ဆိုင်တာ တစ်ခုခုဖြစ်နိုင်ပါတယ်။ သင့်လူက သင်တို့ဆက်ဆံရေးဟာ အရင်လို တက်တက်ကြွကြွမရှိတော့ဘူး။ သင်က သူ့ကို အရင်လို ပူလောင်ပြင်းပြလာအောင် မလုပ်နိုင်ဘူး။ သင်တို့ချင်း ချစ်ကြတုန်းကလို ပုံစံမျိုး သင့်မှာမရှိတော့ဘူးလို့ သူ့ကိုယ်သူ ပြောချင်ပြောနေနိုင်ပါတယ်။ အမျိုးသမီးတွေဟာ အိမ်ထောင်ကျပြီးသွားပြီ

ဆိုတာနဲ့ ကလေးတွေကို ပြုစုစောင့်ရှောက်ရတာ၊ အလုပ်နဲ့အိမ်မှုကိစ္စအဝဝ တာဝန်ကို ထမ်းရွက်ရတာ၊ လင်ယောကျ်ားရဲ့ လိုအပ်ချက်တွေကို ဖြည့်စွမ်းရတာနဲ့ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ခြယ်သဖို့၊ ဆွဲဆောင်မှုရှိအောင်နေဖို့ မေ့လျော့နေတတ်ပါတယ်။ တစ်နေ့လုံး ခြေကုန်လက်ပန်းကျအောင် အလုပ်လုပ်လာခဲ့ရတဲ့ မိန်းမတစ်ယောက်ဟာ အိပ်ရာဝင်ချိန်မှာ ရင်ခုန်စွဲမက်ဖွယ်ကောင်းနေဖို့ဆိုတာ တကယ်မလွယ်ပါဘူး။

ဒီအချိန်မှာ ယောကျ်ားဖြစ်သူဟာ တစ်ချိန်က ရှိခဲ့ဖူးတဲ့ ပူလောင်ပြင်းပြတဲ့အရသာကို ဝေ်မွတ်တောင့်တနေပါတယ်။ ဒါပေမဲ့ သင်က ပြောင်းလဲသွားပါပြီ။ (သူလည်းပြောင်းလဲသွားပြီဆိုတာ သူ့ကိုယ်သူသိပါတယ်။ ဒါပေမဲ့ အခု သူ့အကြောင်းကို ကျွန်တော်တို့ ပြောနေတာမဟုတ်ပါဘူး။ သင့်အကြောင်းကို ပြောနေတာပါ) သင်က သူ့ကိုအရင်လို အသိအမှတ်ပြု မပေးဘူးဆိုတဲ့ ခံစားချက် သူ့မှာရှိလာတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ကြင်စဦးလို ကြည်သာပျော်မွေ့နေရတဲ့ အချိန်တွေထက် ကတောက်ကဆဖြစ်ရ၊ ငြင်းကြ ခုံကြရတဲ့ အချိန်တွေက ပိုများလာပါတယ်။ သင်တို့ အိမ်ဟာ သူခံဝန်ကတိပြုထားတဲ့အတိုင်း မဟုတ်သလို ခံစားလာရပါတယ်။ အိမ်မှာ သူခံဝန်ထားတဲ့အတိုင်း ပြန်မရဘူးဆိုရင် သူက အပြင်ကိုထွက်ပြီး တခြားတစ်နေရာရာမှာ သွားရှာဖို့ ဖြစ်နိုင်ခြေ ပိုများသွားပါပြီ။ တခြား နေရာမှာ သူသွားရှာရင်ရမယ်ဆိုတာကို သူသိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ....

## အကြီးမားဆုံးအကြောင်းရင်း – အပြင်မှာ သူနဲ့ဖောက်ပြန်မယ့် မိန်းမတစ်ယောက်ယောက် အမြဲရှိနေတယ်

ဒါဟာ ဘယ်မိန်းမကမှ ရင်မဆိုင်ချင်တဲ့ အမှန်တရားပါ။ မိန်းမတိုင်းကသာ "ရှင်က အိမ်ထောင်ရှိတဲ့ လူပဲ။ ရှင်နဲ့ ကျွန်မ မဖြစ်နိုင်ပါဘူး" လို့ ပြောရင် ဒီနေ့အထိ တည်တံ့ခိုင်မြဲနေမယ့် အိမ်ထောင်တွေ ဘယ်လောက်တောင်များလိမ့်မလဲဆိုတာကို စဉ်းစားကြည့်ပါ။ ယောကျ်ားတွေဖောက်ပြန်နိုင်တာက သူတို့ကို မပိုင်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ်ပေးဆပ်ဖို့ ဝန်မလေးတဲ့ မိန်းမတွေများနေတာကြောင့်ပါပဲ။ ကိုယ်နဲ့ပတ်သက်မိတဲ့ ယောကျ်ားဟာ ဆိုင်သူရှိပြီးမှန်းမသိဘဲ အလှည့်စားခံလိုက်ရတဲ့ မိန်းမတွေလည်း ရှိပါတယ်။

ဒါပေမဲ့ အများအားဖြင့်တော့ သူတို့ဟာ အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်နဲ့ အတူအိပ်နေကြတာဖြစ်မှန်း သိကြပါတယ်။ စံနှုန်းတွေ၊ သတ်မှတ်ချက်တွေမရှိ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရကောင်းမှန်းမသိဘဲ သူတစ်ပါးအိမ်ယာကို ဖောက်ပြန်ချင်တဲ့၊ ဖောက်ပြန်ဖို့ အဆင်သင့်စောင့်နေတဲ့ မိန်းမတွေရှိပါတယ်။ ဒီမိန်းမတွေသာ သူတို့ကိုယ်သူတို့ ဖောက်ပြန်ခြင်း စက်ဝန်းထဲက ဆွဲထုတ်လိုက်မယ်ဆိုရင် သစ္စာမဲ့ဖောက်ပြန်တဲ့ အဖြစ်အပျက်တွေ တော်တော်ကျဆင်းသွားမှာပါ။ ဖောက်ပြန်ခြင်းတာဝန်က ထွက်နိုင်မယ့်နည်းလမ်းကတော့ ဒီစာအုပ်မှာ ကျွန်တော်ပြောတဲ့အတိုင်း သင်လိုက်နာဆောင်ရွက်ဖို့ပါပဲ။ သင့်ရဲ့ စံနှုန်းနဲ့ သတ်မှတ်ချက်တွေကို သိအောင်လုပ်ပါ။ ပြီးရင် သူတို့ကို ရှင်းပြပါ။ အဲဒီစံနှုန်းနဲ့ သတ်မှတ်ချက်တွေကို စွဲကိုင်ထားပါ (အခန်း– ၈)။ ဆက်ဆံရေးမှာ ရှေ့ဆက်တိုးဖို့ သင်သိဖို့လိုအပ်တဲ့ အဓိကကျတဲ့ မေးခွန်းငါးခုကိုမေးမြန်းပြီး သူ့အကြောင်းသိအောင်လုပ်ပါ ( အခန်း –၉)။ ရက် ၉၀ စည်းမျဉ်းကိုလည်း လိုက်နာဆောင်ရွက်ပါ။ (အခန်း – ၁၀)။ ဒီအရာအားလုံးကို သင်တို့ရဲ့သမီးတွေကိုပါ သင်ကြားပေးပါ။ ဒီလိုမှမဟုတ်ရင် ဖောက်ပြန်ခြင်းက ဆက်လက်ရှိနေဦးမှာ ဖြစ်ပါတယ်။

ဒီမှာ ကျွန်တော်ပေးခဲ့တဲ့ အကြောင်းပြချက်တွေက ယောကျ်ားတွေ ဖောက်ပြန်ရတဲ့ အဓိက အကြောင်းပြချက်တွေဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ထပ် အကြောင်းပြချက်တွေ အများကြီးရှိပါသေးတယ်။ ယောကျ်ားတစ်ယောက်မှာ ဘာကြောင့် သူအမှားလုပ်ရလဲဆိုတာကို ဖြေရှင်းဖို့ အကြောင်းပြချက်က အမြဲရှိနေမှာပါ။ ဒီအကြောင်းပြချက်တွေက ယောကျ်ားတစ်ယောက်နဲ့ တစ်ယောက်၊ မိန်းမတစ်ယောက်နဲ့တစ်ယောက် မတူညီနိုင်ဘဲ ပြောင်းလဲသွားမှာပါ။ ဒါပေမဲ့ သင်နားလည်ဖို့ အရေးကြီးတာက အကြောင်းပြချက်တွေကို အသာထားလို့ တစ်စုံတစ်ယောက်ကို ကတိတွေထား၊ သစ္စာတွေနဲ့ပြီးမှ အဲဒါကို ချိုးဖောက်တာဟာ မှားယွင်းတယ်ဆိုတာ သင်သိသလို သူလည်း သိပါတယ်။ အထူးသဖြင့် အဲဒါက ကိုယ့်အိမ်ထောင်ဖက်ရဲ့ ကန့်သတ်ချက်တစ်ခုဆိုရင်ပေါ့။

ဒီအကြောင်းနဲ့ပတ်သက်ရင် မိန်းမတွေဟာ သူတို့စိတ်ထဲမှာ အဖန်ဖန်အခါခါ ပြန်တွေးတောလေ့ရှိပါတယ်။ "ငါ နည်းနည်း ပိုဂရုစိုက်လိုက်ရမှာ၊

"ငါမှန်အောင် မလုပ်နိုင်ခဲ့ဘူး"၊ "ဒီမိန်းမက ငါ့ထက်ကြောသွား တယ်"ဆိုတဲ့ အတွေးမျိုးတွေဖြစ်ပါတယ်။ ဒါပေမဲ့ ဘာအကြောင်းကြောင့်မှ သူ့သစ္စာ မဖောက်ခဲ့သင့်ဘူးဆိုတဲ့ အချက်ကိုတော့ သူတို့ခေါင်းထဲက ဆွဲမထုတ်နိုင်ပါ ဘူး။ ဒါကြောင့် အမျိုးသမီးတွေအနေနဲ့ဖောက်ပြန်တဲ့ ယောကျ်ားတစ်ယောက် ရဲ့ အပြုအမူတွေကို တန့်နှံ့အပြစ်တင်နေတာက ရုန်းထွက်ပြီး ကိုယ့်အတွက် ကိုယ်စဉ်းစားသင့်ပါတယ်။ ဒီဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ထား တာက သင့်ကို အကြီးအကျယ် ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ သင့်ကို နောက်တစ်ဆင့် ရင်ဆိုင်တိုက်ပွဲမဝင်နိုင်အောင် လုပ်ဆောင်နိုင်ပါတယ်။ နောက်ကြည့်မှန်မှာ ပေါ်တဲ့အရိပ်ကို သင်အာရုံစိုက်နေသရွေ့ ရှေ့ကို ဖြောင့်ဖြောင့်မောင်းနိုင်မှာ မဟုတ်ပါဘူး။

ဘာပဲဖြစ်ဖြစ် နောက်တစ်ကြိမ် အလှည့်စားခံရမယ့် အကြိမ် အရေ အတွက်ကိုတော့ သင်ကန့်သတ်နိုင်ပါတယ်။ သင့် သတ်မှတ်ချက်တွေ အပေါ် မှာ ပမာဏ တိုးမြှင့်ပြီးလုပ်လို့ရပါတယ်။ သင့်မှာ ဖြစ်လာတဲ့ကိစ္စတွေကို ကန့်သတ်ဖို့ အခွင့်အာဏာတွေရှိပါတယ်။ သင့်ရဲ့ ဇီဇနဲ့ သိနိုင်တဲ့ စိတ်အစွမ်း၊ သင့်ရဲ့ အကြံပြုနိုင်စွမ်း၊ သင့်ရဲ့စံနှုန်းတွေက သင့်ကို အကာအကွယ် ပေးထား ပါလိမ့်မယ်။ သင်က ယောကျ်ားတစ်ယောက်ကို အစစအရာရာ သည်းညည်း ခံနိုင်တယ်။ ဒါပေမဲ့ အဲဒီအထဲမှာ ဖောက်ပြန်တာတော့ မပါဘူးလို့ အစက ကြိုပြောထားရင် သူခြေတစ်လှမ်းကျွံတာနဲ့ ကျွံတဲ့ဘက်မှာ သူသွားနေရမှာတော့ မယ်ဆိုတာ သဘောပေါက်မှာပါ။ သူက အဲဒီကတိကို ချိုးဖျက်ပြီး စည်း အပြင်ကို ထွက်သွားမယ်ဆိုရင် သူ့ကို ထွက်သွားခိုင်းလိုက်ဖို့ သင်ပြင်ဆင် ထားရပါမယ်။ ဒီလိုမှမဟုတ်ရင်လည်း သင့်နှလုံးသားက သူ့ကိုအစစ်အမှန် ခွင့်လွှတ်ပေးပြီး သူနဲ့အတူ ရှေ့ဆက်နိုင်မယ့်နည်းလမ်းကို ရှာဖွေရမှာပါ။

တစ်ခါတလေမှာတော့ ယောကျ်ားတစ်ယောက်ဟာ တစ်ခုခုကို ဆုံးရှုံးရမှ (သို့မဟုတ်) ဆုံးရှုံးလုနီးပါးဖြစ်မှ အဲဒီအရာရဲ့ တန်ဖိုးကို တကယ် သိပါတယ်။ လူတိုင်းအတွက်လည်း ဒီအဆိုက မှန်တာပဲ မဟုတ်လား။ ယောကျ်ားတွေ ဖောက်ပြန်ကြတာက အဲဒီဖောက်ပြန်မှုအတွက် ပြစ်ဒဏ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့လို့ပါ။ ဒါပေမဲ့ သင့်အပေါ် သစ္စာမဲ့တဲ့ ယောကျ်ား တစ်ယောက်က သင်ထွက်သွားတာကို မြင်ရင် သူ့အတွက် သင်ကအရေးကြီး

တယ်ဆိုရင် အဲဒီအချိန်မှာ သူဟာ အရှမ်းအားနည်းပျော့ညံ့နေပြီး သင်ခန်းစာယူဖို့ အသင့်ဖြစ်နေမှာပါ။ သူဟာ သင့်ယုံကြည်မှုကို ပြန်ရဖို့၊ သူ့ရဲ့မိသားစုဘဝကို ပြန်ပိုင်ဆိုင်ဖို့အတွက် ဘာမဆိုလုပ်ပေးဖို့ အဆင်သင့် ဖြစ်နေမှာပါ။ ဒါကိုတော့ သင်က ကောင်းကောင်း အကဲခတ် သိမြင်ပေးပါ။

သူ့ကို လွယ်လွယ်ခွင့်လွှတ်ပေးဖို့ သံသယမထားဖို့ ပြောတာမဟုတ်ပါဘူး။ သူက သင့်ယုံကြည်မှုကို ပြန်ရဖို့ သင်နဲ့အတူ နည်းလမ်းရှာ ကြိုးစားလာနိုင်တယ်ဆိုတာ ပြောပြတာပါ။ သူဘယ်ကိုသွားလို့၊ ဘာတွေလုပ်ခဲ့လဲဆိုတဲ့ မေးခွန်းမျိုးတွေ အမေးခံရတာကို သူကြိုက်မှာ မဟုတ်ပါဘူး။ သင်က သင့်ရဲ့ ဒေါသကို ဖြေဖို့ ကြိုးစားနေချိန်မှာ သူက သင်နဲ့ ပွတ်သီး ပွတ်သတ်မနေရတာကို မနှစ်မြို့ဘဲနေပါလိမ့်မယ်။ ဒါပေမဲ့ သူ့နှလုံးသားရဲ့အတွင်းဆုံးတစ်နေရာမှာ ဒါဟာ သင့်နှလုံးသားကို သူပြန်လည်စိုးပိုင်ဖို့လုပ်ဆောင်တဲ့ အစိတ်အပိုင်းတစ်ခုဆိုတာကို ကောင်းကောင်းနားလည်ပါတယ်။ သူလုပ်ခဲ့တဲ့ အမှားကို သူသိပါတယ်။ ပြစ်ဒဏ်ကို ကျွန်တော် နားလည်ပါတယ်။ ခက်ခဲပင်ပန်းလိမ့်မယ်ဆိုတာကိုလည်း သိပါတယ်။ ဒီလိုကနေတစ်ဆင့် မှန်ကန်တဲ့ ဦးစားပေး အစီအစဉ်ကို သတ်မှတ်နိုင်သွားတဲ့ ယောကျ်ားတွေ၊ လင်ယောကျ်ားနဲ့ သားသမီးတွေကို ပိုပြီး ဂရုစိုက်ကြင်နာတတ်လာတဲ့ မိန်းမတွေ၊ သာယာပျော်ရွှင်တဲ့ အိမ်ထောင်တစ်ခုအဖြစ်နဲ့ ပြန်ပေါင်းထုပ်သွားနိုင်တဲ့ ဇနီးမောင်နှံတွေ အများကြီးရှိတာကို သင်သတိချပ်စေချင်ပါတယ်။

■

# အပိုင်း ၃

## ဘယ်လိုအနိုင်ရအောင် လုပ်ကြမလဲ

## ၈

# ယောက်ျားတွေ လေးစားတဲ့ စံသတ်မှတ်ချက်တွေ သင့်မှာရှိအောင် လုပ်ပါ

ကျွန်တော့်ဇနီး မာဂျော်ရီအကြောင်းကို နည်းနည်းပြောပြချင်ပါတယ်။ သူဟာ အံ့အားသင့်စရာကောင်းလောက်အောင် အရည်အချင်းရှိပြီး အများကြီးပံ့ပိုးကူညီပေးနိုင်ပါတယ်။ ပြင်ပ သဏ္ဌာန်လှသလို စိတ်ထားလည်း လှပပါတယ်။ ဘာသာတရား ကိုင်းရှိုင်းသလို တာဝန်ကျေပွန်တဲ့ မိခင်တစ်ယောက်လည်းဖြစ်ပါတယ်။ ပြီးတော့ သူမက ကျွန်တော့်ကို လှိုက်လှိုက်လှဲလှဲ လေးစားတန်ဖိုးထားပါတယ်။

ကျွန်တော့်ဇနီးမှာ သူမနဲ့ပထမဆုံးစတွေ့တဲ့ရက်ကတည်းက ကျွန်တော်သိရှိခဲ့ပြီး လေးစားရတဲ့ စံသတ်မှတ်ချက်တွေ ရှိတာကိုလည်း သင် သိထားသင့်ပါတယ်။

ကျွန်တော် မမ်ဖစ်(စ်) မှာ ပွဲတစ်ခု ဖျော်ဖြေနေတဲ့ အချိန်က စခဲ့တာပါ။ သူမက တခြားအမျိုးသမီးတစ်ယောက်နဲ့အတူ လမ်းလျှောက်ဝင်လာပါတယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်တောင် မထိန်းနိုင်ဘဲ ပြက်လုံးထုတ်နေတာကို ခဏရပ်ပြီး "ဒီမှာဗျာ ....၊ ခင်ဗျား ကျွန်တော်ကို မသိဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ တစ်နေ့နေ့မှာတော့ ကျွန်တော် ခင်ဗျားကို လက်ထပ်မှာ" လို့ ပြောလိုက်ပါတယ်။ သူမက ရယ်မောပြီး "ရှင်ဖြင့် ကျွန်မကို မသိဘဲနဲ့" လို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့

ဂရုမစိုက်ပါဘူး။ တစ်ချိန်ချိန်မှာ ကျွန်တော်တို့လက်ထပ်ဖြစ်ကြမယ်ဆိုတာကို သိနေခဲ့ပါတယ်။

သူမလည်း သိချင်သိနေနိုင်ပါတယ်။ ဒါမှမဟုတ် အနည်းဆုံးတော့ သူမမြင်တွေ့ခဲ့တာကို သဘောကျပုံရပါတယ်။ ဘာကြောင့်လဲဆိုတော့ နောက်နှစ်ရက်လောက်နေတော့ ကျွန်တော် ဖျော်ဖြေပွဲလုပ်တဲ့ နောက်တစ်နေ့ရာကို သူမရောက်လာတာကြောင့်ပါ။ ဒီတစ်ခါတော့ သူမကို စင်နောက်ကိုလာပြီး စကားပြောဖို့ ကျွန်တော် ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မြန်ဆန်ဆန်ပဲ မိတ်ဆွေတွေဖြစ်သွားကြပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ ချိန်းတွေ့ကြပါတယ်။ ဒါပေမဲ့ မမြဲပါဘူး။ ကျွန်တော်တို့ အဆက်ပြတ်သွားကြတယ်။ နှစ်ယောက်ကြားက ခင်မင်မှုကိုတော့ ကျွန်တော်တို့ အမြဲ အမှတ်ရနေပါတယ်။ တစ်ယောက်သတင်းကိုလည်း တစ်ယောက်က မျက်ခြည်မပြတ်အောင်နေပါတယ်။

နောက်ဆုံးမှာတော့ မာဂျော်ရီနဲ့ ကျွန်တော်တို့ ပြန်ပြီး ဆက်မိကြပါတယ်။ ကျွန်တော်တို့ဟာ တစ်ကြိမ်ဆုံးရှုံးသွားခဲ့တဲ့ ဆက်ဆံရေးကို နောက်တစ်ကြိမ်တော့ ထပ်အဆုံးရှုံး မခံချင်တဲ့စိတ်နဲ့ ခပ်မြန်မြန်ပဲ အလေးအနက်တွေ ဖြစ်လာကြပါတယ်။ ကျွန်တော်က ဒီအမျိုးသမီးကို ချစ်မိနေပြီး သူမကလည်း ကျွန်တော့်ကို ချစ်တယ်ဆိုတာ သိတာတောင် ကွာရှင်းပြီးတဲ့နောက်မှ ကျွန်တော်နဲ့ အဆက်အစပ်ရှိတဲ့ တခြားအမျိုးသမီးတွေနဲ့ အဲဒီအချိန်အထိ ဆက်သွယ်နေတုန်းပါပဲ။

တစ်ည မာဂျော်ရီ ကျွန်တော့်အိမ်ကို အလည်ရောက်နေတဲ့အချိန်မှာ အဲဒီအမျိုးသမီးမိတ်ဆွေတွေထဲက တစ်ယောက်ဟာ ကျွန်တော့်ဆဲလ်ဖုန်းကို လှမ်းဆက်ပါတယ်။ ကျွန်တော်က စကားသိပ်များများမပြောဘဲ နောက်မှ ဖုန်းပြန်ဆက်မယ့်အကြောင်း၊ မြို့ထဲပြန်ရောက်မှ သူမဆီကို ဝင်တွေ့မယ့်အကြောင်းပြောလိုက်ပါတယ်။ ကျွန်တော်တို့ ပြောနေတာကို မာဂျော်ရီကြားလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ သူမပုံစံကလည်း ကြားလိုက်တဲ့ပုံမျိုးမဟုတ်ပါဘူး။ တကယ်တော့ ကျွန်တော်က ဒီ့ထက်ပိုပြီး အရိပ်အကဲသိခဲ့ရမှာပါ။ မနက် ၃ နာရီလောက် ကျွန်တော် သန့်စင်ခန်းသွားဖို့လို့ထတော့ သားမွေးကုတ်ကို ခြုံပြီး လက်ထဲမှာလည်း လက်ဆွဲသေတ္တာကို

ဆွဲပြီး စကြိုလမ်းမှာရပ်နေတဲ့ မာဂျော်ရီကို တွေ့လိုက်ရပါတယ်။ သူမက ကျွန်တော့်ကို ထားသွားတော့မှာပါ။

"ဘယ်ကိုသွားမလို့လဲ" လို့ သူမကို မေးလိုက်ပါတယ်။ သူမရဲ့ တုံ့ပြန်မှုက အဲဒီအချိန်၊ အဲဒီနေရာမှာတင် သူမဟာ ကျွန်တော့်ရဲ့ တစ်ယောက်သောသူဆိုတာကို နားလည်သွားစေခဲ့ပါတယ်။

"ကျွန်မ တစ်ယောက်ယောက်ရဲ့ အပျော်ကစားစရာ၊ အဖျော်ဖြေခံစရာ မိန်းမတစ်ယောက်ဖြစ်ဖို့ ကြိုးစားနေတာ မဟုတ်ဘူး။" သူမက လက်ဆွဲသေတ္တာကို ကိုင်ထားရင်းပင် အလေးအနက်ပြောလိုက်တယ်။ "ကျွန်မဘက်က ပေးချင်တာတွေအတွက် ရှင်အဆင်သင့်မဖြစ်သေးဘူးလို့ ကျွန်မထင်တယ်။ ကျွန်မမှာ ရင်သွေးတွေရှိတယ်။ ကောင်းမွန်တဲ့ ဘဝရှိတယ်။ ကျွန်မဘဝထဲကို ဝင်လာပြီး ကျွန်မ မိသားစုအတွက် လိုအပ်ချက်ကို ဖြည့်ပေးမယ့် ယောကျ်ားတစ်ယောက်ကို ကျွန်မလိုလားတယ်။ အဲဒါက ရှင်လည်းလိုလားတဲ့ အရာဆိုရင်တော့ ကျွန်မ မမ်းဖစ်(စ်) မှာရှိနေမယ်"

ကျွန်တော် ဟထားတဲ့ ပါးစပ်ကို ပြန်စေ့ပြီးတဲ့အချိန်မှာ သူမလက်ထဲက အိတ်တွေကိုဆွဲ၊ ကျွန်တော့်ကိုလည်း နောက်တစ်ကြိမ် အခွင့်အရေးပေးဖို့ သူမကို တောင်းပန်ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော့်ဖုန်းကို ချက်ချင်းရှာပြီး ထက်ပိုင်းချိုးပစ်လိုက်ပါတယ်။ ဒီလိုလှပထက်မြက်ပြီး ချစ်စရာကောင်းတဲ့ အမျိုးသမီးကို ကျွန်တော် တစ်ကြိမ်ဆုံးရှုံးခံခဲ့ပြီးပါပြီ။ ကျွန်တော်အတွက် ကျွန်တော်ကလေးတွေအတွက်လောက် တခြားဘယ်မိန်းမကမှ နှစ်သက်မြတ်နိုးစရာကောင်းမှာ မဟုတ်ပါဘူး။ ကျွန်တော် တခြား ဘယ်သူ့ကိုမှ မလိုချင်ဘူးဆိုတာ အဲဒီတုန်းက သဘောပေါက်သွားခဲ့ပါတယ်။

တစ်နည်းပြောရရင် ကျွန်တော်ဟာ သူမဖြစ်စေချင်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်လာခဲ့ပါတယ်။ ဒါက သူမအတွက် အဆင်ပြေတဲ့ ဆက်ဆံရေးဖြစ်ဖို့ လိုအပ်တဲ့ စံသတ်မှတ်ချက်တွေ သူမဆီမှာရှိထားပြီးဖြစ်တာကြောင့်ပါ။ တစ်ဦးတစ်ယောက်တည်း စွဲစွဲမြဲမြဲရှိတဲ့ ဆက်ဆံရေးမျိုးကို သူမလိုချင်ပါတယ်။ သူ့ဘဝကို သစ္စာရှိတဲ့ ခင်ပွန်းတစ်ယောက်၊ ဖခင်တစ်ယောက်အဖြစ် ပေးဆပ်မြှုပ်နှံထားချင်တဲ့ ယောကျ်ားတစ်ယောက်နဲ့ သူမ လက်တွဲချင်တာပါ။ ဒါ့အပြင် တခြား အသေးအမွှားကိစ္စလေးတွေနဲ့ ပတ်သက်လို့လည်း သူမမှာ

သတ်မှတ်ချက်တွေရှိပါတယ်။ သူမအတွက် ကား တံခါးဖွင့်ပေးတာ၊ စားပွဲမှာ သူမထိုင်ဖို့ ခုံဆွဲထုတ်ပေးတာ၊ နှစ်ပတ်လည်နေ့တွေ၊ အမေနေ့တွေမှာ အချိန်မီရောက်လာပေးတာ၊ လက်ဆောင်တွေပေးတာကအစ ကတောက်ကဆဖြစ်တဲ့အခါ တစ်ယောက်နဲ့တစ်ယောက် မထိခိုက်အောင် စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောတာတွေအထိ ပါပါတယ်။ ဒီသတ်မှတ်ချက်တွေက သူမအတွက် အရေးကြီးပါတယ်။ အဲဒါတွေက သူမ ဆက်ဆံခံရမယ့် ပုံစံကို ချုပ်ကိုင်ထားလို့ပါ။ ကျွန်တော့်အတွက်လည်း အရေးကြီးပါတယ်။ သူမလိုချင်တာ၊ လိုအပ်တာကို ရစေဖို့ ကျွန်တော် လုပ်ဖို့လိုအပ်တဲ့အရာတွေကို စိတ်မှန်းမြေပုံတစ်ပုံလို ပြသပေးနိုင်လို့ပါပဲ။ အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးမပျော်ရွှင်ရင် အိမ်သားတိုင်းပျော်ရွှင်တယ်ဆိုတာ လက်မခံလို့မရတဲ့ အမှန်တရားပါ။ မာကျော်ရီပျော်ရွှင်ဖို့ဟာ ကျွန်တော့် ဘဝမှာ အဓိကအကျဆုံးတာဝန်ဖြစ်ပါတယ်။

ယောကျ်ားတွေဟာ သင့်အကူအညီမပါဘဲနဲ့ ဒီတာဝန်ကို မထမ်းဆောင်နိုင်ပါဘူး။ သင်တို့ အမျိုးသမီးတွေ ဘာလိုအပ်တယ်၊ လိုချင်တယ်ဆိုတာကို ကျွန်တော်တို့ အလိုလိုမသိနိုင်ပါဘူး။ ယောကျ်ားတွေက ရိုးရိုးရှင်းရှင်းနဲ့ လက်တွေ့ကျတဲ့လူတွေပါ။ သင်ဘာကိုကြိုက်လို့ ဘာကို မကြိုက်ဘူးဆိုတာ ကျွန်တော်တို့ကို ပြောပြရင် သင်ရဲ့မျှော်မှန်းချက်တွေအတိုင်း လိုက်နေနိုင်ဖို့ တတ်နိုင်သမျှကို ကျွန်တော်တို့ကြိုးစားမှာပါ။ အထူးသဖြင့် သင်နဲ့ဆက်ဆံရေး တစ်ခုခုတည်ဆောက်ဖို့ ကျွန်တော်တို့မှာ ရည်ရွယ်ချက်ရှိရင်ပေါ့။

ဒီအခန်းဟာ သင့်အနားကို အမျိုးသားတစ်ဦးဦး ချဉ်းကပ်လာတာနဲ့ "ဟိုဟာ မကြိုက်ဘူး"၊ "ဒီဟာ မကြိုက်ဘူး"၊ "ဟိုလိုမဟုတ်ဘူး"၊ "ဒီလိုမဟုတ်ဘူး" လို့ ပြောခွင့်လိုင်စင်ပေးထားတာမဟုတ်တာတော့ နားလည်စေချင်ပါတယ်။ သင်လိုချင်တဲ့အရာကို ပြောတဲ့အခါ တောင်းဆိုချက်တွေ တန်းစီပြီးချပြတဲ့ ပုံစံမျိုးမဖြစ်အောင် ပြောရမှာပါ။ သင့်ရဲ့ သတ်မှတ်ချက်တွေကို စကားပြောရင်းဆိုရင်းနဲ့ပဲဖြစ်ဖြစ် ထည့်သွင်းပြောမယ်။ ပြီးတော့ အဲဒီသတ်မှတ်ချက်တွေက လိုက်နာဆောင်ရွက်နိုင်လောက်တယ်လို့ လက်ခံချင်စရာကောင်းရင် သူနားလည်လက်ခံဖို့ ပိုလွယ်မှာပါ။

သင့်ရဲ့ စံသတ်မှတ်ချက်တွေကို ဘယ်လိုပုံ၊ဘယ်လိုနည်းနဲ့ သူသိအောင် ပြောပြပေးရမလဲဆိုတာကို ဥပမာ တချို့နဲ့ ကျွန်တော် ဖော်ပြပေးပါမယ်။

**အမျိုးသားက နောက်ကျပြီးမှ ရောက်လာတဲ့အခါ "ကျွန်မသည်းမခံနိုင်ဘူး လို့ပြောမယ်အစား** "ဒီခေတ်ထဲမှာ လူတိုင်းအလုပ်များနေကြတာပဲ။ အချိန်က အဖိုးတန်တယ် မဟုတ်လား။ ကျွန်မကတော့ တစ်နေရာရာကို ည ၇ နာရီအရောက်သွားရမယ်ဆိုရင် စောမရောက်ရင်တောင် ၇ နာရီရောက်အောင်တော့ သွားမှာပဲ။ ဒါမှ လုပ်စရာရှိတာကို အချိန်ကိုက်လုပ်လို့ရမယ် မဟုတ်လား။ တကယ်လို့ ကျွန်မနောက်ကျမယ်ဆိုရင်လည်း ယဉ်ကျေးမှုရှိတာကိုပြဖို့ ဖုန်းဆက်ပြီးတော့ အကြောင်းကြားမိမှာပဲ" ဆိုတဲ့ စကားမျိုးကို ပြောပါ။

ဆိုလိုရင်း။ ။ သင်က သင့်ဘဝမှာ လာမယ်လို့ပြောပြီးရင်ရောက်အောင်လာတတ်တဲ့၊ နောက်ကျမယ်ဆိုရင် ဖုန်းလေးလှမ်းဆက်ပြီး ယဉ်ကျေးမှုနဲ့ အဆင့်အတန်းကို ဖော်ပြတတ်တဲ့ ယောကျ်ားမျိုးကို လိုလားတယ်ဆိုတာ သူ့ကိုပြောပြလိုက်တာပါ။ သင့်ဆီကို အချိန်မီအရောက်လာဖို့ မိနစ်အနည်းငယ်လောက် သူစောထွက်လာရမယ်။ တကယ်လို့ သင့်ကို လှမ်းအကြောင်းကြားဖို့လိုရင် အဆင်သင့်ဖြစ်အောင် သူ့ဖုန်းကို အားဖြည့်ထားရမယ်ဆိုတာ အခုတော့ သူသိသွားပါပြီ။

**"ရှင်တခြားတစ်ယောက်ယောက်နဲ့ချိန်းတွေ့နေရင်၊ အတူအိပ်နေရင်တော့ ကျွန်မကိုလာမရှာနဲ့"လို့ ပြောမယ့်အစား** "ကျွန်မက ကျွန်မနဲ့တွေ့နေတဲ့ အမျိုးသားနဲ့ပတ်သက်လို့ အမြဲရိုးသားတယ်။ သူ့အပြင် တခြားလူတွေနဲ့ ကျွန်မတွေ့ချင်တယ်ဆိုရင် ဆက်ဆံရေးကို သူရှေ့ဆက်ချင်ရဲ့လားဆိုတာ ဆုံးဖြတ်နိုင်အောင် ကျွန်မ သူ့ကို ကြိုပြောပြထားမှာပါ။ ဒါမှမဟုတ် ကျွန်မတစ်ယောက်တည်းကိုပဲ အထူးသီးသန့်ချိန်းတွေ့ခွင့် သူ့ကို တောင်းခိုင်းမှာပါ" ဆိုတဲ့ စကားမျိုးကို ပြောပါ။

ဆိုလိုရင်း။ ။ သင်ဟာ သင့်ဘဝထဲက အမျိုးသားကို ရိုးသားမှုရှိဖို့၊ နှစ်ဦးသားဆက်ဆံရေးရဲ့ သတ်မှတ်ချက်ဘောင်တွေကို ကြိုအသိပေးဖို့ သူ့ကိုပြောလိုက်ပါပြီ။ ပြီးတော့ သင့်အလိုကျ သူ့ကို လိုက်လျောပေးခိုင်းတာမျိုးထက် အဖြေတစ်ခုခုရှာဖို့အတွက် နှစ်ယောက်သား ဆွေးနွေးဆုံးဖြတ်တာမျိုးကို လိုလားကြောင်း သင်ပြသလိုက်ပါပြီ။

**"သူတို့အဖေက နည်းနည်းမှအသုံးမကျဘူး။ ကျွန်မမှာ ကလေးသုံးယောက်နဲ့အလုပ်နှစ်လုပ်ရှိတယ်။ ဒါကြောင့် ကျွန်မဆီ ချဉ်းကပ်လာတဲ့ ဘယ်ယောကျ်ားမဆို ငွေပင်ငွေရင်းရှိထားတာပိုကောင်းမယ်။ ကလေးတွေ ကူပြီး ပျိုးထောင်ပေးနိုင်ရင်ပေး၊ ဒါမှမဟုတ်ရင်တော့ ကြွပေတော့"လို့ ပြောမယ့်အစား** အမေကောင်းတစ်ယောက်ဖြစ်ဖို့ဆိုတာ ကျွန်မအတွက် အရေးကြီးပါတယ်။ အမေကောင်းဆိုတာက ကျွန်မကလေးတွေအတွက် ဖခင်ကောင်းရအောင်လုပ်ပေးဖို့လည်းလိုပါတယ်။ ကျွန်မက အမှီအခိုကင်းတဲ့ မိန်းမတစ်ယောက်ပါ။ ဒါပေမဲ့ လူကောင်းတစ်ယောက် ကျွန်မတို့ရဲ့ မိသားစုထဲကိုဝင်လာရင် ကျွန်မနဲ့ ကျွန်မ မိသားစုအတွက် ဘယ်လောက်များ ပိုကောင်းသွားလေမလဲလို့ စဉ်းစားမိပါတယ်" ဆိုတဲ့ စကားမျိုးကို ပြောပါ။

ဆိုလိုရင်း။ ။ သင့်ကလေးတွေကို သင့်ဘာသာကောင်းကောင်း ပျိုးထောင်ပေးနိုင်ပေမဲ့ ဖခင်တာဝန်၊ ခင်ပွန်းတာဝန် ကျေပွန်တဲ့ ယောကျ်ားကောင်းတစ်ယောက်၊ မိသားစုဘဝကို လိုလားတဲ့ လူတစ်ယောက် သင့်မိသားစုမှာ ပါဝင်မှုရဲ့ အရေးပါပုံကို သင်ချပြခဲ့ပြီးပါပြီ။ ဒါဟာ ယောကျ်ားတိုင်း အချိန်အခါနေရာမရွေးလိုချင်တဲ့ အသိအမှတ်ပြုမှုပဲ ဖြစ်ပါတယ်။

အခု ကျွန်တော်တို့ စိတ်ဝင်စားတဲ့ အမျိုးသမီးအကြောင်း တန်ဖိုးရှိတဲ့ သတင်းအချက်အလက်လို့ ကျွန်တော်တို့ထင်တဲ့ဟာကို သင်က ပြောပြ

ပြီးပါပြီ။ ဒါပေမဲ့ ပိုအရေးကြီးတာက သင်က သင့်ရဲ့ စံသတ်မှတ်ချက်တွေကို ကျွန်တော်တို့ကို ပြောပြလိုက်တာပါ။ ဒါဟာ အရသာရှိတဲ့ ချောင်းဆိုးပျောက်ဆေးကို သောက်ရသလိုပါပဲ။ ဝမ်းထဲရောက်ရင်လည်းနေလို့ကောင်းသွားပါတယ်။

ကျား–မ ဆက်ဆံရေးမှာ အမျိုးသမီးတွေက ယောကျ်ားတွေအတွက် သူတို့လိုအပ်တဲ့အရာတွေကို ဗင်ကြီးအသိပေးတဲ့အခါ ယောကျ်ားတွေက ကြိုဆိုအသိအမှတ်ပြုတယ်ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ အဲဒီ ယောကျ်ားကိုလည်း သူ့ဘက်က သင့်ကို အချိန်အတိုင်းအတာတစ်ခုအထိ သက်သေပြခွင့်ပေးဖို့ နောက်တစ်လှမ်းဆုတ်ပြီး ယုံယုံကြည်ကြည် စောင့်ကြည့်ပေးဖို့ လိုပါတယ်။ အမျိုးသမီးတွေ့ရဲ့ အကြီးဆုံးအမှားတစ်ခုက ယောကျ်ားတစ်ယောက်ကို သင်က ဖြစ်စေချင်တဲ့အရာတွေကို ဆက်ဆံရေးရဲ့ အစပိုင်းမှာကတည်းက အလုံးစုံ ချပြထားတာ၊ သူ့ကို အခွင့်အရေးမပေးတာလို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။ သင်က ကမ်းခြေမှာ လမ်းလျှောက်ရတာကို ကြိုက်တာ၊ ချစ်သူများနေ့မှာ ချောကလက် လက်ဆောင်လိုချင်တာ၊ နွေရာသီမှာ သင့်အကြိုက် လီလီပန်းတွေကို လက်ဆောင်အဖြစ် နဲ့ လိုချင်တာစတာတွေက ကိစ္စမရှိပါဘူး။ တစ်ခုတော့ သေသေချာချာ သိထားပါ။ သင်က ယောကျ်ားတစ်ယောက်ကို သင့်မွေးနေ့အတွက် အလုပ်ကို နှင်းဆီပန်းတွေ ပို့ပေးတာ၊ မြို့လယ်ကောင်က အကောင်းဆုံးစားသောက်ဆိုင်မှာ လိုက်ပြီး ကျွေးမွေးတာ၊ ရှယ်နယ် (Chanel) အိတ်တွေ လက်ဆောင်ပေးတာ ကြိုက်တယ်လို့ ပြောထားရင် အဲဒီအတိုင်း လိုလည်းမလို၊ ပိုလည်း မပိုဘဲ သူပေးမှာ အသေအချာပါပဲ အစမှာတော့ သင်ပျော်ရွှင်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီလိုမျိုး လေးဆယ့်ငါးရက်လောက်ပေးဆပ်ပြီးရင်တော့ သင့် အကြိုက်ပြောထားတဲ့ အတိုင်း လိုက်ပြီးလုပ်ပေးနေတာကို သူက ရပ်လိုက်တော့မှာပါ။ သူက သူလိုချင်တာကိုရဖို့ ဒီလိုလုပ်ပေးနေကျအရာကို လုပ်ပြီးပြီဆိုတာ သဘောပေါက်သွားတာကြောင့်ပါ။ ဒီလိုလုပ်ပေးနေကျအရာတွေကို သူမလုပ်တော့ရင် သူပြောင်းလဲသွားပြီလို့ သင်က ထင်ပါလိမ့်မယ်။ သင်က သင့်ရဲ့ မိန်းကလေးမိတ်ဆွေတွေကို "ဘယ်လိုဖြစ်တာလဲ ငါ မသိတော့ဘူး။ အရင်က ငါကြိုက်တာ မှန်သမျှ သူလုပ်ပေးနေကျပါ" လို့ ပြောမှာပါ။

"သင်ကြိုက်သမျှအရာတိုင်းကို သူလုပ်ပေးတာ ဘာက သင့်အကြိုက်ဆိုတာ သူ့ကို ပြောထားလို့ပါ"

ကျွန်တော့် အမြင်ပြောရရင်တော့ သင်ဘာကြိုက်တယ်ဆိုတာ သူ့ကို ပြောမယ့်အစား ဘာကိုမကြိုက်ဘူးလဲဆိုတာ သူ့ကိုပြောကြည့်ပါ။ ပြီးတော့ သူဘယ်လိုတုံ့ပြန်မလဲဆိုတာကို စောင့်ကြည့်ပါ။ သင့်အလိုလိုက် အကြိုက်ဆောင်ဖို့ သူကိုယ်တိုင် တူးဆွရှာဖွေပါစေ "စနေ၊ တနင်္ဂနွေမှာ အိမ်ထဲမှာ ချည်းပဲနေရတာ ကျွန်မသဘောမကျဘူး"၊ "ယောကျ်ားတစ်ယောက်က ကျွန်မကို ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်လို မဆက်ဆံတာမျိုးကို ကျွန်မမကြိုက်ဘူး"၊ ဒီစားသောက်ဆိုင်တွေကိုပဲ ထပ်တလဲလဲ သွားနေတာမျိုး ကျွန်မသဘောမကျဘူး" လို့သာ ပြောထားကြည့်ပါ။

သင်တို့ရဲ့ ဆက်ဆံရေး တိုးတက်လာတာနဲ့အမျှ သူ့အပြုအမူတွေကို စောင့်ကြည့်ပါ။ သူ့ကိုယ်သူ ထုတ်ဖော်ပြစေဖို့ သူ့ရဲ့အသေးစိတ်စီမံချက်တွေကို သင်ရရှိမှာပါ။ သူ့ဆန္ဒအလျောက် ဘာတွေကို သူလွတ်လွတ်လပ်လပ်ပေးမလဲဆိုတာ သင်မြင်တွေ့မှာပါ။ တူညီတဲ့ စားသောက်ဆိုင်တွေကိုပဲ ထပ်တလဲလဲသွားရာက သင်မနှစ်သက်ဘူးဆိုရင် သင့်ကို ခေါ်သွားဖို့ စိတ်ဝင်စားစရာကောင်းတဲ့ နေရာအသစ်တွေကို သူသိမှာပါ။ စနေ၊ တနင်္ဂနွေနေ့တွေမှာအိမ်ထဲမှာချည်းပဲ သင်မနေချင်ဘူးဆိုရင် သူက သင့်ကို ဖျော်ဖြေပွဲတစ်ခုခု၊ ဒါမဟုတ် ပြတိုက်အသစ်ဖွင့်ပွဲတစ်ခုခုကို သေချာပေါက်ခေါ်သွားပေးမှာပါ။

အနည်းဆုံးတော့ သူက သတင်းစာဖတ်ကြည့်ပြီး သင်တို့အတူသွားလို့ရမယ့် ဘယ်လိုပျော်ပွဲ ရွှင်ပွဲ၊ ဖျော်ဖြေပွဲမျိုးတွေ မြို့ထဲမှာ ကျင်းပနေသလဲဆိုတာ သင့်ကိုအကြံ ပြုနိုင်မှာပါ။ မိသားစုကို အလေးမထားတတ်တဲ့ လူမျိုးကို သင်သဘောမကျဘူးဆိုတာ သူသိရင် သူ့အတွက် သက်သောင့်သက်သာ မဖြစ်ရင်တောင်မှ သင့်အမေအိမ်ကိုလိုက်ပြီး ဝေယျာဝစ္စတွေကူညီလုပ်ကိုင်ပေးတာတို့၊ ကလေးတို့ ကစားကွင်းလိုက်ပို့ပေးတာတို့ သူက လုပ်ပေးမှာပါ။ မိသားစုနဲ့ အဆင်ပြေပြေ လိုက်လိုက်လျောလျော ဆက်ဆံနိုင်တဲ့ ယောကျ်ားမျိုးကို သင်လိုလားတယ်ဆိုတာ သူသိနေလို့ပါ။ သူ့ကို စောင့်သာကြည့်လိုက်ပါ။ သင့်မျက်နှာမှာ အပြုံးပန်းပွင့်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ သိအောင် ရှာဖွေချင်တဲ့ သူ့စိတ်ရင်းကို မပြနိုင်ရင်တော့ သူဟာ

သင်လိုအပ်တာကို ပေးနိုင်စွမ်းရှိရဲ့လား၊ အနည်းဆုံး သင်အလိုရှိရာ အချို့ကို ပေးနိုင်ပါ့မလားဆိုတာကို သင် ဆုံးဖြတ်ရမယ့် အခြေအနေဖြစ်နေ ပါပြီ။

ယောကျ်ားတစ်ယောက်အတွက် သင်ရဲ့ စံသတ်မှတ်ချက်တွေကို ချပြဖို့၊ အဲဒီ သတ်မှတ်ချက်တွေအတိုင်း လိုက်ပါဆောင်ရွက်ခြင်းရဲ့ အရေးပါမှုကို ပေးသိဖို့ ပထမဆုံး သင်သိထားရမှာက အဲဒီ စံသတ်မှတ်ချက်တွေကိုပါ။

သင်ရဲ့ ထိပ်တန်း သတ်မှတ်ချက်ဆယ်ခုကို သင်ဖော်ထုတ်ရာမှာ ထည့်စဉ်းစားသင့်တဲ့ မေးခွန်းတွေကို ကျွန်တော် စဉ်ပေးထားပါတယ်။ ဖြည့်သွင်းဖို့ နေရာလည်း ချန်ပေးထားပါတယ်။

၁။ ဘယ်လို ယောကျ်ားမျိုးကို သင်ရှာဖွေနေတာလဲ ။ (ဥပမာ – ရယ်ရအောင် လုပ်တတ်တဲ့ ယောကျ်ား၊ အလုပ်ကြိုးစားတဲ့ ယောကျ်ား၊ ရက်ရောစေတနာကောင်းတဲ့ ယောကျ်ား)

________________________________________

________________________________________

________________________________________

________________________________________

________________________________________

၂။ သင့်ကို ဆွဲဆောင်သိမ်းသွင်းဖို့ ဘာတွေကို မျှော်လင့်လဲ။ (ပုံမှန် ဖုန်းဆက်တာကို သင်လိုချင်သလား၊ စာတိုပို့ပေးတာလား၊ တစ်ပတ်မှာ အနည်းဆုံး သုံးကြိမ်ချိန်းတွေ့တာလား။)

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

၃။ ဘယ်လို ဆက်ဆံရေးအခြေအနေမျိုးကို သင်မျှော်မှန်းသလဲ။ (အနှောင်အဖွဲ့ပွဲမပါတဲ့ ဆက်ဆံရေးမျိုးလား၊ တစ်ဦးတည်း သီးသန့်ချိန်းတွေ့ဖို့လား၊ ညှိနှိုင်းစေ့စပ်တဲ့ ဆက်ဆံရေးမျိုးလား)

၄။ ဒီလူမှာ ဘယ်လိုငွေကြေးဆိုင်ရာ အာမခံချက်မျိုးရှိဖို့ သင်မျှော်လင့်လဲ၊ (သင်သူ့ကို ချမ်းသာစေချင်သလား၊ သင့်ထက်ပိုက်ဆံပိုရှာနိုင်တဲ့လူဖြစ်စေချင်သလား၊ ကာယလုပ်သားမျိုးနဲ့ဆိုရင်ရော သင်အဆင်ပြေမှာလား။)

၅။ ကလေးတွေကို လိုလားပြီး မိသားစုကို ဦးစားပေးတဲ့ ယောက်ျားမျိုး သင်လိုချင်ပါသလား။

၆။ သူက ဘာသာတရား ကိုင်းရှိုင်းဖို့ လိုအပ်သလား။

၇။ သူက တစ်ခုလပ် ကွာရှင်းထားတဲ့သူဖြစ်ပြီး ကလေးတွေရှိရင်ရော သင်အဆင်ပြေမှာလား။

၈။ ယောကျ်ားတစ်ယောက်ကို သူ့အိပ်မက်အကောင်အထည်ပေါ်နိုင်အောင် သင်ကူညီပေးနိုင်လား။ သူ့အစီအစဉ်အတိုင်း သင်အလိုက်သင့်နေနိုင်မှာလား။

၉။ သူ့မိသားစုဆီက သင်ဘာကို မျှော်လင့်လဲ။ (သူ့အမေနဲ့ သင်အဆင်ပြေပြေနေသင့်သလား။ သူ့အမေနဲ့ သူဆက်ဆံရေး အဆင်ပြေတာ၊ မပြေတာကို သင်ဂရုစိုက်ပါသလား။ တကယ်လို့ သူ့အဖေကို အရိပ်အယောင် မမြင်ရရင်ရော သင်ဘယ်လိုလုပ်မလဲ။)

၁၀။ သင့်ကို ဖြားယောင်းဖို့ သူဘာတွေလုပ်သင့်သလဲ။ (သူက သင့်အကြောင်းကို သိလာအောင် လုပ်သင့်သလား။ သင့်ကို အဖိုးတန်လက်ဆောင်တွေပေးသင့်သလား။)

## ၉

## မလွန်ခင်မှာ အမျိုးသမီးတိုင်း မေးသင့်တဲ့ မေးခွန်းငါးခု

ဟောလိဝုဒ်ကို ကျွန်တော်ရောက်တော့ တစ်သက်မှာ မမြင်ဖူးတာတွေ့မြင်ရ၊ မကြုံဖူးတာတွေ ကြုံရပါတယ်။ အထူးခြားဆုံးကတော့ နာမည်ကျော် အမျိုးသားတစ်ယောက်ရဲ့ နေထိုင်မှုပုံစံပါ။ ဒီလူမှာ ငွေဂုဏ်၊ ဩဇာအကုန်ရှိပါတယ်။ သူ့ဘေးမှာလည်း မိန်းမလေးတွေ ဝိုင်းရံလို့ပါ။ လူ တစ်ယောက်မှာ ဒီလောက်များပြားပြီး ချောမောလှပတဲ့ မိန်းကလေးတွေ တစ်ချိန်တည်းမှာ အများကြီးရှိနိုင်တာကို ကျွန်တော်ကတော့ အံ့ဩလို့ မဆုံးပါဘူး။ သူက ဒီနယ်ပယ်ထဲမှာ ကြည့်အကောင်းဆုံး၊ ရုပ်အချောဆုံး လူလည်း မဟုတ်ပါဘူး။ ပိုက်ဆံပိုရှိတဲ့၊ ဂုဏ်ဒြပ်နဲ့ ဩဇာပိုရှိတဲ့၊ သူ့ထက် ရုပ်ရည်ချောမောတဲ့ တခြားလူတွေ အများကြီးရှိပါတယ်။ ဒါနဲ့တောင် သူဟာ တစ်စုံတစ်ရာ ခံဝန်ကတိပေးတာမျိုးမရှိဘဲနဲ့ တစ်ချိန်လုံး မိန်းကလေးတွေ လေးငါးဆယ်ယောက်ကို ထိန်းထားနိုင်တာ ဆရာကျတယ်လို့ ပြောရမှာပါ။ ဒီလို ရုပါမိုဒယ်တွေ တစ်ဖက်လေးငါးယောက် ခြံရံပြီး ပျော်ပါးနိုင်တဲ့ လူတွေအကြောင်းကို ကျွန်တော် အကြားသာရှိခဲ့ပြီး နီးနီးကပ်ကပ် တစ်ခါမှ မကြုံဖူးပါဘူး။ အစစ်အမှန် ဆက်သွယ်မှု ဘယ်လိုများဖြစ်နိုင်မှာလဲ၊ အထူးသဖြင့် ဒီအမျိုးသမီးတွေ၊ သူတို့ဟာ သူ့လက်မောင်းကို တွဲခိုထားတဲ့ လူအများကြီးထဲကမှ တစ်ယောက်ဖြစ်တယ်ဆိုတာကို သိသိနဲ့ ဘာကြောင့် ဒီလူနဲ့ အတူ

နေနိုင်ရတာလဲဆိုတာ စဉ်းစားပြီး ကျွန်တော် အံ့ဩမိပါတယ်။

သူဘယ်လိုများထိန်းထားနိုင်ပါလိမ့်လို့ ကျွန်တော်သိချင်စိတ်ဝင်မိပါတယ်။ (ကျွန်တော်လည်း လိုက်လုပ်ချင်လို့ မဟုတ်ပါဘူး။ တကယ်အံ့ဩမိလို့ပါ)။ ဒါကြောင့်မို့လို့ ကျွန်တော်က သူနဲ့အတူ အလားတူ ဆက်ဆံရေးမျိုးတွေရှိတဲ့ တခြားအမျိုးသားတွေကိုပါ စကားပြောကြည့်ခဲ့ပါတယ်။ အဓိကကတော့ ဒီလိုမျိုး မိန်းကလေးတွေ အများကြီးကို တစ်ချိန်တည်းမှာ သူတို့ဘယ်လိုထိန်းထားနိုင်တာလဲဆိုတဲ့ မေးခွန်းကို မေးတာပါ။ ဒီကိစ္စနဲ့ နာမည်အကြီးဆုံးဖြစ်နေတဲ့ လူအပါအဝင် တစ်ယောက်စီတိုင်းဆီက တစ်လေသံတည်းပဲ ထွက်လာပါတယ်။ ဒီအမျိုးသမီးတွေ မက်တာက ပိုက်ဆံတို့၊ ဂုဏ်တို့၊ အဆင့်အတန်းမြင့်မြင့်နေရတဲ့ ဘဝနေမှုပုံစံတို့ပါတဲ့။ ဒါကြောင့် သူတို့ဆီကို ချဉ်းကပ်လာတာလို့ပြောပါတယ်။ "ဒါက ဘယ်လိုမှ မထူးခြားနိုင်ဘူးဆိုတာ သူတို့မသိကြဘူးလား"လို့ ကျွန်တော် စိတ်ဝင်တစား မေးကြည့်ပါတယ်။ တစ်ယောက်က ခေါင်းကိုခါပြီး ပြန်ဖြေပေးပါတယ်။ "သူတို့မသိကြဘူး။ သူတို့တစ်ခါမှလည်း မမေးကြဘူး" သူက ဆက်ပြောပါတယ်။ "ကျွန်တော်က ဘယ်လိုလုပ်ရမှာလဲ။ သူတို့ကို အပျော်အပါးအတွက်၊ လိင်ကိစ္စအတွက် သက်သက်အသုံးပြုနေတာလို့ပြောလိုက်ရမှာလား။ သူ့ဘာသာသူ ရှိပါစေလေ။" ကျွန်တော်ကတော့ ဘာမှ ပြန်မပြောနိုင်တော့ပါဘူး။

ဒီမေးခွန်းအတိုင်းပဲ ဒီလိုအခြေအနေမျိုးမှာရှိတဲ့ ယောကျ်ားတိုင်းကို ကျွန်တော်မေးကြည့်တော့ အဖြေက တစ်မျိုးတည်း ထပ်ခါထပ်ခါ ထွက်လာပါတယ်။ သူတို့နဲ့ဆုံတဲ့ အမျိုးသမီးတွေအတွက် ဒီလိုမဖြစ်ရအောင် ဘာလုပ်လို့ရမလဲလို့ မေးကြည့်တော့လည်း အဖြေကတစ်မျိုးတည်းပါပဲ။ မိန်းမတစ်ယောက်က ချဉ်းကပ်လာပြီး သူ့ရဲ့ စိတ်ရင်းသဘောကို ကြိုကြိုတင်တင်မေးမယ်ဆိုရင် သူက တစ်စုံတစ်ယောက်ကို အလေးအနက် ရှာဖွေနေတာမဟုတ်ဘူးဆိုတာ အစကတည်းက သူတို့သဘောပေါက်သွားမှာပါ။ ဒါပေမဲ့ သူတို့ဘယ်တော့မှ မမေးပါဘူးတဲ့။ အားလုံးထဲမှာ ဆရာအကျဆုံး နာမည်ကျော်တစ်ယောက်ကတော့ ဒီလိုပဲ ခပ်ရှင်းရှင်း ပြောပါတယ်။ "ကျုပ်ကတော့ မေးခွန်းတွေ ဖြေစရာလိုတယ်လို့ကိုမထင်ဘူး။ မိန်းမတစ်ယောက်က မေးခွန်းတွေမေးလာမယ်ဆိုရင် ကျုပ်နားမှာ မေးခွန်းကို မမေးဘဲနေမယ့် မိန်းကလေး

နှစ်ယောက်လောက်ကတော့ အမြဲရှိနေမှာပဲလေ"

လွှန်လွှန်းတယ်၊များတယ်။ လက်သင့်ခံနိုင်စရာ အကြောင်းမရှိဘူး ဆိုပြီး သင်ကြိုက်သလို ပြောလို့ရပါတယ်။ ဒါက ဒီလိုပဲဖြစ်နေတာပါ။ ယောကျ်ားတွေ ဒီလိုတွေးတဲ့ပုံစံက နာမည်ကျော်ကြားတဲ့ လူတွေရဲ့ အဝန်း အဝိုင်းထဲမှာတင်ဖြစ်နေတာ မဟုတ်ပါဘူး။ ဆရာဝန်၊ ရှေ့နေ၊ ကုန်ကား မောင်းတဲ့လူ အစရှိတဲ့ ယောကျ်ားတိုင်းမှာ ဖြစ်နေတာပါ။ တချို့မှာဆိုရင် ကျွန်တော့်ရဲ့ နာမည်ကြီး မိတ်ဆွေတွေမှာရှိတဲ့ အမျိုးသမီးအရေအတွက် လောက်တော့ သူတို့မှာရှိပါတယ်။ သူတို့နဲ့ အပျော်တမ်းကစားတဲ့ အမျိုး သမီးတွေကလည်း အဲဒီစူပါစတားတွေဆီမှာ တွဲလောင်းခိုနေတဲ့ မိုဒယ်တွေ လောက်တော့ ချောကြ လှကြပါတယ်။ ဒါပေမဲ့ သင်ကတော့ အဲဒီအတန်း အစားထဲမှာ အဝင်ခံလို့မဖြစ်ပါဘူး။ အဲဒါဟာ ရောက်ဖို့ကောင်းတဲ့နေရာ မဟုတ်ဘူးဆိုတာ သင်ရော ကျွန်တော်ပါ သိကြပါတယ်။

သင်လုပ်ရမှာက ဒီပုတ်ထဲက ဒီပဲထဲကိုရောက်မသွားဖို့ပါ။ ပထမ အဆင့်အနေနဲ့ သူနဲ့ ရင်ဆိုင်တွေ့ပြီး ယောကျ်ားတစ်ယောက်ကို ဆုံးရှုံးရ မှာ ကြောက်တဲ့စိတ်ကို ကျော်လွှားအနိုင်ယူပါ။ စိုးရိမ်နေတာတွေ ရပ်လိုက် ပါ။ လိုချင်တာကို ရဖို့ စွန့်စားကြည့်တာက ဘာမှမလုပ်ဘဲ ငုတ်တုတ်ထိုင် နေတာထက်စာရင် အကျိုးဖြစ်ထွန်းနိုင်ခြေ ပိုများတယ်ဆိုတာ ကမ္ဘာပေါ်က အအောင်မြင်ဆုံး လူသားတိုင်း လက်ခံထားကြပြီးသားပါ။ ဒီအယူအဆကို ချစ်သူရှာဖွေတဲ့နေရာမှာလည်း အလွယ်တကူ အသုံးပြုလို့ရပါတယ်။ သင့်ရဲ့ သတ်မှတ်ချက်တွေကိုချပြတာက သင့်လူက သင့်ကို ချန်ထားခဲ့နိုင်တဲ့ အခြေ အနေနဲ့ ရင်းရတာဆိုရင် အဲဒါဟာ သင်မဖြစ်မနေရင်းသင့်တဲ့ စွန့်စားမှုပါ။ သင့်ရဲ့ စိုးရိမ်ကြောက်ရွံ့မှုက သင့်ကို အကြိမ်တိုင်း ဒုက္ခပေးနိုင်ပါတယ်။ သူထွက်သွားမှာ၊သင်တစ်ဦးတည်းကျန်ခဲ့မှာကို ကြောက်ရွံ့နေတဲ့ စိတ်ကြောင့် ယောကျ်ားတစ်ယောက်က သင့်အပေါ်မှာ လေးစားမှုမရှိ၊ ကတိ အာမခံချက် မပေး၊ အလေးအနက်မထားဘဲ ချန်ထား ထွက်သွားတာပါ။ ကျွန်တော်တို့ ယောကျ်ားတွေက လူပါးတွေပါ။ ဒီလိုအပျော်တမ်းထားတဲ့ နည်းဟာ ဟောင်း လှပါပြီ။ ဒါပေမဲ့ ဖြစ်ခွင့်ပေးတဲ့ မိန်းကလေးတွေရှိနေသရွေ့ ကျွန်တော်တို့ သားမြေးယောကျ်ားလေးတွေအထိ ဒီအတိုင်းပဲသွားနေဦးမှာပါပဲ။ ဒါကို

ပြောင်းလဲပစ်နိုင်တာက သင်ကိုယ်တိုင်ပဲဖြစ်ပါတယ်။

ဒါကို သင်ဘယ်လိုလုပ်ရမှာလဲ။ ယောကျ်ားတစ်ယောက်ကို သူ့ဘဝမှာ ဘာလိုချင်တာလဲ၊ ဘာဖြစ်ချင်တာလဲ၊ ပြီးတော့ သင်တို့နှစ်ဦးသားဆက်ဆံရေးကနေ သူဘာကိုရချင်တာလဲဆိုတာ အစကတည်းက သူ့ဆီက ရှင်းရှင်းသိရအောင်လုပ်ပါ။ သူ့ကိုအဓိကကျတဲ့ မေးခွန်းငါးခု သင်က မေးရမှာပါ။ အဲဒီမေးခွန်းတွေက ဒီလူမှာ ဘာတန်ဖိုး၊ ဘာစံတွေရှိတယ်၊ သူ့အစီအစဉ်တွေမှာ သင်က ဘယ်လို လိုက်ဖက်အဆင်ပြေနိုင်မယ်ဆိုတာတွေကို ကူညီဆုံးဖြတ်ပေးပါလိမ့်မယ်။ ဒီမေးခွန်းတွေဟာ မိန်းမတွေကို အပျော်တမ်းကစားတဲ့ ယောကျ်ားတွေ၊ အဲဒီယောကျ်ားတွေဆီမှာ ဝပ်တွားခယနေတဲ့ မိန်းမတွေကို နှစ်ပေါင်းတော်တော်ကြာအောင် စောင့်ကြည့်လေ့လာခဲ့ပြီး ကိုယ့်ကိုယ်ကိုယ်နဲ့ ချစ်တမ်းကစားရာမှာ ဆရာလို့ခေါ်ရလောက်တဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို "ငါသာ မိန်းမတစ်ယောက်ဆိုရင် ဒါတွေကို ဘယ်လိုရှောင်လွှဲလို့ရမလဲ" ဆိုတဲ့မေးခွန်း အကြိမ်ကြိမ်မေးကြည့်ရင်း ကျွန်တော် စီစဉ်ရွေးချယ်ထားတဲ့ မေးခွန်းတွေပါ။ အဖြေတွေက သင့်ဘဝမှာ ပတ်သက်လာမယ့် ယောကျ်ားရဲ့အကြောင်း သင်သိလိုသမျှ အရာရာကို ပြောပြပါလိမ့်မယ်။ ဒီမေးခွန်းတွေကို မေးကြည့်တာက သင်ရှေ့ဆက်တိုးမလား၊ နောက်ပြန်လှည့်ပြေးမလားဆိုတာ ဆုံးဖြတ်နိုင်အောင် ကူညီပေးပါလိမ့်မယ်။

ဒီမေးခွန်းတွေကို မေးကြည့်ဖို့ တုံ့နှေးနေစရာ မလိုပါဘူး။ သင်ဆုံစည်းလိုက်တဲ့ ယောကျ်ားတစ်ယောက်ဆီမှာ သင်ဟာ နည်းနည်းလောက်ဆွဲဆောင်ခံလိုက်ရပြီဆိုတာကို သိသိချင်းပဲ မေးခွန်းတွေမေးလိုက်ပါ။ ဒီမေးခွန်းတွေကို သူက ရှောင်လွှဲနေမယ်၊ မဖြေချင်ဘူးဆိုရင်တော့ သူဟာ သင့်ရဲ့လူမဟုတ်ဘူးဆိုတာ အစကတည်းက သိနိုင်ပါပြီ။

ဒါကြောင့် မေးခွန်းတွေကို စလိုက်ကြရအောင်ပါ။ မှတ်ထားပါ။ လုံးဝ မကြောက်ပါနဲ့။ မစိုးရိမ်ပါနဲ့။

**မေးခွန်းနံပါတ် – ၁**

**ရှင့်ရဲ့ ရေတိုရည်မှန်းချက်တွေက ဘာတွေလဲ**

ယောကျ်ားတစ်ယောက်နဲ့ ဆန်းပြားတဲ့ဆက်ဆံရေးကို စတော့မယ်

ဆိုရင် သူ့ရဲ့အစီအစဉ်တွေက ဘာတွေလဲ၊ ပြီးတော့ သူ့ကို ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ဖြစ်စေတဲ့ သူဘယ်သူ၊ ဘာလုပ်တယ်၊ ဘယ်လောက်စွမ်းနိုင်တယ်ဆိုတဲ့ အဓိကအချက်တွေမှာ ကိုက်ညီသလားဆိုတာ သင်သိသင့်ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့အတိုင်း ဒီသုံးချက်က ရင့်ကျက်အရွယ်ရောက်ပြီးတဲ့ ဘယ်ယောကျ်ားအတွက်မဆို အလွန်အရေးကြီးပါတယ်။ သူအခုဘာလုပ်နေတယ်၊ နောက်လာမယ့် သုံးလေးနှစ်မှာဘာလုပ်ဖို့ စီစဉ်ထားတယ်ဆိုတာတွေကို သိဖို့ အခွင့် သင့်မှာလုံးဝရှိပါတယ်။ သူ့ အဖြေက အဲဒီအစီအစဉ်မှာ တစ်စိတ်တစ်ပိုင်း သင်ပါမလား၊ မပါဘူးလား ဆိုတာကိုလည်း သင့်ကို ကူညီဆုံးဖြတ်ပေးပါလိမ့်မယ်။ သူ့မှာ ဘာအစီအစဉ်မှ မရှိဘူးဆိုရင်လည်း သင်အလံနီပြရတော့မယ်ဆိုတာကို သိနိုင်တာပေါ့။

အစီအစဉ် တစ်ခုခုရှိတယ်ဆိုရင်တော့ ကောင်းပါတယ်။ သင်က တကယ့်ကို စိတ်ဝင်စားတဲ့ပုံမျိုးပြပြီး နောက်က မေးခွန်းတွေကို ဆက်မေးပါ။ စိတ်အားထက်ထက်သန်သန်နဲ့ တကယ်သိလိုစိတ်ပြင်းပြတဲ့ပုံမျိုးပြပါ။ ယောကျ်ားတွေက သူတို့အကြောင်းကို ပြောပြရတာ သဘောကျကြပါတယ်။ သင့်ကို အမိဖမ်းဖို့ သင်အထင်ကြီးအောင်လုပ်မှုဖြစ်မယ်ဆိုတာကို ကျွန်တော်တို့သိပါတယ်။ သင်က ပိုပြီး စိတ်အားထက်သန်တဲ့ ပုံစံကိုပြလေ သူက သင်သိချင်တဲ့ အချက်အလက်တွေကို များများပိုပေးလေပါ။ "အံ့သြစရာပဲ။ အဲဒီလုပ်ငန်းနယ်ပယ်ထဲကို ရှင်ဘယ်လိုရောက်လာခဲ့တာလဲ" ဒါမှမဟုတ် "စိတ်ဝင်စားဖို့ကောင်းလိုက်တာ။ ဒီလောက်အောင်မြင်အောင် ဘယ်လိုတွေများ လုပ်ဆောင်ခဲ့တာလဲ" ဆိုတဲ့ စကားမျိုးပြောပေးပါ။ ပြီးတော့ ဂရုတစိုက်နားထောင်ပေးပါ။ သူစကားပြောနေတဲ့ တစ်ချိန်လုံး သူဟာ သူ့ရဲ့ရည်မှန်းချက်တွေပြည့်ဝဖို့ တကယ်ပဲကြိုးစားနေတာလား၊ မစားရဝခမန်း လျှောက်ပြောနေတာလားဆိုတာ သင်ကိုယ်တိုင် ချင့်ချိန်နားထောင်သင့်ပါတယ်။ သူ့ရဲ့ ရေတိုရည်မှန်းချက်ကို ဖော်ဆောင်တဲ့ အစီအစဉ်မှာ သင်ရော ပါဝင်လို့ရလားဆိုတာလည်း သိအောင်ကြိုးစားပါ။ သူ့အစီအစဉ်က ဘာဆိုတာကို သင်သိရင် သင်လည်း တစ်ဖက်တစ်လမ်းက ပါဝင်ချင်ရင် ပါဝင်လို့ရတာပေါ့။ ပြီးတော့ ဘယ်အခန်းကကဏ္ဍကနေ ပါဝင်မှာလဲ၊ ဒါမှမဟုတ် သင် နောက်ဆုတ်နေလိုက်မလားဆိုတာကို စဉ်းစားလို့လည်းရပါတယ်။ သူ့မှာ ရေတို

ရည်မှန်းချက်တော့ရှိပါရဲ့။ အဲဒီရည်မှန်းချက်အတွက် ဘာအစီအစဉ်မှ မရှိဘူး၊ သူကိုယ်တိုင်လည်း ဝေဝါးနေတယ်ဆိုရင် အဲဒါက သိပ်မဟုတ်သေးပါဘူး။ သူလက်ရှိလုပ်ကိုင်နေတဲ့ အလုပ်နဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ ရေတိုရည်မှန်းချက်မျိုး သူ့မှာ ရှိနေရင်လည်း အဲဒီရည်မှန်းချက် ပြည့်ဝအောင် သူ့စွမ်းဆောင်နိုင်ပါ့မလားဆိုတာက သင်ထည့်သွင်းစဉ်းစားရမယ့်အချက်ထဲမှာ ပါပါတယ်။ မသေချာတဲ့ အစီအစဉ်တွေအတွက် သင်ပါလိုက်ပြီး အချိန်ကုန်ခံဖို့တော့ မသင့်ပါဘူး။

**မေးခွန်း – ၂**

**ရှင့်ရဲ့ရေရှည်ရည်မှန်းချက်တွေက ဘာတွေလဲ**

နောက်လာမယ့် ၁၀ နှစ်မှာ သူ့ကိုယ်သူ သူရောက်ချင်တဲ့နေရာမှာ ရောက်နေတာကို လှမ်းမျှော်ကြည့်နိုင်တဲ့ ယောကျ်ားတစ်ယောက်ဟာ သူ့အနာဂတ်ကို ကြိုတွေးထားပြီး အဲဒီကိုရောက်ဖို့ ဘာတွေကိုလုပ်ရမယ်ဆိုတာကိုပါ အလေးအနက် စဉ်းစားထားတဲ့လူဖြစ်ပါတယ်။ ဆိုလိုတာက သူ့မှာ အမြော်အမြင်ရှိပြီး သူက သူ့အနာဂတ်အတွက် တက်လှမ်းသွားရမယ့် အဆင့်တစ်ဆင့်ချင်းစီကို စီစဉ်နေတာဖြစ်ပါတယ်။ "ကျွန်တော်ကတော့ ဒီလိုပဲ တစ်ရက်ပြီးတစ်ရက် ပိုကောင်းအောင် ကြိုးစားသွားမှာပါ" ဆိုတဲ့ စကားမျိုးကို သူပြောလာရင် ဝေးဝေးကသာရှောင်ပါ။ သူ့ရဲ့ ရေရှည်အစီအစဉ်က ရေတိုအစီအစဉ်နဲ့ အတူတူပဲဆိုရင် သူ့ကို ထားသာထားခဲ့ပါ။ သူ့အဖြေက သူ့ဘဝအတွက် ဘာမှ သေသေချာချာ စဉ်းစားမထားတာကို ဖော်ပြနေလို့ပါ။ ဒါမှမဟုတ်ရင်လည်း အဲဒီအစီအစဉ်မှာ သူက သင့်ကို ထည့်မစဉ်းစားထားပါဘူး။ ဒါကြောင့် သင့်ကို ရေရေရာရာ ပြောမပြချင်တာပါ။ သင့်ကို သူက အပျော်တွဲဖို့လောက်ပဲ စဉ်းစားထားတာပါ။ သူ့မှာ အစီအစဉ်မရှိတဲ့နောက်တော့ ဘာကြောင့် သူ့ကို သင့်အနားမှာ တွယ်ကပ်နေစေဦးမှာလဲ။

သင်အချိန်နည်းနည်းပေးပြီး စဉ်းစားရမယ့် ယောကျ်ားဟာ အစီအစဉ်တစ်ခုခုရှိတဲ့လူဖြစ်ရပါမယ်။ သင့်ကိုယ်သင်ပါ မြင်ကြည့်နိုင်မယ့် ကျကျနနစဉ်းစားထားတဲ့ အစီအစဉ်ပါ။ ရှေ့မှာ ကျွန်တော် ပြောခဲ့တဲ့အတိုင်း

ယောက်ျားတစ်ယောက်မှာ အစီအစဉ်ရှိပါတယ်။ နောက်လာမယ့် ငါးနှစ်အတွင်း ကျွန်တော့် ရည်မှန်းချက်က နာမည်ကြီးဟာသလူရွှင်တော်ဖြစ်ဖို့၊တစ်ပတ်ကို အနည်းဆုံး ဒေါ်လာ ၂၅၀၀ ရဖို့ဆိုတာကို ပရိသတ်တွေရှေ့မှာ ပထမဆုံး ပြက်လုံးမထုတ်ခင်ကတည်းကကို ကျွန်တော် သိနေခဲ့ပါတယ်။ အဲဒီ ဆုလာဘ် ကိုပဲ မျက်လုံးထဲမှာ မြင်ကြည့်ရင်းနဲ့ မကြာခင်မှာပဲ တစ်ပတ်ကို ဒေါ်လာ ၂၅၀၀ ရအောင် ကျွန်တော် ရှာနိုင်ခဲ့ပါတယ်။ အဲဒီအတွက်လည်း ပျော်ရွှင်ခဲ့ရ ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်ဖြစ်ချင်တာက နာမည်ကြီး လူရွှင်တော် ဆိုတော့ ရှေ့ဆက်ပြီးတော့ ကြိုးစားခဲ့ပါတယ်။ အခုဆိုရင် ကျွန်တော်ဟာ တစ်ပတ်မှာ ဒေါ်လာ ၅၀၀၀ ကနေ ၇၅၀၀ အထိ ဝင်ငွေရအောင် ရှာနိုင်ပါပြီ။ ရှစ်နှစ်လောက်တော့ အချိန်ယူခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ငွေကြေး ဆိုင်ရာ ရည်မှန်းချက်ကို ပြည့်ဝအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်တော် ကျေနပ်မိပါတယ်။ အဲဒီနောက်မှာ ဆင်းဘတ်ကို ကျွန်တော် တွေ့ခဲ့တာပါ။

အဲဒီအချိန်မှာ ဆင်းဘတ်က ဘာမင်ဂမ်မှာရှိတဲ့ ဟာသကလပ် တစ်ခုမှာ အလုပ်လုပ်နေတာပါ။ သူ့ရဲ့ နာမည်အစွမ်းကုန်တက်လာတဲ့ နေရာ လည်းဖြစ်ပါတယ်။ ဒီကလပ်တစ်ခုတည်မှာကိုပဲ သူဟာ တစ်ပတ်ကို ဒေါ်လာ ၅၀,၀၀၀ ကနေ ၇၀,၀၀၀ အထိရအောင် ရှာနိုင်ပါတယ်။ သူ့ကို ကြည့်ပြီး ကျွန်တော်အားကျမိပါတယ်။ သူ့အောင်မြင်မှုက ကျွန်တော်လည်း ဟာသပညာရှင်တစ်ယောက်အနေနဲ့ သူ့လိုဘဝမျိုးဖြစ်လာဖို့ ရေရှည်ရည်မှန်း ချက်ချဖို့လိုတယ်၊ ဟာသနဲ့ပဲ အောင်မြင်မှုရအောင် လုပ်နိုင်တယ်ဆိုတာကို သဘောပေါက်စေပါတယ်။ ကျွန်တော့် မိသားစု ဂုဏ်သရေရှိရှိနေနိုင်အောင် လုပ်ပေးဖို့ တီဗွီမှာ ရိုက်ကူးခွင့်ရတာမျိုး ကျွန်တော်လိုချင်ပါတယ်။ ကျွန်တော့် ဘဝကို ဒီလိုပုံစံနဲ့ တွေးမျှော်ကြည့်ပြီးတဲ့နောက်မှာ အဲဒါကို ဘယ်လိုပုံစံနဲ့ ရအောင် လုပ်မလဲဆိုတဲ့ အစီအစဉ်ကို ကျွန်တော် ချမှတ်ခဲ့ပါတယ်။ လွယ် မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ အချိန်ယူရပါမယ်။ ပြောခဲ့တဲ့ ငွေပမာဏမျိုးကိုရှာလို့ရတဲ့ ဟာသကလပ်ဆိုတာလည်း နည်းနည်းပဲရှိပါတယ်။ သွားချင်တဲ့နေရာကိုရောက်ဖို့ အဆက်အသွယ်ကောင်းတွေ၊ အပံ့အပိုးကောင်း တွေရှိမှဖြစ်မှာပါ။ ဒါပေမဲ့ အဓိကအချက်က အဲဒီနေရာကိုရောက်အောင်သွား ဖို့ ခြေလှမ်းအဆင့်ဆင့်နဲ့ ရေရှည်အစီအစဉ် ကျွန်တော့်မှာရှိပါတယ်။ တဖြည်း

ဖြည်းနဲ့ အဲဒီရည်မှန်းချက်တွေဆီကို ကျွန်တော်ရောက်အောင် လှမ်းသွားခဲ့ပါတယ်။

သင့်ရဲ့ဘဝအဖော်ဖြစ်နိုင်ခြေရှိတဲ့ လူရဲ့မေးခွန်းနံပါတ်တစ်နဲ့ နံပါတ်နှစ်အဖြေကို သင်ကြားတဲ့အခါ သင်တွေ့နေတဲ့ယောကျ်ားဟာ ဘယ်လိုအမျိုးအစားဆိုတာ ကောင်းကောင်းနားလည်ပါလိမ့်မယ်။ အစီအစဉ်ဆိုတာမရှိတဲ့ လူတစ်ယောက်နဲ့တော့ သင့်ဘဝကို ချည်နှောင်မထားပါနဲ့။ သူဟာဘယ်နေရာကိုမှရောက်အောင် မသွားနိုင်တဲ့ လူဆိုရင် သင်လည်း ဘယ်ကိုမှမရွေ့နိုင်ဘူးဆိုတာ အနေးနဲ့အမြန်ဆိုသလို သင် သိလာရမှာမို့လို့ပါ။

**မေးခွန်းနံပါတ် – ၃**

**ဆက်ဆံရေးတွေအပေါ် ရှင့်ရဲ့အမြင်က ဘယ်လိုရှိသလဲ**

ဒါက သူ့မိဘတွေ၊ သူ့ကလေးတွေ အကြောင်းကစပြီး ဘုရားသခင်နဲ့ဆက်သွယ်မှုအထိ ဆက်ဆံရေးအကုန်လုံးနဲ့ပတ်သက်လို့ ယောကျ်ားတစ်ယောက်ရဲ့ ခံစားချက်က ဘယ်လိုရှိသလဲဆိုတဲ့ ကျယ်ပြန့်တဲ့ အစိတ်အပိုင်းအားလုံးပါဝင်တဲ့ မေးခွန်းဖြစ်ပါတယ်။ အဖြေတစ်ခုချင်းစီက ပေးဆပ်မြှုပ်နှံမှုအပေါ်မှာ သူအလေးထားသလား၊ သူဟာ ဘယ်လို မိသားစုဝန်းကျင်မျိုးမှာ ကြီးပြင်းခဲ့တာလဲ။ ဘယ်လိုခင်ပွန်း၊ ဘယ်လို ဖခင်မျိုးဖြစ်နိုင်သလဲ၊ ဘုရားကို သူဆည်းကပ်ယုံကြည်သလား စတဲ့ သူနဲ့ပတ်သက်တဲ့အကြောင်းအရာ တော်တော်များများကို ဖော်ထုတ်ပေးနိုင်မှာပါ။ ဒီမေးခွန်းတွေရဲ့အဖြေတွေကို သင်သိဖို့ တစ်ခုတည်းသော နည်းလမ်းက သူ့ကို မေးကြည့်ဖို့ပါပဲ။ သူနဲ့ မနမ်းခင် သင်မေးကြည့်လိုက်ပါ။ ဒါမှမဟုတ် အတူတွဲထွက်ဖို့ သင်သူ့ကို ခွင့်ပြုမပေးခင်အချိန်မှာပေါ့။ ဖုန်းနဲ့စကားပြော ဆွေးနွေးကြည့်တာအကောင်းဆုံးပါပဲ။ ပြီးတော့ ဒီမေးခွန်းတွေအတွက် ရှက်တာတို့၊ စိတ်ပူတာတို့ မဖြစ်ပါနဲ့။ သူ့ကိုမှ စကားပြောမကြည့်ရင် ဒီလူနဲ့သင့်ဘဝကို လုပ်ရမှာလဲ။ ဒီအကြောင်းကို ပြောပြဖို့ သူ့မှာ ပြဿနာရှိနေတယ်ဆိုရင် တစ်ခုခုမှားနေပြီဆိုတာ သင်သိလိုက်ပါ။

ပထမဆုံး မိသားစုနဲ့ပတ်သက်လို့ သူဘယ်လိုခံစားရသလဲဆိုတာ သိအောင်လုပ်ပါ။ သူ့အမြင်က ဘယ်လိုရှိသလဲ။ မိသားစုတစ်ခုကို သူလို

ချင်ရဲ့လား၊ ကလေးတွေနဲ့ပတ်သက်လို့ သူဘယ်လိုခံစားရသလဲ၊ သင့်မှာ ရင်သွေးရှိတယ်ဆိုရင် အဲဒီကလေးအကြောင်း သူ့ကို ပြောပြထားပါ။ ဒါ သူသိရမယ့် ကိစ္စပါ။ ပိုအရေးကြီးတာက ဖခင်တစ်ယောက်သူဖြစ်ချင်ရဲ့ လားဆိုတာ သင်သိအောင်လုပ်ဖို့ပါ။ သူက ကလေးတွေကို မလိုလားဘူး၊ သင်ကတော့လိုချင်တယ်ဆိုရင် ဒီနေရာမှာပဲ စခန်းသိမ်းလိုက်ပါ။ (ယောက်ျား တစ်ယောက်က ရင်သွေးတွေကို မလိုလားဘူးဆိုရင် သင့်အပေါ်မှာ သူ့ ခံစားချက်ကဘယ်လောက်ရှိရှိ သူ့စိတ်ကတော့ ပြောင်းလဲချင်မှ ပြောင်းလဲ လိမ့်မယ်ဆိုတာကို သင်သိထားပါ။) ပိုဆိုးတာက သူက ကလေးတွေကို သဘောမကျဘူး၊ သင့်မှာက ရင်သွေးတွေရှိနှင့်နေတယ်ဆိုရင်တော့ ဒီဆက်ဆံ ရေးကို ဘယ်လိုရှေ့ဆက်နိုင်ပါ့မလဲ။

နောက်တစ်ခုက သူ့အမေနဲ့ သူ့ရဲ့ဆက်ဆံရေးကို မေးပါ။ ဒါဟာ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့ ပထမဆုံး ဆက်ဆံရေးပါပဲ။ သူဟာ သူ့အမေနဲ့ မှတ်တမ်းမှတ်ရာ ကောင်းမယ်ဆိုရင် မိန်းမတစ်ယောက်ကို ဘယ်လိုအလေးထား ဆက်ဆံရမယ်ဆိုတာ သိတဲ့ အလားအလာကောင်းနိုင် ပြီး မိန်းမတစ်ယောက်ကိုသာမက ဖြစ်လာနိုင်ခြေရှိတဲ့ မိသားစုအကွက်ပါ ဘယ်လိုတာဝန်ခံရမယ်၊ ပေးကမ်းထောက်ပံ့ရမယ်၊ ကာကွယ်ပေးရမယ်ဆို တာကိုပါသိနေနိုင်ပါတယ်။ ယောက်ျားတစ်ယောက်ဟာ သူ့အမေနဲ့ဆက်ဆံ ရေး အဆင်ပြေပြေမှ မရှိဘူးဆိုရင် သင်နဲ့ ဆက်ဆံရေးမှာလည်း အဆင်ပြေပါ့ မလားဆိုတာက မသေချာပါဘူး။

သူ့အမေနဲ့ပတ်သက်တဲ့ သူ့အမြင်ကို သင်သိပြီးသွားရင်တော့ သူ့ အဖေအကြောင်းကို မေးပါ။ သူဟာ သူ့အဖေနဲ့ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိခဲ့ရင် သူ့ကိုပျိုးထောင်ပေးခဲ့တဲ့ စံနှုန်းပုံစံတွေကို သင်တို့ရဲ့ အနာဂတ် မိသားစုဆီကို သူက ဆောင်ယူလာမှာပါ။ ဖခင်မရှိတဲ့ မိသားစုဝန်းကျင်မှာ ကြီးပြင်းခဲ့ရတဲ့ ယောက်ျားအများစုမှာလည်း သူတို့ဘဝမှာ စံထားရတဲ့ စံပြ ယောက်ျားတွေရှိနေနိုင်ပါတယ်။ သူတို့ နမူနာထားတဲ့ လူဆီက ကောင်းမွန်တဲ့ စရိုက်လက္ခဏာတွေကိုလည်း ရလာနိုင်ပါတယ်။ ဖခင်မရှိဘဲ ကြီးပြင်းလာခဲ့ ရတာက သူဖခင်တစ်ယောက်ဖြစ်လာတဲ့အခါ မဖြစ်ချင်တဲ့အရာ အချို့ အကြောင်းကို သင်ယူခဲ့ရတာလည်း ရှိနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့

အဖေနဲ့ သူ့ရဲ့ဆက်ဆံရေးအကြောင်း မေးဖြစ်အောင်မေးပါ။ သူ့အဖြေတွေမှာ သူဘယ်လို ဖခင်မျိုးဖြစ်ချင်တယ်ဆိုတာကို ဖော်ပြနိုင်တဲ့ အရိပ်အမြွက်တွေ ပါဝင်နေနိုင်ပါတယ်။

ဘုရားသခင်နဲ့ ပတ်သက်တဲ့ သူ့အမြင်ကိုလည်း သင်မေးကြည့်မှ ဖြစ်မှာပါ။ တည့်တည့်ပြောပါရစေ။ သူ့ဘဝရဲ့ လမ်းညွှန်မှုဖြစ်တဲ့ ကိုးကွယ်ယုံကြည်မှုတစ်ခုခု သူ့မှာမရှိဘူးဆိုရင် အဲဒါက ပြဿနာပါပဲ။ ဘာသာတရားရဲ့ အဆုံးအမ၊ အသင်အပြကိုမှ ရရှိမထားရင်၊ ဘုရားကို စောင့်သိရိုသေခြင်းမရှိရင် အဲဒီလူဟာ သင့်အပေါ်မှာ သစ္စာစောင့်သိဖို့ ဘယ်လိုစဉ်းစားနိုင်မှာလဲ။ သင်နဲ့ သင့်ကလေးတွေအတွက် မှန်မှန်ကန်ကန် ဘယ်လိုလုပ်ဆောင်ပေးနိုင်မှာလဲ။ ဘာသာတူခြင်း မတူခြင်းက ပဓာနမကျပါဘူး။ ယုံကြည်မှုခြင်းထပ်တူကျဖို့တော့ လိုပါတယ်။ ဒီလိုမှမဟုတ်ရင် ပြဿနာတစ်ခုခုတော့ ရှိလာမှာပါ။

နောက်မေးခွန်းနှစ်ခုကိုတော့ သင်တို့ချင်း စကားတော်တော်များများပြောအပြီး၊ ချိန်းတွေ့တာ အနည်းငယ်ကြာပြီးတဲ့နောက်မှသာ မေးသင့်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် သူနဲ့နှစ်ဦးသား ကိုယ်လက်နှီးနှောပြီးတဲ့အဆင့်ရောက်ရင် မေးကြည့်ရမှာပါ။ အဖြေတွေက သင့်ခံစားချက်ကို နည်းနည်းလောက် ထိခိုက်စေနိုင်တာလည်း ရှိမှာပါ။ ဘာပဲပြောပြော သင်သိရတာပေါ့။

## မေးခွန်း နံပါတ် - ၄
## ရှင် ကျွန်မကို ဘယ်လိုထင်လဲ

သူ သင့်အကြောင်း သိလာဖို့ဆိုတာ အချိန်နည်းနည်းတော့ လိုမှာဖြစ်လို့ အတော်အသင့်ဆုံတွေ့ပြီးတော့မှ ဒီမေးခွန်းကိုမေးတာ ကောင်းပါတယ်။ ဒါပေမဲ့ သူ့အဖြေက အရေးကြီးပါလိမ့်မယ်။ သင့်အတွက် သူ့ အစီအစဉ်တွေ အဖြေထဲမှာ ပါနေနိုင်တာကြောင့်ပါ။ သင်တို့ချင်းတွေ့ကြတာ နည်းနည်းကြာပြီဆိုရင် သူ့အကြောင်းကို နည်းနည်းတော့ သင်သိလာမှာပါ။ ပိုအရေးကြီးတာက သင့်အကြောင်း သူဘယ်လိုထင်သလဲဆိုတာပါ သင့်မှာ သိခွင့်ရှိပါတယ်။ သူသင့်ဆီကို ပထမဆုံး ချဉ်းကပ်လာကတည်းက သင့်နဲ့ပတ်သက်လို့ တစ်ခုခု

ကို သူစဉ်းစားမှာပါ။ ဒါကို သင်သိဖို့လိုပါတယ်။ တစ်ခုခုက သူ့ကိုဆွဲဆောင်လိုက်တာပါ။ သင့်ဆံပင်၊ မျက်လုံး၊ သင့်ခြေထောက်တွေ၊ သင့်ရဲ့ ဝတ်စားဆင်ယင်ပုံ တစ်ခုခုကို သူနှစ်သက်ခဲ့တာပါ။ ဘာရယ်မဟုတ်သင့်ကို ချဉ်းကပ်လာတာတော့ မဖြစ်နိုင်ပါဘူး။ အစအဦး ဆွဲဆောင်မှုရဲ့နောက်ပိုင်းမှာ သင်ဟာ သူတို့ခဏတာ ချစ်တမ်းကစားရုံ ကစားချင်တဲ့ မိန်းမလား၊ ရေရှည်ဆက်ပတ်သက်ချင်တဲ့ သူလားဆိုတာကို ယောက်ျားတွေကောင်းကောင်းသိပါတယ်။ ဒါကို သူ့အဖြေတွေကနေ သင် ပြောနိုင်ပါလိမ့်မယ်။

သူ့အဖြေကို သေသေချာချာနားထောင်ပါ။ ဒီမေးခွန်းကို ယောက်ျားတိုင်းက ဖြေပုံဖြေဟန်တူကြမယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်။ "မင်းက လှပါတယ်၊ မင်းက တော်တယ်၊ မင်းက ပျော်ပျော်နေတတ်တယ်၊ ပြီးတော့ ကြင်နာတတ်တယ်၊ မင်းက မိခင်ကောင်းတစ်ယောက်ဖြစ်မှာပါ။ မင်းက အရမ်းထက်မြက်တယ်" စသဖြင့် ဒါမျိုးတွေပဲ လာမှာပါ။ ဒါဟာ သင်ရှာသင့်တဲ့ အဖြေတွေတော့ မဟုတ်သေးပါဘူး။ အသေးစိတ် တိတိကျကျ အချက်အလက်တွေ သင်လိုအပ်ပါတယ်။ အပေါ်ယံထက် သူ့ရဲ့ တကယ့်အထင်အမြင်မှန်က သင့်အတွက် အရေးကြီးပါတယ်။

ဒါကြောင့် နောက်က နင်းလိုက်ပါ။ ဥပမာ – "အော် .... ရှင်က ကျွန်မ ကြင်နာတတ်တယ်လို့ ထင်တယ်ပေါ့" ဆိုတာမျိုးပေါ့။ ပြီးရင် အသာလေးနားထောင်နေလိုက်ပါ။ သင် ဘယ်လို ကြင်နာမှုမျိုးကို ပြသလဲဆိုတာ သူခိုင်ခိုင်မာမာ ဥပမာမပေးနိုင်ရင် သူဟာ သင့်အကြောင်းကို အပေါ်ယံထက် ဘာမှပို မစဉ်းစားပါဘူး။ သူ့ရဲ့ တိတိပပ ဖြေရှင်းနိုင်တဲ့ အခြေအနေက သင်တို့ ဆက်ဆံရေးမှာ သူ့ စိတ်သဘောထား ဘယ်လိုရှိတယ်ဆိုတာကိုပါ။ သဲလွန်စအဖြစ် သင်ရနိုင်ပါတယ်။

■

## မေးခွန်းနံပါတ် – ၅
## ကျွန်မနဲ့ပတ်သက်လို့ ရှင်ဘယ်လိုခံစားရလဲ

ထင်တာနဲ့ ခံစားရတာနဲ့က မတူပါဘူး။ ကာလတစ်ခုအကြာဆုံ တွေ့ပြီးတဲ့နောက်မှာ ယောကျ်ားတစ်ယောက်က သင်နဲ့ပတ်သက်တဲ့ သူ့ခံစားချက်အကြောင်း သင့်ကို ပြောမပြနိုင်ဘူးဆိုရင် သူ့မှာ သင့်အတွက် ခံစားချက်မရှိလို့ပါဘဲ။ သင့်ဆီက တခြားတစ်ခုခုကို သူလိုချင်နေတာပါ။ ဒီ မေးခွန်းကို မရေမရာ ဇဝေဇဝါဖြေနေမယ်ဆိုရင်တော့ သင်က စိတ်ရှည်ရှည်ထားပေးလိုက်ပါ။ သူမလှမ်းချင်တဲ့နေရာကို လှမ်းနေရသလို ကျဉ်းထဲကျပ်ထဲမှာ ကျနေတာပါ။ စိတ်ခံစားမှုနဲ့ပတ်သက်လို့ ယောကျ်ားတွေမှာ ကောင်းကောင်း ဖော်ပြနိုင်စွမ်း မရှိပါဘူး။ တခြားမေးခွန်းတွေကို သူဖြေချင် ဖြေနိုင်ပါလိမ့်မယ်။ ယောကျ်ားတွေရဲ့ ဗီဇကိုက ဘယ်သူ့ကိုပဲဖြစ်ဖြစ် အကုန်လုံးကို သွန်ချဖွင့်အန်ပြလို့ မရတဲ့ ဗီဇမို့ပါ။ ဒါက သင့်ကို ရှိပါစေတော့လို့ ထားလိုက်ဖို့ ပြောတာ မဟုတ်ပါဘူး။ သင် သူ့အဖြေထဲမှာ ရှာဖွေရမှာက ဒါမျိုးပါ။ "မင်းကို ကိုယ်မတွေ့ရတဲ့အခါ မင်းနဲ့စကားပြောရတဲ့အချိန်ကို လွမ်းတယ်။ မင်း ဘာလုပ်နေမလဲလို့ ကိုယ်အမြဲတွေးနေမိတယ်။ မင်းအနားမှာရှိရင် ကိုယ်စိတ်ချမ်းသာတယ်။ မင်းဟာ ကိုယ်ရှာဖွေနေတဲ့ မိန်းကလေးပဲ" သူက သင့်ကို မချစ်မိသေးတာဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ သင်နဲ့ရေရှည်ခိုင်မြဲတဲ့ ဆက်ဆံရေးကို တည်ဆောက်ကြည့်ရင် ကောင်းမလားလို့ သူစဉ်းစားနေနိုင်ပါတယ်။ သူက စဝန်ခံပြီး သင့်ကို ရှာဖွေကျွေးမွေးဖို့၊ အကာအကွယ်ပေးဖို့ နေရာကိုပို့လိုက်တဲ့အချိန်မှာ သင်ပါဝင်တဲ့ အနာဂတ်ကို သူမြင်နိုင်တာကြောင့်ပါ။ ဒါဟာ သင်နဲ့အတူ သူရှိနေရမယ့်နေရာပဲ ဖြစ်ပါတယ်။

အဓိကကျတာကတော့ ကြားဖို့လိုအပ်တယ်လို့ သင်ထင်တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်လို့ သူ့ခံစားချက်တွေကို ဖွင့်အန်လာတဲ့အထိ စောင့်ပြီး နားထောင်ကြည့်ပါ။ အစစ်အမှန် ဟုတ်မဟုတ်ကိုတော့ သင့်နှလုံးသားနဲ့သာ ခံစားကြည့်လိုက်ပါ။

ဒီမေးခွန်းတွေကို ကျွန်တော်တို့ ဖြေကို ဖြေရမယ်ဆိုတာ အမျိုးသမီးတွေကောင်းကောင်းသိကြပါတယ်။ ယောကျ်ားပီသတဲ့ ယောကျ်ားတွေကလည်းဖြေပေးကြမှာပါ။ သင့်က တစ်စုံတစ်ယောက်နဲ့ ဆက်ဆံရေးရှိပြီးရင်

လည်း အဖြေတွေကို သင်မသိရသေးဘူးဆိုရင် ဒီမေးခွန်းတွေက အကျိုးဝင်ပါသေးတယ်။ ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် သင်မေးကြည့်လို့ရပါတယ်။ ဒါမှ မဟုတ် သင်သိပြီးသားအရာအတွက် အတည်ပြုလို့ရအောင် သူ့ကိုမေးကြည့် ရတာလည်း ရှိနိုင်ပါတယ်။ သူ့အဖြေတွေက သင်ဖြစ်စေချင်သလို ဖြစ်လာမှာ မဟုတ်တဲ့ ဆက်ဆံရေးတစ်ခုမှာ နှစ်တွေထပ်ပြီး သင်ရင်းနှီးမမြှုပ်နှံခင် ဆုံးရှုံးရမယ့်အရာတွေကို ကူညီလျှော့ချပေးနိုင်ပါတယ်။ ဒါမှ မဟုတ် အဲဒီ အဖြေတွေက သင့်ကို "ဒီလိုလူမျိုးရတာ ငါဝမ်းသာလိုက်တာ" လို့ ပြောရအောင်လည်း လုပ်နိုင်ပါတယ်။

■

# ၁၀

# ရက် ၉၀ စည်းမျဉ်း

သင့်ရဲ့ ရက် ၉၀ကို အမြော်အမြင်ရှိရှိ အသုံးပြုရမှာဖြစ်ပါတယ်။ သင်ဟာ သင့်လူကို ဘာအဆင့်မှ ဖြတ်သန်းမခိုင်းဘူးဆိုရင် စမ်းသပ်ကာလဆိုတာ ဘာမိပ္ပာယ်မှ ရှိမှာမဟုတ်ပါဘူး။ ရက် ၉၀ အတောအတွင်းမှာ သင်က သူ့ကို အမြဲစောင့်ကြည့် အကဲခတ်နေသင့်ပါတယ်။ သူလာမယ်လို့ ပြောပြီးရင် ရောက်အောင်လာပါသလား၊ သူနောက်ကျမယ်ဆိုရင် ဖုန်းလှမ်းဆက်ပါသလား၊ သင့်မိတ်ဆွေအပေါင်းအသင်းတွေကို သူသဘောကျပါသလား၊ အလေးထားပါသလား၊ သင့်မှာ ကလေးတွေရှိရင် သူတို့ကိုရော သူဘယ်လိုသဘောထားပါလဲ။ သင်နဲ့အတူရှိတဲ့အချိန်မှာ သူ့ရဲ့ပျော်ရွှင်မှုကို ဖော်ပြပါသလား။ အရေးအကြီးဆုံးက သူဟာ သင်နဲ့အတူ ခိုင်ကျည်မြဲမြဲတဲ့ ဆက်ဆံရေးတည်ဆောက်လို့ရမယ့်သူလား၊ ဘာတွေ ဘယ်လိုဖြစ်တတ်တယ်ဆိုတာ သင်သိပါတယ်။ သင့်ကို သူ့အိမ်ကို အလည်မဖိတ်ဖူးသေးပါဘူး။ သင့်မှာ ဖုန်းနံပါတ်တစ်ခုတည်းရှိပါတယ်။ သင်နဲ့ သူနဲ့ကြားမှာ ခြားထားတဲ့ သိခြင်းမဲ့ ပမာဏက အများကြီးကျန်ပါသေးတယ်။ သင်နဲ့ တွဲဖို့ အစပြုနေတဲ့ ယောကျာ်းဟာ သင်လက်ခံသင့်တဲ့လူလို့ သူ့ကို ထင်လာအောင် အစပိုင်းမှာတော့ အကောင်းဆုံး ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေနဲ့ သင့်ကို ချဉ်းကပ်ဖို့ ကြိုးစားမှာပါ။ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ သူဟာ သူ့ရဲ့

ပင်ကိုစရိုက်သဘာဝကို ထုတ်ပြလာမှာပါ။

အနည်းဆုံးတော့ ရက် ၉၀ တော့ အချိန်ပေးလိုက်ပါ။ သူဟာ သင့်အတွက် သင့်တော်တဲ့လူလားဆိုတာ သေချာအောင်လို့ သူ့ဆီက သင် အကုန်ဆွဲထုတ်ကြည့်နိုင်ပါတယ်။ အဲဒီနောက်တော့ သင်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ဖို့၊ လိုချင်တာကို ရအောင်ယူဖို့ကတော့ သင့်အခွင့်အရေးပါ။ အရင်ဆုံး မေးခွန်း ငါးခုကို မေးပါ။ (ပြီးခဲ့သောအခန်းတွင် ဖော်ပြထားသည့် အတိုင်း)။ သူ့ဆီက လေးစားမှုကို တောင်းဆိုရယူပါ။ သင်က သင့်ကိုယ်သင် လေးစားတန်ဖိုးထားတဲ့ အဆင့်မြင့်နေရင် ယောကျ်ားတစ်ယောက်ဆီက အဲဒီလေးစားတန်ဖိုးထားမှုကို သင်အလိုအလျောက် ခံယူရရှိမှာဖြစ်ပါတယ်။ အကျိုးအမြတ်အတွက် သူ့ကို အရည်အချင်းမီအောင်လုပ်ခိုင်းပါ။ သင့်လက်ထဲမှာ ပိုပြီး သာလွန်ကောင်းမွန်တဲ့ လူတစ်ယောက်ကိုရလာမယ်ဆိုတာ ကျွန်တော် အာမခံရဲပါတယ်။ သင်ဟာ ယောကျ်ားတစ်ယောက်ဆီက သူကိုယ်တိုင်တောင်မသိတဲ့ သူ့အကြောင်းတွေကို ရှာဖွေဖော်ထုတ်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီလူ ဘယ်လိုလူစားလဲဆိုတာနဲ့ သူဟာ သင့်အတွက် တကယ်သင့်တော်တဲ့ လူလားဆိုတာသိရဖို့ အဖြစ်အပျက် တချို့ကို ဖန်တီးပါ။ သင်သိချင်မယ့်အထဲမှာ ပါနိုင်တဲ့အကြောင်းအရာ အချို့ကို ကျွန်တော် ဖော်ပြပေးထားပါတယ်။

## သင့်မှာ ပြဿနာတချို့ရှိတယ်လို့ သူ့ကိုပြောပြတဲ့အချိန်မှာ သူဘယ်လိုတုံ့ပြန်သလဲ

သင့်ကားပျက်သွားတယ်။ ဒါမှမဟုတ် ရေပူစက်က အခြေအနေမကောင်းတော့ဘူး။ သင်ဟာ ပင်ပန်းနွမ်းနယ်နေတယ်၊ စိတ်ဖိစီးမှုက သင့်မျက်နှာပေါ်မှာ ဖော်ပြနေတယ်၊ သင့်အသံမှာလည်း သူဒါကို သိနိုင်တယ်။ သူက သင့်ကို "ဘာကိစ္စရှိလို့လဲ၊ ဘာဖြစ်နေတာလဲ" လို့မေးရင် ဒါက ကောင်းမွန်တဲ့ စတင်မှုပါ။ သင့်ပုံစံက ပုံမှန်မဟုတ်ဘူးဆိုတာကို သူရိပ်မိလောက်တဲ့အထိ သင့်အနားမှာ သူကာလတစ်ခုလောက်ရှိလာခဲ့ပြီဆိုတာကို ပြတာပါ။ ဒါက တိုးတက်မှုဖြစ်ပါတယ်။ ဒါပေမဲ့ သင်က သူ့ကို "ကျွန်မ ကားပျက်သွားတယ်၊ ကားပြင်ဖို့ပိုက်ဆံလည်း လောလောဆယ်မရှိသေးဘူး။

အဲဒါကြောင့် မနက်ဖြန်အလုပ်သွားဖို့အတွက်ကို နည်းနည်းစိတ်ပူနေမိတယ်” လို့ အဖြေပေးတဲ့အခါ သူက “အော် ... ဟုတ်လား။ အင်း ... အင်း နောက်မှ ဖုန်းပြန်ဆက်လိုက်လေ”လို့များ ပြောလာရင် သူ့ကို သင့်ရဲ့ စာရင်းထဲကနေ ပယ်သာထုတ်လိုက်ပါ။ သင် ရှင်းရှင်းလင်းလင်း သိထားရမှာက သင်က သူ့ကို ကားပြင်ဖို့အတွက် ပိုက်ဆံတောင်းတာ မဟုတ်ဘူး။ သူ ဒီထက်ပိုပြီး ဂရုတစိုက် စူးစမ်းမေးမြန်းမလားဆိုတာ သိရဖို့ သင်ကြိုးစားကြည့်တာပါ။ ပြီးတော့ ပြဿနာကို ဖြေရှင်းဖို့ သူက အကြံပေးတာပဲဖြစ်ဖြစ်၊ သင့်ကို ကူညီဖြေရှင်းပေးတာပဲဖြစ်ဖြစ် သူဘာလုပ်ပေးနိုင်မလဲဆိုတာ သင်သိချင်လို့ပါ။ သင့်ကားကို ပြင်ဆိုင်ပို့ထားတဲ့အချိန်မှာ သူက သင့်ကို အလုပ်ကို ကားမောင်းပို့ပေးဖို့ တစ်နာရီလောက် အိပ်ရာက စောထခိုင်းတာမျိုး ပြောပါသလား၊ သင့်ကားကို လျှော့ဈေးနဲ့ ကောင်းကောင်းပြင်ပေးနိုင်မယ့် လူတစ်ယောက်ရဲ့ ဖုန်းနံပါတ် ရှာပေးတာမျိုးလုပ်ပါသလား၊ ဒါမှမဟုတ် ကားပြင်ဆိုင်ပိုင်တဲ့ သူ့မိတ်ဆွေတစ်ယောက်ယောက်ဆီမှာ သင့်ကားကို အပ်မေးမယ်လို့ ပြောပါသလား။

ယောကျ်ားပီသတဲ့လူတွေဟာ သူတို့အလေးထားဂရုစိုက်တဲ့ အမျိုးသမီးတွေအတွက် အစွမ်းကုန်ဆောင်ရွက်ပေးတတ်ပါတယ်။ သင့်မှာ ပြဿနာတစ်ခုခုရှိနေပြီး သင့်လူက အစွမ်းကုန်ဆောင်ရွက်မပေးဘူးဆိုရင်၊ ပိုအဆင်ပြေသွားအောင် လုပ်ပေးဖို့ မကြိုးစားဘူးဆိုရင် သူဟာ သင့်အတွက် သင့်တော်တဲ့လူ မဖြစ်နိုင်ပါဘူး။

## ဖိစီးမှုအောက်မှာ သင့်ရဲ့လူက ဘယ်လိုတုံ့ပြန်ပါသလဲ

သင့်ရည်းစားဟောင်းက သင့်ကို ပြန်ဆက်သွယ်လာတယ်ဆိုပါစို့။ သင်တို့ချင်း ကွဲပြဲခဲ့ကြတဲ့ ပုံစံက တော်တော် စိတ်ပျက်စရာကောင်းပြီး သင်က သူနဲ့ထပ်မဆုံစည်းချင်တော့တာကြောင့် စိတ်ကသိကအောက်ဖြစ်နေတယ်။ သင်က သင့်ရဲ့ လူသစ်ကို ဒီကိစ္စနဲ့ပတ်သက်လို့ စိတ်အနှောင့်အယှက်ဖြစ်နေတဲ့အကြောင်း၊ ရည်းစားဟောင်းကို ဘယ်လိုခွာထုတ်ရမလဲ တွေးမရတဲ့အကြောင်း ပြောပြတယ်။ သူက အကျိုးခံစားခွင့်ရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုရင် ဖြေရှင်းမှုကို ချက်ချင်းစမှာပဲ။ သူက ဟိုလူ ဖုန်းမဆက်တော့အောင်၊

သင့်စိတ်လုံခြုံမှုရှိအောင် သူဘာလုပ်ပေးနိုင်မလဲဆိုတာကို ကြည့်လိမ့်မယ်။ ဥပမာ "နောက်တစ်ခါ အဲဒီလူ ဖုန်းဆက်ရင် ကိုယ့်ကို သူနဲ့ပေးပြောစမ်းပါ" လို့ ပြောကောင်းပြောလိမ့်မယ်။ ဒါက နည်းနည်းလွန်ကဲတာ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ သူ့နေရာကို အရင်လူသိထားအောင် ရှင်းရှင်းဘွင်းဘွင်း ဖွင့်ပြောထားချင်တဲ့ ယောကျ်ားတချို့ရှိပါတယ်။ ဒါမှမဟုတ် သင့်ရဲ့လူသစ်က သင်မလိုလားတဲ့ဖုန်းတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းရမလဲဆိုတာ အကြံပြုပေးတာမျိုးလည်း ရှိနိုင်တယ်။ အဲဒီလူရဲ့ ဖုန်းနံပါတ်ကိုပိတ်ထားဖို့ သင့်ကိုပြောတာတို့၊ နောက်ထပ် ဖုန်းဆက်မလာအောင် သင်ပြောသင့်တဲ့စကားကို အကြံပေးတာမျိုး သူလုပ်နိုင်ပါတယ်။ ဒါက အရေးယူဖို့မလိုအပ်တဲ့ ဖိအားနဲ့ဆိုင်တဲ့ အခြေအနေပါ။ ဒါပေမဲ့ တုံ့ပြန်ဖို့တော့ လိုပါတယ်။ သင့်ရဲ့ ချစ်သူအသစ်က "ဒီကိစ္စထဲမှာ ဝင်မပါနိုင်ဘူး" ဆိုတဲ့ စကားမျိုးပြောလာခဲ့ရင် သူဟာ သင်ရွေးချယ်သင့်တဲ့လူမျိုးမဟုတ်ပါဘူး။ အချိန်ကြာလာတာနဲ့အမျှ သင်တို့ဆက်ဆံရေးမှာ သင်ဟာ ဖိအားကိုတာဝန်ယူရတဲ့လူဖြစ်မှန်း မသိဖြစ်လာမှာပါ။ ဒါကို သင်စောစောကတည်းက သိထားသင့်ပါတယ်။ သူက အကာအကွယ်ပေးချင်တဲ့လူ၊ ဖြေရှင်းပေးချင်တဲ့ လူဆိုရင်တော့ သင့်ကို သူ့ရဲ့ မိန်းကလေးအဖြစ် မျှော်မှန်းထားတာ သေချာပါတယ်။ သူဟာ အကျိုးခံစားထိုက်တဲ့သူပါ။

## သတင်းဆိုးကို သူဘယ်လိုတုံ့ပြန်သလဲ

သင်နဲ့ အရမ်းနီးစပ်တဲ့သူ၊ သင်ချစ်ရတဲ့သူတစ်ယောက်ယောက်ကို သင်က ဆုံးရှုံးရလိုက်တယ်ဆိုပါစို့။ သင့်အတွက် အစီအစဉ်ရှိတဲ့ ယောကျ်ားဟာ သင်ပူဆွေးနေတဲ့အချိန်မှာ သက်သာရာဖြစ်အောင်၊ အကူအညီဖြစ်အောင် တစ်ခုခုချက်ချင်းလုပ်ပေးမှာပါ။ သူက သင့်ကို အေးချမ်းတိတ်ဆိတ်တဲ့ နေရာတစ်နေရာကို ခေါ်သွားပြီး အားပေးနှစ်သိမ့်တာမျိုး၊ နာရေးအိမ်ကို သင်နဲ့အတူလိုက်ပါပြီး သင်နဲ့ ကာယကံရှင်တွေကို သူ့ရဲ့ စာနာဝမ်းနည်းမှု ပြသပေးတာမျိုးကို လုပ်ပေးမှာပါ။ တစ်ခုတော့ရှိပါတယ်။ သင်နဲ့ သင်ဆုံးရှုံးလိုက်ရတဲ့ လူတို့ရဲ့ အတိတ်က အဖြစ်အပျက်အကြောင်းအရာတွေကို သင့်ဘေးမှာထိုင်ပြီး သင်ဇာတ်ကြောင်းလှန်သမျှ ထိုင်နားထောင်ပေးဖို့တော့

သူ့ကို မမျှော်လင့်ပါနဲ့။ ဒါပေမဲ့ တကယ့်ယောကျ်ားတစ်ယောက်ဟာ ဖြေရှင်းချက်တစ်ခုခုနဲ့တော့ တုံ့ပြန်ပေးပါလိမ့်မယ်။ သင့်ကို အငိုတိတ်သွားအောင် လုပ်လို့ရသမျှ နည်းလမ်းနဲ့ သူလုပ်ပေးပါလိမ့်မယ်။ ဘယ်ယောကျ်ားမှ သူ့ရဲ့ အမျိုးသမီး ငိုနေတာကို မကြည့်ချင်၊ မကြည့်နိုင်ပါဘူး။ သူဟာ သင့်ကို နှစ်သိမ့်အောင် မလုပ်နိုင်ဘူး၊ သင့်ခံစားချက်ပျော့သွားအောင် ကူညီပေးဖို့ ဖြေရှင်းစရာတစ်ခုခု သူ့မှာရှိမထားဘူးဆိုရင် သင့်ဆီကနေ သူ့ကိုထုတ်ပယ်ဖို့ လိုနေပါပြီ။ သူ့မှာ အကျိုးခံစားခွင့်မရှိပါဘူး။

အကျိုးခံစားထိုက်တဲ့ ယောကျ်ားဟာ ဘယ်လို အခြေအနေဆိုးတွေပဲ လာလာ သင့်အတွက် ရှိနေပေးမှာပါ။

## 'ဟင့်အင်း'လို့ သူ့ကိုပြောတဲ့အခါ သူဘယ်လိုတုံ့ပြန်သလဲ

လိုရင်းကို တည့်တည့်ပဲ ပြောရရင် ယောကျ်ားတစ်ယောက် ချစ်ခွင့်ပေးဖို့ တောင်းဆိုပြီး "ဟင့်အင်း"လို့ အငြင်းခံလိုက်ရတဲ့အခါ အဲဒီအငြင်းကို သူရဲ့တုံ့ပြန်မှုက သူနဲ့ပတ်သက်လို့ သင်သိသင့်သမျှ အရာအားလုံးကို ပြောပြပါလိမ့်မယ်။ ဖုန်းဆက်တာတွေ ကျဲပါးသွားမယ်၊ ပန်းတွေမပို့တော့ဘူး၊ ချိန်းတွေ့တာတွေ အရှိန်သေသွားမယ်ဆိုရင် ဒီယောကျ်ားဟာ လိင်ကိစ္စအတွက် သက်သက် သင့်ကို ချဉ်းကပ်တယ်ဆိုတာ ကျေးဇူးပြုပြီး နားလည်လိုက်ပါ။ "လိင်ကိစ္စအတွက် စောင့်နေစရာမလိုဘူး။ ဘယ်မှာမဆိုရနိုင်တယ်" လို့ အရူးချီးပန်းစကားတွေပြောလာရင် "ဒါဆိုလည်း ရတဲ့နေရာကို သွားပေါ့" လို့သာ ပြောလိုက်ပါ။ ဒါက အဲဒီ တေလေကြမ်းပိုးကို မောင်းထုတ်ပြီးသား ဖြစ်သွားမှာပါ။ ဒါပေမဲ့ သင့်ရဲ့ ငြင်းဆိုမှုက သူ့ကို မဟန့်တားနိုင်ဘူး၊ သူက သင့်အကြောင်းကို ပိုသိလာအောင်ကြိုးစားပြီး သူဟာ ထိုက်တန်တဲ့ လူပါဆိုတာ သင့်ကိုသက်သေပြနိုင်ရင် သင့်ကို အစစ်အမှန်စိတ်ဝင်စားတယ်ဆိုတာ သေချာပါပြီ။ တလွဲတော့ မထင်ပါနဲ့။ လိင်ကိစ္စကိုတော့ သူ စိတ်ဝင်စားတုန်းပါပဲ။ ဒါပေမဲ့ သင်ဘယ်လိုခံစားရသလဲ၊ သင့်ရဲ့ သတ်မှတ်ချက်တွေက ဘယ်လိုရှိသလဲဆိုတာကိုလည်း သူစိတ်ဝင်စားပါတယ်။ ဒါဆိုရင် ဆက်ဆံရေးက သင်လိုချင်တဲ့ပုံစံ၊ သင်လိုအပ်တဲ့ အနေအထား ဖြစ်လာနိုင်ခြေ ပိုများပါတယ်။

အဓိကကျတဲ့ အချက်တော့ ရက်ကိုးဆယ်အတွင်းမှာ ယောကျ်ား တစ်ယောက်ကို သင့်အတွက် သင့်တော်တဲ့လူလား၊ ကန်ထုတ်ရမယ့်လူလား၊ အကျိုးခံစားခွင့်ပေးရမယ့်လူလား၊ စာရင်းရှင်းထုတ်ရမယ့်လူလားဆိုတာ သင်က ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အဲဒီလိုဆုံးဖြတ်ဖို့ မိန်းမတစ်ယောက်ရဲ့ ပင်ကိုသိစိတ်နဲ့ လိမ္မာပါးနပ်စွာ ဆောင်ရွက်ရမှာက သင့်တာဝန်ပါ။ ဒီတော့ သူကို တစ်စုံတစ်ရာ ပုံမအပ်လိုက်ခင် ရက်ကိုးဆယ်ကို သင့်အတွက် အကျိုး ရှိရှိအသုံးချပါလို့ ကျွန်တော် တိုက်တွန်းလိုက်ပါတယ်။

■

# ၁၁

## ကြံ့ခိုင်သော၊ အမိုအခိုကင်းသော အထီးကျန် အမျိုးသမီးများ

အမျိုးသမီးတွေမရှိတဲ့ ကမ္ဘာက ဒီလိုမျိုးဖြစ်နေမယ်ထင်တယ်။ ယောကျာ်းတွေက ရေမချိုးတော့ဘူး၊ မုတ်ဆိတ်မရိတ်ကြတော့ဘူး။ အလုပ်လည်း လုပ်မှာ မဟုတ်တော့ဘူး။

ကျွန်တော်တို့ ဝတ်ပုံစားပုံကလည်း ရိုးရိုးရှင်းရှင်းဖြစ်လိမ့်မယ်။ စွယ်ကျယ်၊ တီရှပ်၊ ခြေအိတ်တွေ၊ ပြီးတော့ အပြင်ထွက်ဖို့ ပတ္တူဖိနပ်နဲ့ပေါ့။ ထမင်းစားပွဲမှာ ဟင်းပွဲတွေ စုံစုံလင်လင်မရှိလည်း ကိစ္စမရှိဘူး။ ပန်းကန်တွေလည်း များများမလိုဘူး။ တစ်ခါသုံး ပန်းကန်ခွက်ယောက်တချို့ရယ်၊ ပီဇာရယ်၊ ဘီယာအေးအေးရယ်ဆို အဆင်ပြေတာပဲ။

အိမ်မှာ ပရိဘောဂဆိုလည်း နည်းနိုင်သမျှနည်းအောင် ထားလိမ့်မယ်။ နောက်မှီကုလားထိုင်၊ ရေခဲသေတ္တာ၊ တီဗွီကြီးကြီးတစ်လုံးနဲ့ အဝေးထိန်းခလုတ်ရယ်ဆိုရပြီ။ ရုပ်သံလိုင်းက ESPN နဲ့ ESPN 2 နှစ်လိုင်းပဲရှိဖို့လိုတယ်။

ပြီးတော့ အပန်းဖြေခရီးတွေ ဘာတွေ မထွက်ရလည်း ကိစ္စမရှိဘူး။ ဗီးဂက်စ် (Las Vegas) ကိုပဲ သွားချင်တယ်။ ကျွန်တော်တို့ လိုအပ်တာမှန်သမျှ ဗီးဂက်စ်မှာ ရနိုင်တယ်။ အပျော်အပါး၊ အသောက်အစား၊ လောင်းကစား အကုန်လုပ်လို့တယ်။

ပြောချင်တာက ယောကျ်ားတွေဟာ သူတို့ဘဝမှာ မိန်းမတွေအတွက် မဟုတ်ရင် ရိုးရိုးရှင်းရှင်း အရာတွေကိုပဲ လုပ်ချင်ပြီး ရိုးရိုးရှင်းရှင်းနေချင်ကြတဲ့ သတ္တဝါတွေဖြစ်တယ်။ နောက်ဆုံးမှာတော့ သင်တို့မိန်းမတွေကသာ ထိန်းချုပ်ကိုင်တွယ်ခြင်းနဲ့ အရှင်သခင်တွေဖြစ်ကြတယ်။ သင်တို့ဟာ အချိန်ပြည့် အလုပ်လုပ်တယ်။ ပြီးတော့ ဇနီးအဖြစ်၊ မိခင်အဖြစ်၊ လူတိုင်းအတွက် အစစအရာရာ ကိုယ်စားပြုတဲ့လူအဖြစ် အချိန်ပြည့်အလုပ်လုပ်ဖို့ အိမ်ကို ပြန်လာတယ်။ ကလေးတွေကို သင်တို့ကျွေးမွေးစောင့်ရှောက်ကြရတယ် (တော်တော်များများကတော့ ဒီကလေးတွေကို ဖန်တီးတဲ့နေရာမှာပါတဲ့ ယောကျ်ားတွေရဲ့ အကူအညီမပါဘဲနဲ့ လုပ်ဆောင်ရတာဖြစ်တယ်။) သင်တို့ဟာ အိမ်ထောင်စုတွေထဲမှာ အဓိကကျတဲ့ ဝယ်ယူရေး ဆုံးဖြတ်ချက်တွေကို အများဆုံး ချမှတ်တဲ့သူတွေဖြစ်တယ်။ သင်တို့ဟာ စီးပွားရေးလောကမှာလည်း အဓိကနေရာတွေ ယူထားကြပြီ။ အိမ်ရဲ့ စားဝတ်နေရေးကိုလည်း (တချို့က ယောကျ်ားတွေထက်တောင် ကျော်လွန်ပြီး) ထောက်ပံ့ပေးကြတယ်။ သင်တို့ဟာ ကောလိပ်မှာလည်း ထူးချွန်တယ်။ ယောကျ်ားလေးတော်တော်များများကို နောက်ကောက်ကျကျန်ခဲ့အောင် လုပ်နိုင်တယ်။ ပညာရေးစနစ်မှာ ကျွန်တော်တို့ကလေးတွေကို သင်ကြားမှုအပိုင်းမှာလည်း သင်တို့တွေ စိုးမိုးနိုင်တယ်။ ပြီးတော့ ကျွန်တော်တို့တွေရဲ့ စိတ်နဲ့နှလုံးသားကိုလည်း ယုယကာကွယ်ပေးသေးတယ်။ ကျွန်တော်တို့ယောကျ်ားတွေက ဒါကို သင်တို့သိနိုင်တာထက်ပိုပြီး ကြိုဆိုလက်ခံပေးပါတယ်။

ဒါပေမဲ့ ယောကျ်ားတွေရဲ့ စိတ်မှာတော့ ထိန်းချုပ်ကိုင်တွယ်နိုင်တဲ့ အားဆိုတာမှာ မိန်းမတစ်ယောက်ရဲ့ အစွမ်းသတ္တိတည်တယ်လို့ မထင်ဘူး။ ကျွန်တော်တို့အတွက်တော့ သင့်ရဲ့အစွမ်းသတ္တိဟာ တစ်ခုတည်းကနေလာတယ်။ သင်ဟာ မိန်းမတစ်ယောက်ဖြစ်တယ်။ ကျွန်တော်တို့ ယောကျ်ားတွေက သင်နဲ့အတူနေရဖို့ သင့်ရဲ့အထင်ကြီးမှုကိုရအောင် လူသားတစ်ယောက် လုပ်နိုင်တဲ့အတိုင်းအတာထဲက ဘာကိုမဆို အားသွန်ခွန်စိုက် လုပ်ကိုင်ကြလိမ့်မယ်။ သင်ဟာ နေ့တိုင်း ကျွန်တော်တို့ နိုးထလာရတဲ့၊ ကျွန်တော်တို့ကို မောင်းနှင်တဲ့အားဖြစ်တယ်။ ယောကျ်ားတွေဟာ အပြင်ထွက်၊ အလုပ်တွေ လုပ်ပြီး ပိုက်ဆံကို အပူတပြင်းရှာတာဟာ သင်တို့မိန်းမတွေကြောင့်ဖြစ်တယ်။

ယောကျ်ားတွေ အဆန်းတကြယ် လုပတဲ့ ကားတွေကို မောင်းတာ မိန်းမတွေကြောင့်ဖြစ်တယ်။ ကျွန်တော်တို့ဟာ သပ်သပ်ရပ်ရပ် ဝတ်စား၊ ရေမွှေးဆွတ်၊ ဆံပင်စတိုင်ကိုသပြီး ရှင်းသန့်တောက်ပြောင်နေတဲ့ ပုံစံဖြစ်ဖို့ ကြိုးစားတာဟာ သင့်အတွက်ဖြစ်တယ်။ ဒါတွေအားလုံးကို ကျွန်တော်တို့ လုပ်ရတဲ့အကြောင်းဟာ သင်တို့ မိန်းမတွေကြောင့်ဖြစ်တယ်။ သင်ဟာ ကျွန်တော်တို့အတွက် အဆုံးစွန်သော ဆုလာဘ်ဖြစ်တယ်။

ဒါဟာ သင့်အတွက် မျိုချဖို့ခက်တဲ့ ဆေးဝါးဖြစ်နိုင်သလို တချို့တွေအတွက်လည်း ကျွန်တော် ပြောမယ့်စကားက စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ အမှန်ကိုပြောရရင် ဆန့်ကျင်ဘက်လိင်အတွက် စွဲမြဲတဲ့ချစ်ခြင်းဆိုတာက မိန်းမတွေအဖို့ လျှောက်နေတဲ့လမ်းတစ်နေရာရာမှာတင် ပျောက်ကွယ်တာသွားမျိုး ရှိနိုင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ယောကျ်ားတွေ အပျော်တမ်းကစားတာ၊ လှည့်ကွက်သုံးတာတာတွေများလွန်းတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ သင်ဟာ ကျွန်တော်တို့အတွက် အရေးမကြီးဘူးလို့ သင်ကိုယ်တိုင် လက်ခံလာချင်စိတ်ပေါက်သွားအောင် ကျွန်တော်တို့လုပ်မိတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒီနေ့ခေတ်မှာ အမျိုးသမီးတွေကို ပြုစုပျိုးထောင်ပေးခဲ့တဲ့ ပုံစံနဲ့လည်း ဆိုင်နိုင်ပါတယ်။ သင်တို့ အမေ၊ အဒေါ်၊ အဘွားနဲ့ အမျိုးသမီး ဆရာဂုရုတွေက ဘယ်လိုပဲဖြစ်ဖြစ် အလေးအနက်ထားတဲ့ ဆက်ဆံရေးကို လျစ်လျူရှုရမယ်ဆိုရင်တောင် ပညာတတ်အောင်လုပ်ဖို့၊ အလုပ်ကောင်းတွေရအောင်လုပ်ပြီး အမှီအခိုကင်းတဲ့ မိန်းမတွေအဖြစ်ရပ်တည်ဖို့ တောက်လျှောက် တွန်းအားပေးခဲ့တာမျိုးရှိနိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ယောကျ်ားတွေဟာ ကျွန်တော်တို့ဆီမှာ သင့်ကို အလှဆုံးဖြစ်စေတဲ့ ပြီးတော့ ကျွန်တော်တို့ရဲ့ ယောကျ်ားအဖြစ်တည်ရှိမှုကို အားပေးတဲ့ ထူးခြားတဲ့ တစ်စုံတစ်ရာကို သင့်ဆီမှာ ရှာမတွေ့နိုင်တော့ပါဘူး။ ကျွန်တော် ရှင်းပြခဲ့သလိုပဲ ယောကျ်ားတစ်ယောက်က သင့်ကိုချစ်တယ်ဆိုတာကို ပြသဖို့ နည်းလမ်းသုံးရပ်က ဝန်ခံခြင်း၊ အထောက်အပံ့ပေးခြင်း၊ အကာအကွယ်ပေးခြင်းတို့ပဲ ဖြစ်ပါတယ်။ သင့်မှာ ပိုက်ဆံတွေ၊ ကားတွေ၊ ကိုယ်ပိုင်အိမ်၊ ပြည့်စုံတဲ့ လုံခြုံရေးစနစ်၊ ပစ္စတိုတစ်လက်နဲ့ အစောင့်

ခွေးတစ်ကောင်ရှိနေပြီး သင့်ကို အထောက်အပံ့ပေးဖို့၊အကာအကွယ်ပေးဖို့ ယောကျာ်းတစ်ယောက်ကို မလိုအပ်ဘူးလို့ တွင်တွင်ပြောနေရင်တော့ ကျွန်တော်တို့မှာ သင့်အနားကို ချဉ်းကပ်လာစရာအကြောင်း ဘာရှိတော့မှာလဲ။ သင့်ဆီမှာ ဒါတွေအကုန်လုံးရှိနေတဲ့ နောက်တော့ ကျွန်တော်တို့ကို ဘာအတွက် လိုအပ်ဦးတော့မှာလဲ။

ကျွန်တော် အခုပြောနေတာကို နားလည်မှုမလွဲပါနဲ့။ သင့်မှာ အလုံးစုံပိုင်ဆိုင်နေတာကို ကျွန်တော်တို့ ဘယ်လိုမှ သဘောမထားပါဘူး။ ဒါပေမဲ့ သင့်ဆီက ချစ်ခြင်းမေတ္တာကို ငံ့လင့်နေတဲ့ ယောကျာ်းတစ်ယောက်ဟာ သူ့ရဲ့အထောက်အပံ့၊ အကာအကွယ်ပေးနိုင်စွမ်းကို ပြသဖို့ သင့်ဆီက ခွင့်ပြုချက်ကို ဘယ်တော့မှမရဘူးဆိုရင် သူ့ကိုယောကျာ်းတစ်ယောက်လို ခံစားခွင့်မပေးတဲ့ မိန်းမတစ်ယောက်ဆီမှာ သူ့ရဲ့အချစ်ကို ဝန်ခံဖို့ ဘယ်လို မြင်ယောင် ကြည့်နိုင်မှာလဲ။ သင်ရှာခဲ့တဲ့ ပညာတွေ၊ ဥစ္စာတွေဟာ ယောကျာ်းတစ်ယောက်နဲ့ ဆက်ဆံရေးထက် ဘယ်တော့မှ ပိုမကြီးမားနိုင်ပါဘူး။ သူ့ရဲ့ ဗီဇက အဲဒီအတွက် ခွင့်ပြုပေးနိုင်မှာ မဟုတ်ပါဘူး။ ဆိုလိုရင်းက မိန်းမတွေက ကျွန်တော်တို့ကို ယောကျာ်းတွေကို ဆက်ဆံတဲ့အခါ ကျွန်တော်တို့ကို လိုအပ်တယ်ဆိုတာ ပေးသိတဲ့အခါ အဲဒါကို ကျွန်တော်တို့နှစ်လိုသဘောကျပါတယ်။ လိုအပ်မှုကိုခံရတဲ့ခံစားချက်က ယောကျာ်းတစ်ယောက်ရဲ့ ဖြစ်တည်မှုမှာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။

"သူ့ကို ယောကျာ်းတစ်ယောက်လို ခံစားရအောင် လုပ်ပေးဖို့ ကိုယ့်ကိုယ်ကိုယ်တော့ အသိမ်ငယ်မခံနိုင်ပါဘူး။ ကျွန်မပိုက်ဆံ၊ ကျွန်မ အောင်မြင်မှုနဲ့ ကျွန်မလွတ်လပ်မှုကို သူမကိုင်တွယ်နိုင်ရင် ကျွန်မကိုလည်း သူကိုင်တွယ်နိုင်မှာ မဟုတ်ဘူး" လို့ မိန်းမတွေပြောကြတာ ကျွန်တော် ကြားဖူးပါတယ်။ ဒါကို ကျွန်တော်တို့နားလည်ပါတယ်။ ကြံ့ခိုင်တဲ့ မိန်းမတွေကိုလည်း နိုင်နိုင်နင်းနင်း ကိုယ်တွယ်နိုင်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ဟာ ကြံ့ခိုင်တဲ့ မိန်းမတွေ (ဝါ) ထိန်းချုပ်ကိုင်တွယ်တဲ့ မိန်းမတွေက ဆင်းသက်ပေါက်ဖွား လာတဲ့သူတွေပါ။ ကျွန်တော်တို့ဟာ အိမ်ရဲ့အိမ်ထောင် ဦးစီးဆိုတာကို ယုံကြည်ခွင့်ပေးပြီး ကလေးတွေနဲ့ပတ်သက်တဲ့ကိစ္စ၊ အိမ်နဲ့ပတ်သက်တဲ့ ကိစ္စတွေမှာ အဓိကကျတဲ့ ဆုံးဖြတ်ချက်တွေကို သင်က ချတယ်ဆိုတာ လျှို့ဝှက်

ချက်မဟုတ်ပါဘူး။ ဘယ်သူကပဲ ပိုက်ဆံကို ပိုရှာလာလာ နောက်ဆုံးမှာ ဘယ်လို သုံးမယ် စွဲမယ် စုဆောင်းမယ်ဆိုပြီး ငွေကြေးကို စီမံတာက သင်ပဲ ဆိုတာ ကျွန်တော်တို့အတွက် လျှို့ဝှက်ချက်မဟုတ်ပါဘူး။ ကျွန်တော်တို့ ငြင်းခုံကြတဲ့အခါမှာ ကိုယ်ကအမှန်လို့ ကျွန်တော်တို့ပြုမူရင် ပြုမူလိမ့်မယ်။ ဒါပေမဲ့ အေးအေးချမ်းချမ်းနေချင်ရင်တော့ သင့်စိတ်ချမ်းသာအောင် လက်ခံပေးရမယ်ဆိုတာက လျှို့ဝှက်ချက်မဟုတ်ပါဘူး။ ဒါတွေ အားလုံးအတွက် ကျွန်တော်တို့က အေးဆေးပါပဲ။ ဒါပေမဲ့ မိသားစုမှာ ကျွန်တော်တို့အပေါ် လိုအပ်မှုနဲ့ ကျွန်တော်တို့ရဲ့ အတ္တမာနကို ထိပါးစေမယ့် ကိစ္စမျိုးကို အမှုမဲ့ အမှတ်မဲ့ သင်ပြောဆိုမိရင်တော့ ဒီကိစ္စမှာ သင်နဲ့သဘောညီမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့စိတ်ထဲမှာ ယောကျ်ားတစ်ယောက်ရဲ့ ဖြစ်တည်မှုအတွက် အမိကကျတဲ့ အထောက်အပံ့ပေးခြင်းနဲ့ အကာအကွယ်ပေးခြင်းဆိုတဲ့ အကြောင်းနှစ်ချက်ကို သင့်အတွက် ဆောင်ရွက်ပေးစရာမလိုဘူးဆိုရင် ကျွန်တော်တို့အချစ်ကိုလည်း သင့်ဆီမှာ ဖွင့်ဟဝန်ခံစရာမလိုဘူးလို့ ယူဆပါတယ်။ သင်က ကျွန်တော်တို့ရဲ့ ဖြစ်တည်မှုကို ပြသခွင့်မပေးဘူးဆိုရင် ကျွန်တော်တို့က သင့်ကို "ကိုယ်ဟာ မင်းရဲ့လူပါ"လို့ လုံးဝ ပြောမှာ မဟုတ်ပါဘူး။ ဒါက အဆုံးသတ်တော့ ဘယ်လိုဖြစ်မှာလဲ။ သင်နဲ့အတူအိပ်ပြီး ဒီလိုပဲထွက်သွားလိုက်မှာပါ။ ဒါဟာ လက်ခံဖို့ခက်တဲ့ အမှန်တရားဆိုပေမဲ့ လက်တွေ့မှာ ဒီအတိုင်းဖြစ်နေတာပါ။

ကျွန်တော် လူငယ်ဘဝတုန်းက ကျွန်တော့်စိတ်ထဲမှာ ချစ်တယ်လို့ ထင်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ချစ်သူတွေအဖြစ် တွဲခဲ့ဖူးပါတယ်။ ကျွန်တော်က ကောလိပ်ကထွက်လိုက်ရပြီး ရရာ အလုပ်တွေလုပ်ရင်း ဟာသ ပညာရှင်တစ်ယောက်အဖြစ် လုပ်ကိုင်နိုင်မယ့် လမ်းစကို စပြီးရှာတွေ့တဲ့အချိန် ဖြစ်ပါတယ်။ သူမဟာ ကျွန်တော့်အတွက် ကြီးမားတဲ့ အကူအညီဖြစ်ခဲ့ပါ တယ်။ ကျွန်တော်က ရုန်းကန်နေရတဲ့အချိန်မှာ သူမက နှစ်ဦးသားအတွက် ငွေရေး ကြေးရေးအရ အလုပ်တစ်ခုအတည်တကျ လုပ်ပြီး ထိန်းပေးထား တယ်ဆိုတာကို ကျွန်တော်ဝန်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဘက်က ငွေကြေး ရှာဖွေမပေးနိုင်တဲ့ ပျက်ကွက်မှုအတွက် အိမ်ရဲ့ ဝေယျာဝစ္စလိုအပ်သမျှ ကိစ္စ အဝဝကို ကျွန်တော် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါတယ်။

စစ်မှန်တဲ့ ဆက်ဆံရေးမှာ အခက်အခဲ ဒုက္ခတွေ ကြုံတွေ့နေရတဲ့ အချိန်မှာ တောင် ဟန်ချက်ညီအောင် နေထိုင်တတ်ဖို့က အရေးကြီးပါတယ်။ အခက်အခဲဆိုတာကလည်း ကျိန်းသေရောက်လာမှာပါ။ ဘုရားကျောင်းမှာ ဓမ္မဆရာက သင်တို့ကို မင်္ဂလာ သစ္စာနံ့စကားနဲ့ ကတိပြုခိုင်းတာ အလကားမဟုတ်ပါဘူး။ သူအပါအဝင်လက်ထပ်ဖူးတဲ့သူတိုင်းက ရှေ့ရေးကို ပြေးမြင်လာလို့ပါ။ ခက်ခဲတဲ့အချိန်ဆိုတာ မုချရောက်လာဦးမှာပါ။ မေးစရာရှိတာက ဒါကို သင်တို့ဘယ်လို ရင်ဆိုင်ဖြေရှင်းမှာလဲ ဆိုတာပါ။

ဒါကို ကျွန်တော် မိတ်ဆွေတစ်ယောက်ကတော့ ကုန်ပဒေသာဆိုင်ကို သွားတဲ့ နေ့တစ်နေ့မှာ ရှင်းရှင်းလင်းလင်း သိခွင့်ရခဲ့ပါတယ်။ သူ့အမျိုးသမီးက အိမ်အတွက် လိုအပ်တဲ့ အသား၊ ဟင်းသီးဟင်းရွက်၊ သောက်စရာနဲ့ တခြား၊ သပွန်ပေါင်းစုံကို ခြင်းထဲမှာ ထည့်တွန်းလာပါတယ်။ သူတို့ဟာ နာနတ်သီးဖျော်ရည်ပုလင်းတွေ တင်ထားတဲ့ စင်တွေဘက်ကိုရောက်လာပါတယ်။ ကျွန်တော့်မိတ်တွေက နာနတ်သီးဖျော်ရည်ကို ကြိုက်ပါတယ်။ အဲဒီစင်တွေနားရောက်တော့ ဆိုင်ထဲကိုဝင်လာကတည်းက ခုချိန်ထိ သူပထမဆုံးကောက်ကိုင်လိုက်တာက နာနတ်သီးဖျော်ရည်တစ်ပုလင်းတည်းပါ။ သူက ဖျော်ရည်ပုလင်းကို ယူပြီး ခြင်းထဲထည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ သူမက တစ်ဖက်ကို လှည့်နေတော့ သူဘာလုပ်တယ်ဆိုတာကို မမြင်လိုက်ပါဘူး။ သူမက ပြန်လှည့်လာလို့ ခြင်းထဲက ပစ္စည်းပုံပေါ်က နာနတ် ဖျော်ရည်ပုလင်းကို တွေ့သွားတဲ့အခါ ဆတ်ခနဲ ဆွဲထုတ်လိုက်ပြီး "ဒါက ဘာလဲ"လို့ မေးလိုက်ပါတယ်။

"နာနတ်သီးဖျော်ရည်လေ" လို့ သူက ရိုးရိုးပဲ ပြောပါတယ်။ "ဒါဆို ဒီဖျော်ရည်ပုလင်းကို ဘယ်သူက ခြင်းထဲလာထည့်တာလဲ" လို့ သူမက မေးလိုက်ပါတယ်။

"ကိုယ်ထည့်လိုက်တာလေ" သူက ဇဝေဇဝါနဲ့ ပြန်ဖြေလိုက်တယ်။ တခြားဘယ်သူက သူတို့ခြင်းထဲကို နာနတ်သီးဖျော်ရည်ပုလင်းလာထည့်မှာမို့လို့လဲ။

"ရှင့်မှာ ပိုက်ဆံမှ မရှိတာ" သူမက ဒေါနဲ့ မောနဲ့ ပြောလိုက်တယ်။ အဲဒီနောက် သူမဟာ မထင်မှတ်နိုင်တာတစ်ခုကို လုပ်လိုက်တယ်။

သူမက အဲဒီဖျော်ရည်ပုလင်းကို ယူပြီး ကြမ်းပေါ်ကို ထမင်လွှတ်ချလိုက်တယ်။ ပုလင်းဟာ အောက်က ကျွေပြားနဲ့ ရိုက်ခတ်ပြီး အစိတ်စိတ်အမြွာမြွာကွဲသွားလိုက်တာ အရည်တွေပါစီးပြီး ပြန့်ကုန်တယ်။ သူမက ကွဲသွားတဲ့ပုလင်းကိုတစ်လှည့်၊သူ့ကိုတစ်လှည့်ကြည့်လိုက်ပြီး တွန်းလှည်းကိုဆက်တွန်းထွက်သွားတယ်။

သူဟာ ဆိုင်ထဲကထွက်ပြီး သူမကိုအပြင်မှာ စောင့်နေတယ်။ သူမရောက်လာတော့ ကားပေါ်ကို ပစ္စည်းတွေတင်ပေးတယ်။ မျက်လုံးမှာတော့ စိတ်မကောင်းမှုနဲ့အတူ မျက်ရည်တွေဝဲလို့ပေါ့။ ဒါဟာ သူ့ကို ဘယ်လောက်ထိခိုက်နာကျင်စေမယ်ဆိုတာ တွေးတောင်တွေးမကြည့်နိုင်ပါဘူး။ သူ့မှာပိုက်ဆံမရှိဘူးဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ သူက ဒီဖျော်ရည်ပုလင်းလေးတစ်လုံး လိုချင်မိရုံပါ။ ဒါပေမဲ့ သူ့အမျိုးသမီးကတော့ သူ့ကိုယောကျာ်းတစ်ယောက်လို မစဉ်းစားဘဲ မျက်နှာကို ဖြတ်ရိုက်ခံရသလို နာကျင်ခံစားရအောင် လုပ်လိုက်ပါတယ်။ သူမအတွက် အဲဒီအချိန်မှာ အရေးကြီးတာက သူဟာ ရှာဖွေကျွေးမွေးသူဆိုတဲ့ သူရဲ့အခန်းကဏ္ဍကို ကျေပွန်အောင် မဆောင်ရွက်နိုင်ဘူးဆိုတာကို သက်သေပြဖို့ပဲ ဖြစ်နေတယ်။ သူမမှာ ကိုယ့်တာဝန်ကိုကျေပွန်အောင်ထမ်းရွက်တဲ့ ယောကျာ်းတစ်ယောက်ရဖို့ အခွင့်အရေးမရှိဘူးလို့ ကျွန်တော်ပြောနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူမသာ ယောကျာ်းတွေအကြောင်းကိုသိရင် သူ့ကို ယောကျာ်းတစ်ယောက်အဖြစ်က လျော့ပါးကျဆင်းတဲ့ ခံစားချက်မျိုးရအောင်လုပ်တာက သူ့ဆီက သူမလိုချင်တဲ့၊ လိုအပ်တဲ့အရာတွေ ရလာမှာမဟုတ်ဘူးဆိုတာကို နားလည်ထားမှာပါ။ သူမရဲ့အပြုအမူတွေက သူ့ကို အဝေးဆုံးရောက်အောင် တွန်းပို့နေသလိုပဲဖြစ်မှာပါ။ သိပ်မကြာပါဘူး။ သူ သူမကိုထားခဲ့ပါတယ်။

ဒါဟာ မိန်းမတစ်ယောက်က သူမရဲ့ လက်တွဲဖော်ထက် ပိုရှာနိုင်ဖွေနိုင်ပြီး အဲဒီအတွက်နဲ့ချိုးချိုးနှိမ်နှိမ် အလုပ်ခံရတဲ့ အခြေအနေမျိုးမှာရှိတဲ့ယောကျာ်းတိုင်းဆီက သင်မျှော်လင့်နိုင်တဲ့ တုံ့ပြန်မှုပါပဲ။ သင့်ပိုက်ဆံနဲ့သင့်ရဲ့အောင်မြင်မှုတွေက သူ့ကို ခြိမ်းခြောက်မှုဖြစ်စေမှာလား။ ဖြစ်မှာပါ။ သူရဲ့အထောက်အပံ့ပေးသူ၊ ရှာဖွေကျွေးမွေးသူဆိုတဲ့ အခန်းကဏ္ဍကို သင်ကဆွဲထုတ်နေတာကြောင့်ပါ။ ဒါက လူမှုအသိုင်းအဝိုင်းက သူ့ဆီမှာ မျှော်မှန်း

တဲ့အရာ၊ ပြီးတော့ ယောကျ်ားတွေဆီက သင်မျှော်လင့်တတ်အောင် သင်ကြားပေးခံခဲ့ရတဲ့အရာ ဖြစ်ပါတယ်။ ဒါမှလည်း သူက သင့်ကို ဂရုစိုက်နိုင်၊စောင့်ရှောက်နိုင်မှာပေါ့။ ယောကျ်ားတစ်ယောက်ဟာ ငယ်ရွယ်နုပျိုစဉ်ကတော့ သူ့ကိုယ်သူ ယောကျ်ားတစ်ယောက်အဖြစ် အဓိပ္ပာယ်ဖော်ဆောင်နိုင်မယ့် ထွေထွေရာရာစိတ်ကူးတွေ သူ့ခေါင်းထဲမှာ အပြည့်ရှိနေတာကြောင့် ရင့်ကျက်မြော်မြင်မှုဆိုတာ သိပ်မရှိနိုင်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ယောကျ်ားအများစုဟာ တဖြည်းဖြည်းနဲ့ ရင့်ကျက်လာကြပါတယ်။ ဒီလိုရင့်ကျက်လာတဲ့အချိန်မှာ ယောကျ်ားပီသတဲ့လူဆိုတာ ကိုယ်ချစ်တဲ့သူအတွက် အထောက်အပံ့ပေးနိုင်ရမယ်ဆိုတဲ့အချက်ကို နားလည်လက်ခံထားပြီးသားပါ။ ယောကျ်ားတိုင်းလိုလို ဒီအသိတရားရှိကြပါတယ်။ တချို့သော ယောကျ်ားတွေကတော့ ဒီမသိသာ ဆိုးရွားနိုင်မှုကနေ ရုန်းမထွက်နိုင်ကြဘဲနေရင်းနဲ့ (အထီးကျန်ဘဝနဲ့) သေကြရပါတယ်။

ကျွန်တော်တို့ကို အထောက်အပံ့ပေးတဲ့ သူတွေအဖြစ်လေ့ကျင့်ပျိုးထောင်ပေးခဲ့သလို သင်တို့ကိုလည်း အဲဒီအရာတွေ ကျွန်တော်တို့ဆီမှာ ရှာဖွေတတ်စေဖို့ စောင့်ရှောက်ပျိုးထောင်ပေးခဲ့တာပါ။ ဒါကြောင့် အကြောင်းအရာအစီအစဉ်တွေ လွဲချော်သွားပြီဆိုတာနဲ့ ဆက်ဆံရေးကလည်း ပြေပြစ်ချောမွေ့မှု မရှိတော့ပါဘူး။ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ရဲ့ ချွတ်ယွင်းမှုကို ဆွဲကိုင်ပြီး အဲဒီယောကျ်ားကို နာကျင်အောင်လုပ်မယ်ဆိုရင် သူမှာရှိနေတဲ့ ပြဿနာ ပမာဏဟာ လုံးဝပြောင်းလဲသွားနိုင်ပါတယ်။ ဒါဆိုရင် ဒီဆက်နွှယ်မှုမှာ ပါဝင်ပတ်သက်နေတဲ့ လူတိုင်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုကို ခံစားကြရမှာပါ။

ဒါဆိုရင် ဒီပြဿနာကို ကျွန်တော်တို့ ဘယ်လိုကျော်လွှားကြမလဲ။ သင့်ငွေ၊ သင့်အလုပ်၊ သင့်ပညာနဲ့ အဲဒါတွေနဲ့ အတူတွဲပြီး ပါလာတဲ့ ဂုဏ်ယူဝင့်ကြွားမှုတွေကို လက်မလျှော့လိုက်ပါနဲ့။ မိန်းမတစ်ယောက်အဖြစ် ပီပီသသ နေပြလိုက်ပါ။ မျက်ခုံးတွေ မတွန့်ကြပါနဲ့။ နဖူးတွေ ရှုံ့မသွားပါနဲ့။ ကျွန်တော်ပြောချင်တာက ဘယ်လိုပဲဖြစ်ဖြစ် ယောကျ်ားတွေက သူတို့ချစ်တဲ့အမျိုးသမီးတွေအတွက် သူတို့ရဲ့အခြေအနေက ဘယ်လိုပဲရှိရှိ ဂရုစိုက်မှု၊ စောင့်ရှောက်မှု ပေးချင်တယ်ဆိုတဲ့အချက်ဟာ ပြောင်းလဲမှာ မဟုတ်ပါဘူး

ဆိုတာပါ။ သင်ဆန္ဒရှိရင် ဒါက အရေးမကြီးပါဘူးဆိုတဲ့ ပုံစံမျိုးနဲ့ နေချင် နေလိုက်ပါ။ ဒါပေမဲ့ တစ်ခါတလေမှာ ယောကျ်ားကို ရှေ့ကဦးဆောင်ခွင့် ပေးလိုက်တာ ဘာမှမဖြစ်ပါဘူးလို့ လက်ခံနိုင်တဲ့ အမျိုးသမီးတွေက အနိုင် ရမယ့်သူတွေပါပဲ။ ဒါကို သင်လုပ်နိုင်ပါတယ်။

ကိုယ့်ကားတံခါးကို ကိုယ်တိုင်ဖွင့်ရတာ သင်အတွက် ပြဿနာ မရှိပါဘူး။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်နဲ့ အပြင်တွဲထွက်တဲ့အခါ သူကား တံခါး ဖွင့်ပေးတာကို အမျိုးသမီးတစ်ယောက်လို တည်တည်ငြိမ်ငြိမ် ခံယူ လိုက်ပါ။ အိမ်က တီဗွီကို သင်ကိုယ်တိုင် မရွှေ့နိုင်တယ်ဆိုတာ ကျွန်တော် တို့သိပါတယ်။ ဒါပေမဲ့ သင်က ဒါဟာ သင့်အတွက် မ ဖို့လေးလွန်းတယ်လို့ အကြောင်းပြပြီး သူ့ကိုလုပ်ခိုင်းသင့်ပါတယ်။ အဲဒါက ယောကျ်ားတစ် ယောက်ရဲ့ အလုပ်ပါ။ ညစာထွက်စားတဲ့အခါ သင့်မှာပေးစရာ ပိုက်ဆံတွေ အများကြီးရှိတယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့ ချက်လက်မှတ်ကို သူ့လက် ထဲပဲ ထည့်ပေးပါ။ သူဖြေရှင်းပါစေ။

သင်ဟာ အမှီအခိုကင်းကင်းနေနိုင်တဲ့ မိန်းမတစ်ယောက်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဘာလုပ်ရမှန်းမသိတဲ့ပုံစံ၊ လုပ်ဖို့ခွန်အားမရှိတဲ့ ပုံစံသာ နေပြလိုက်ပါ။ သင့်ရဲ့ အမျိုးသားဟာ ကြားဝင်လာပြီး ကိစ္စအဝဝကို ကိုင် တွယ်ဖြေရှင်းသွားမှာပါ။ သင်ကတော့ "ကျေးဇူးပါပဲ အချစ်ရေ ....၊ ရှင်သာ မရှိရင် ကျွန်မလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း သိမှာမဟုတ်ဘူး" လို့သာ အပြုံးကလေးနဲ့ ပြောလိုက်ပါ။

ယောကျ်ားတော်တော်များများဟာ သူတို့ကိုလိုအပ်ကြောင်း ပြပေး နိုင်ရင် ပိုပြီး သာလွန်ကောင်းမွန်တဲ့လူတွေဖြစ်လာကြပါတယ်။ ဒီခေတ်ထဲမှာ မိန်းမတွေဟာ လိုအပ်ချက်အရ ယောကျ်ားတွေရဲ့ အခန်းကဏ္ဍတွေမှာပါ နေရာဝင်ယူလာရတယ်ဆိုတာကို ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမဲ့ တစ် ချိန်ချိန်မှာ သင်က ကြံ့ခိုင်တဲ့ အထီးကျန်ဆန်ဆန် အမျိုးသမီးကြီးတစ်ယောက် အဖြစ် ရပ်တည်မလား၊ အသာလေးနောက်ကို လှုံနေပြီး မိန်းမတစ်ယောက် လို့ ကာကွယ်စောင့်ရှောက်မှုကို ခံယူမလားဆိုတာ သင်ပဲ ရွေးချယ်ရမှာပါ။ မိန်းမတွေဟာ တစ်ချိန်လုံး ကျရာ ကဏ္ဍမှာနေခဲ့ပါတယ်။ ဒီတစ်ခါကျမှ သင်လိုချင်တာ၊လိုအပ်တာကို ရနိုင်မယ်ဆိုတာ သိသိနဲ့တောင် ဒီကဏ္ဍကနေ

ပါဝင်မပေးချင်တော့ဘူးလားလို့ ကျွန်တော်မေးကြည့်ချင်ပါတယ်။ ရေရှည်မှာ မိန်းမသားတစ်ယောက်အဖြစ်နဲ့က သင့်ကို အနားရစေနိုင်ပါတယ်။ ဒါက ခက်မှာ မဟုတ်ပါဘူး။ သင်ကို ဒုက္ခပေးမှာမဟုတ်ပါဘူးဆိုတာ ကျွန်တော် ကတိပေးပါတယ်။ ဘာကိုပဲ သင်လိုအပ်ပါစေ သင့်ဘက်က သူ့ကို လိုလား အသိအမှတ်ပြုမှုကလေးသာ ပြပေးလိုက်ပါ။ သူက သင့်ရှေ့ကို ချက်ချင်း ရောက်လာပါလိမ့်မယ်။

ယောကျ်ားတစ်ယောက်ကို သူ့ရဲ့ ယုံကြည်မှုပျက်ပြားအောင် မလုပ်ဘဲ လိုလားအသိအမှတ်ပြုမှုကို ပြပေးတာက သင့်ရဲ့လူဆီက အကောင်းဆုံး ဆိုတဲ့အရာတွေကို ရယူဖို့ အကောင်းဆုံးနည်းလမ်းပါပဲ။ ပြီးတော့ သူ့ကို အသိအမှတ်ပြုပေးဖို့ အကောင်းဆုံးနည်းလမ်းက မိန်းမပီသတဲ့ မိန်းမတစ် ယောက်အဖြစ် ရှိနေပေးဖို့ပါပဲ။ အထူးသဖြင့် သူ့ကို ယောကျ်ားတစ်ယောက် အဖြစ်နေစေရင်းနဲ့ပေါ့။

■

# ၁၂

## အမျိုးသမီးတွေ အမြဲသိချင်တဲ့ မေးခွန်းများအတွက် အဖြေများ

ကျွန်တော် ပြောဖူးပါတယ်။ ယောကျ်ားတွေဟာ အမှန်တကယ် ရိုးစင်းတဲ့ သတ္တဝါတွေပါလို့။ ပြီးတော့ ကျွန်တော်တို့ အချိန်ကြာကြာ မစဉ်းစားရဘဲနဲ့ သင်တို့မေးခွန်းတွေကို ရှင်းရှင်းဘွင်းဘွင်းပဲ ဖြေပေးလို့ရတဲ့ အကြောင်းအရာ အချို့ရှိပါတယ်။ ဒါကြောင့် လုပ်ဖော်ကိုင်ဖက် အမျိုးသမီးတွေ၊ မိတ်ဆွေအမျိုးသမီးတွေကို ကျွန်တော့်ကို မေးခွန်းတချို့ မေးကြည့်ဖို့ တောင်းဆိုလိုက်ပါတယ်။ အမျိုးသမီးတွေကြားမှာ ကျေနပ်လောက်အောင် အဖြေမထုတ်နိုင်တဲ့ သူတို့အမြဲတမ်းသိချင်နေတဲ့ အကြောင်းအရာတွေကို မေးခိုင်းထားတာပါ။ သူတို့က မေးလို့ ကျွန်တော်က ဖြေကြားပါတယ်။ လေ့လာကြည့်လိုက်ပါဦး ....။

**ယောကျ်ားတွေက ဘာကို ညှို့ငင်ဆွဲဆောင်နိုင်တယ်လို့ထင်သလဲ**

ယောကျ်ားတွေရဲ့ အလှကို အရသာခံစားမှုက ကွဲပြားကြပါတယ်။ ဒါကြောင့် ယောကျ်ားတစ်ယောက်ကို ပူလောင်နှိုးဆွပေးတဲ့အလှက နောက်တစ်ယောက်ကိုတော့ တုတ်တုတ်မှလှုပ်စေမှာ မဟုတ်ပါဘူး။ တစ်ခုသေချာတာက သင့်ရုပ်သွင်ကို မှန်ထဲမှာပြန်ကြည့်လို့ ဘယ်လိုပြစ်ချက်တွေပဲ သင်ရှာတွေ့ပါစေ၊ ဒီကမ္ဘာလောကကြီးထဲက တစ်နေရာရာမှာတော့ သင့်ရဲ့

ဆွဲဆောင်မှုနောက်ကို ကောက်ကောက်ပါအောင်လိုက်ပါပြီး သင့်ကိုလည်း ပြန်ဆွဲဆောင်မယ့် လူတစ်ယောက်တော့ ရှိနေမှာပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ အမျိုးသမီးဟာ ဘယ်နေရာမှာပဲရောက်နေနေ အထူးဆွဲဆောင်အားကောင်းနေမှာပါပဲ။ ယောကျ်ားတွေကလည်း အမြင်နဲ့ အာရုံခံတတ်တဲ့လူမျိုးဖြစ်လို့ မိန်းမတစ်ယောက်ရဲ့ ဝတ်ပုံ၊ စားပုံ၊ သွားပုံ လာပုံ၊ ပြင်ဆင်ပုံ၊ လက်တွေ၊ ခြေထောက်တွေကို အကဲခတ်ကြည့်မှာကတော့ အသေအချာပါပဲ။

## ယောကျ်ားတွေက သွယ်သွယ်လျလျ ကြိုက်သလား၊ တောင့်တောင့်တင်းတင်း ကြိုက်သလား

ဘယ်လိုမိန်းမမျိုးကိုမဆို ကြိုက်တဲ့ ယောကျ်ားရှိပါတယ်။ ကြီးမှ၊ ထွားမှ ကြိုက်တဲ့ ယောကျ်ားရှိသလို သေးသေးသွယ်သွယ်မျိုးကိုမှ နှစ်သက်တဲ့ ယောကျ်ားမျိုးလည်းရှိပါတယ်။ ကြားကျတဲ့ပုံမျိုးကို ကြိုက်တဲ့ ယောကျ်ားမျိုးတွေလည်းရှိပါတယ်။ သင်ဘယ်လို အရွယ်ကလေးရှိရှိ ပြဿနာမဟုတ်ပါဘူး။ တစ်နေရာရာမှာ သင့်အတွက် ယောကျ်ားတစ်ယောက်က ရှိနေမှာပါ။

## ဆေးလိပ်သောက်တဲ့အမျိုးသမီးကို သူလက်ခံပါ့မလား

ကျွန်တော်သာဆိုရင်တော့ လက်မခံပါဘူး။ ဆေးလိပ်မသောက်တဲ့ လူအများစုကလည်း ဒီလိုပဲနေမှာပါ။ ဆေးလိပ်သောက်တဲ့ အမျိုးသမီးတွေရဲ့ အသားအရေက အရွယ်မတိုင်မီ အိုမင်းရင့်ရော်ပြီး နှုတ်ခမ်းတွေမှာလည်း ဆေးလိပ်ကြေးတက်နေတတ်ပါတယ်။ ကိုယ်တွင်းပိုင်းကိုလည်း ဆေးလိပ်က ရင့်ရော်အိုမင်းစေပါတယ်။ ပြီးတော့ ကျွန်တော့်အတွက်တော့ ဒါဟာ ကျန်းမာရေးအသိမရှိခြင်းနဲ့ အားနည်းခြင်းကိုပြပါတယ်။ ဆေးလိပ်မသောက်တတ်တဲ့ ကျွန်တော်တို့ ယောကျ်ားတွေအနေနဲ့ ကိုယ့်ကျန်းမာရေးကို ဂရုမစိုက်တဲ့ အမျိုးသမီးတစ်ယောက်ကို မြင်ရတဲ့အခါ သူမရဲ့ အမျိုးသားနဲ့ကလေးတွေကို ပြုစုစောင့်ရှောက်ဖို့ အရည်အချင်းမပြည့်ဝမှုနဲ့ ယှဉ်တွဲ ကြည့်ပြီးသားဖြစ်နေတတ်ပါတယ်။ ဆေးလိပ်မသောက်တဲ့ယောကျ်ားအများစုဟာ ဆေးလိပ်

သောက်တဲ့ မိန်းမကို သည်းညည်းခံနိုင်ကြမှာ မဟုတ်ပါဘူး။ သင်နဲ့အတူ အိပ်ချင်အိပ်မယ်။ ဒါပေမဲ့ သင့်ကိုတော့ အိမ်ခေါ်သွားမှာ မဟုတ်ပါဘူး။

**ယောကျ်ားတွေက သူတို့ရဲ့အမျိုးသမီးတွေ ဝလာတဲ့အခါ ဒါမှ မဟုတ် အရင်ကလိုပုံစံမဟုတ်တော့တဲ့အခါ ဘယ်လိုသဘောထားကြလဲ**

သင်ကိုချစ်တဲ့ ယောကျ်ားဟာ ဘာပဲဖြစ်ဖြစ် သင့်ကိုချစ်နေမှာပါပဲ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဗိုက်ခေါက်တွေထွက်လာ၊ ဆံပင်တွေပါးလာတာကြောင့် သင့်ရဲ့ အခြေအနေကို ကျွန်တော်တို့ သေချာပေါက် နားလည်ပေးနိုင်ပါတယ်။ သင်က တွေ့စတုန်းကလို ပုံစံမျိုးမဟုတ်နိုင်တော့ဘူးဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ထိန်းထိန်းသိမ်းသိမ်းနဲ့ ဂရုစိုက်ပြီး တင့်တယ်ကြည့်ကောင်းအောင် နေထိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့က ပိုသဘောကျမှာပါ။

**ခပ်နုံနုံမိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က တွဲပါ့မလား**

ထက်မြက်ထူးချွန်တဲ့ ယောကျ်ားဟာ နုံအတဲ့ မိန်းမကို ချစ်သူအဖြစ် မလိုချင်ပါဘူး။ သူမကို အသုံးချချင် ချပါလိမ့်မယ်။ ထက်မြက်တဲ့ ယောကျ်ားအများစုက နုံအတဲ့ မိန်းမကို မတွဲချင်ရတဲ့အကြောင်းကတော့ သူမက သူမကိုယ်တိုင်နဲ့ ကျွန်တော်တို့ရဲ့ အတွင်းရေးတွေကို ကောင်းကောင်းကိုင်တွယ်နိုင်ပါ့မလားဆိုတာ သိဖို့လိုအပ်လို့ပါ။

**သောက်တတ်တဲ့ မိန်းမတွေကို ယောကျ်ားတွေ ဘယ်လိုထင်ကြသလဲ**

တချို့ယောကျ်ားတွေကတော့ သဘောကျကြတယ်။ ဒါပေမဲ့ မသောက်တတ်တဲ့ ယောကျ်ားကတော့ ဒီလိုမိန်းမမျိုးကို ဂရုစိုက်မှာ မဟုတ်ဘူး။ ယောကျ်ားတွေက မိန်းမတွေကို တစ်ချိန်လုံး မိန်းမပီပီသသရှိဖို့ပဲ မျှော်လင့်တယ်။ လူမှုရေးအရသောက်တာ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ သင့်အမျိုးသားက သင့်ကို ထမ်းထုတ်ရမယ်ဆိုရင်၊ တစ်ယောက်ယောက် ပခုံးမှာ သင်ကသွားမှီနေတယ်ဆိုရင်တော့ အဲဒါက ပြဿနာဖြစ်လာမှာပါ။

### ပိုက်ဆံနဲ့ပတ်သက်လို့ စကားစလာတဲ့ မိန်းမမျိုးကိုယောက်ျားတွေ ဘယ်လိုထင်ကြသလဲ

သိုက်တူးသမဆိုတဲ့ နာမည်ကို သင်ဘယ်မှ လက်သင့်မခံနိုင်ရင်တော့ ဆက်ဆံရေးရဲ့ အစပိုင်းမှာ အဲဒါမျိုးသွားမလုပ်ပါနဲ့။ ဒါပေမဲ့ သင်နဲ့သူနဲ့ နှစ်ဦးသား ဆက်ဆံရေး ခိုင်ခိုင်မာမာဖြစ်လာပြီး သင့်မှာလည်း ငွေကြေးအခက်အခဲနဲ့ တကယ်ကြုံနေရရင်တော့ အဲဒီအကြောင်းကို ထုတ်ပြောပြီး သူဘယ်လိုတုံ့ပြန်မလဲ ကြည့်ပါ။ သင့်ကို တကယ်အလေးထားတဲ့ယောက်ျားအများစုကတော့ သူတို့မှာ သင်လိုအပ်တဲ့ ပမာဏရှိနေရင် နှစ်ခါပြန်မစဉ်းစားဘဲ သင့်ကို ကူညီပေးမှာပါ။

### ယောက်ျားတွေက သူတို့ရဲ့အမျိုးသမီးကို လုပ်ငန်းတစ်ခုခုကူညီတည်ထောင်ပေးမှာလား

သေချာတာပေါ့။ ဒါပေမဲ့ သင်က ဘဝလမ်းကြောင်း အဆင်သင့်နှင့်မဖြစ်သေးတဲ့၊ သူဘယ်သူ၊ ဘာလုပ်တယ်၊ ဘယ်လောက်စွမ်းဆောင်နိုင်တယ်ဆိုတဲ့ ကိစ္စအတွက် စိတ်မအေးရသေးတဲ့ ယောက်ျားတစ်ယောက်နဲ့ကြုံတွေ့နေတာဆိုရင်တော့ သင့်ကို ကူညီပေးဖို့ တွန့်ဆုတ်နေတာမျိုးလည်းရှိနိုင်ပါတယ်။ သူဟာ သူ့ရည်မှန်းချက်တွေပြည့်ဝဖို့ ကြိုးစားရုန်းကန်နေရပြီး သင့်ကိစ္စကိုဖြစ်မြောက်အောင် ကူညီပေးဖို့ အချိန်မရှိသေးတာကြောင့်ပါ။ သူ့ရဲ့ယောက်ျားဂုဏ်ရည်ကို အခိုင်အမာတည်ဆောက်ပြီးသွားရင်တော့ သင့်ကို သေချာပေါက်ကူညီပေးမှာပါ။

### သင့်ရဲ့အမျိုးသမီးက အလုပ်မလုပ်ရင်ရော အဆင်ပြေမှာလား

မပြေဘူးလို့ပဲ ပြောရမှာပါ။ ဒီခေတ်မှာ ဖူလုံရေးအတွက် ယောက်ျားရော၊ မိန်းမရော အလုပ်လုပ်ရမှာက လိုအပ်ချက်တစ်ခုလိုဖြစ်နေပါပြီ။ ဒါပေမဲ့ ယောက်ျားတစ်ယောက်က မိသားစုအတွက် လိုလေသေးမရှိ ထောက်ပံ့ပေးနိုင်တဲ့ အခြေအနေမှာရောက်နေရင်တော့ သူ့ရဲ့ အမျိုးသမီးအိမ်မှာနေတဲ့အတွက် ယောက်ျားအများစုကတော့ ပြဿနာရှိမှာ မဟုတ်ပါဘူး။

**အမျိုးသမီးတစ်ယောက်က အားကစားကိုနှစ်သက်ခြင်းဟာ ပြဿနာလား**

ဟင့်အင်း .... ပြဿနာမဟုတ်ပါဘူး။ ယောကျ်ားအချို့က သဘောကျပါတယ်။ ဒါပေမဲ့ အများအားဖြင့် သူတို့သဘောကျတာက ကစားပွဲကို အေးအေးဆေးဆေး စောင့်ကြည့်ချင်တာပါ။ သင်က ဒါမျိုး စိတ်မပါဘူးဆိုရင်တော့ တခြားလုပ်စရာတစ်ခုခုသာ ရှာလုပ်နေလိုက်ပါ။

**အမျိုးသမီးတွေ ကားမောင်းတာကို ယောကျ်ားတွေဘယ်လိုထင်ကြလဲ**

အခုအချိန်က ၂၁ ရာစုပါ။ ဒါကြောင့် ယောကျ်ားအများစုမှာ မိန်းမတွေ ကားမောင်းတာနဲ့ ပတ်သက်လို့ ပြဿနာမရှိပါဘူး။ ဒါပေမဲ့ ကားမောင်းတဲ့အလုပ်ကို ဆန့်ကျင်ဘက်လိင်ဆီမှာပဲ လွှဲထားသင့်တယ်လို့ထင်တဲ့ ရှေးရိုးသမား ယောကျ်ားအချို့လည်းရှိပါတယ်။ သူတို့ဘယ်ခေတ် မှာ ကျန်ခဲ့တာလဲ ဆိုတာ ကျွန်တော် မသိပါဘူး။ အမှန်ပြောရရင် အဲဒီလို လူမျိုးတွေကို ကျွန်တော် အခုထိ မတွေ့ဖူးသေးပါဘူး။

**ယောကျ်ားတွေ ဈေးဝယ်ရတာကို ကြိုက်ကြသလား**

သင်က ကျွန်တော်တို့ကို သွားစေချင်ရင် သွားပါတယ်။ ပြီးတော့ ဒါက သင်နဲ့အတူတူ ဖြတ်သန်းနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းပါ။ ဒါပေမဲ့ ကျွန်တော်တို့ လုပ်ချင်တဲ့ဟာတော့ မဟုတ်ပါဘူး။ ယောကျ်ားတွေ ဈေးဝယ်တယ်ဆိုတာက ဝယ်မယ်လို့ သတ်မှတ်ထားတဲ့အရာကို ဝယ်ပြီးရင် အဲဒါကိုယူပြီး ထွက်လာရုံပါပဲ။ တဝေ့လည်လည်နဲ့ ဟိုဟာ ယူရမလိုလို ဒီဟာဆွဲရမလိုလို တစ်ပတ်ပြီးတစ်ပတ် ဈေးထဲမှာပတ်နေရတာကို ယောကျ်ားတို့မကြိုက်ပါဘူး။ ဝင်မယ်၊ဝယ်မယ်၊ထွက်မယ်။ ဒါ ကျွန်တော်တို့ ကြိုက်တဲ့ ဈေးဝယ်တဲ့ပုံစံပါ။

**လိင်ဆက်ဆံပြီးတဲ့အခါမှာ ယောကျ်ားတွေက ဘာကြောင့် ထွေးထွေးပွေ့ပွေ့မနေချင်တာလဲ**

ပူလို့ပါ။ ပြီးတော့ ကျွန်တော်တို့ မောဟိုက်နေကြတယ်။ ချွေးတွေ

သံတွေနဲ့ ပူပြင်းလောင်မြိုက်နေကြပါတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ထွေးပွေ့ရတဲ့ ပုံစံမျိုး မလိုချင်ပါဘူး။ ပြီးတော့ ကျွန်တော်တို့ အနားယူဖို့လည်း လိုပါတယ်။

## လိင်မှုကိစ္စမှာ သူက သင့်ကိုကျေနပ်မှုမရစေဘူးဆိုတာကို သူ့ကို ဘယ်လိုအသိပေးမလဲ

ဒါကို မီးဖိုချောင်က စားပွဲမှာ၊ ဒါမှမဟုတ် ကားမောင်းရင်း ဖွင့်ချပြလိုက်ဖို့တော့ မကောင်းပါဘူး။ ကျွန်တော်တို့ရဲ့ လိင်ပိုင်းဆိုင်ရာစွမ်းဆောင်နိုင်စွမ်းနဲ့ ပတ်သက်လို့ သင်က မေးခွန်းထုတ်တဲ့အခါ ကျွန်တော်တို့ဟာ အမှန်တကယ် စိတ်လှုပ်ရှားပြီး သတိအနေအထားကို မြန်မြန်ရောက်သွားပါတယ်။ ကောင်းတာကတော့ လိင်ဆက်ဆံနေတဲ့ အချိန်အတွင်းမှာပဲ ဖွင့်ဟပြောပြတာပါ။ အဲဒီအချိန်မှာ ကျွန်တော်တို့က ပိုပြီးတော့ ပွင့်လင်းပါတယ်။ "ဒီလိုမျိုး ကျွန်မ သဘောကျတယ်"၊ ဒါမှမဟုတ် "ဒီအတိုင်းကောင်းတယ်၊ ဒီလိုပဲသွားပါ" ဆိုတာမျိုး ပြောကြည့်ပါ။ သူဘယ်လိုသွားမလဲဆိုတာကို စောင့်ကြည့်ပါ။ ဒါက မကျေနပ်ချက်တွေကို ကြားရတဲ့အစား သင့်ကို နှစ်သိမ့်ကျေနပ်အောင်လုပ်နိုင်တယ်လို့ ကျွန်တော်တို့ကို ခံစားရစေလို့စွမ်းဆောင်ရည်တွေလည်း ပိုပြီး မြှင့်တင်လာနိုင်စေပါတယ်။

## ယောကျ်ားတွေက သူတို့အတိတ်အကြောင်းကို အမေးခံရတာ စိတ်အနှောင့်အယှက်ဖြစ်ကြလား

ဟုတ်ကဲ့ ....၊ ဒါက ကျွန်တော်တို့ကို စိတ်မသက်မသာဖြစ်စေပါတယ်။ သင်က ကျွန်တော်တို့ အတိတ်အကြောင်းကို စုံစမ်းရင်း ကျွန်တော်တို့ရဲ့ စိတ်အတွင်းဆုံးအထိ နှိုက်ထုတ်ကြည့်ဖို့ ကြိုးစားနေတာလို့ ကျွန်တော်တို့ကတော့ ယူဆပါတယ်။ ပြီးတော့ အဲဒီအပေါ်မှာ ပိုင်းခြားသုံးသပ်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း ယောကျ်ားတစ်ယောက်ရဲ့ အတိတ်ကို သိဖို့အခွင့်အရေး သင့်မှာရှိပါတယ်။ ပထမဆုံး ချိန်းတွေ့တဲ့နေ့မှာတော့ သူ့အကြောင်းကို မမေးလိုက်ပါနဲ့။ ရိုးသားတဲ့အဖြေကို သင်ရမှာမဟုတ်ပါဘူး။ သူဟာ သင်နဲ့ရေရှည်ဆက်သွားမယ်၊မသွားဘူးဆိုတာတောင်

မဆုံးဖြတ်ရသေးတဲ့နောက် သူ့ရဲ့ စိတ်နှလုံးသားကို ထုတ်ဖော်ပြစရာလိုလိမ့်မယ်လို့ ထင်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ အရင်က မိန်းကလေးအကြောင်းကို မေးပြီးတော့လည်း သင့်ရဲ့အချိန်ကို မဖြုန်းပါနဲ့။ သင့်အတွက် နာကျင်စရာတွေဖြစ်နိုင်ပါတယ်။ သင်တို့ရဲ့ ဆက်ဆံရေးကို အချိန်ပေးပါ။ သင်သိဖို့လိုတာတွေကို သူ့အလိုလိုထုတ်ပြလာပါလိမ့်မယ်။

## သင့်ရဲ့လူကို သဝန်တိုအောင်လုပ်ပြတာ ကောင်းသလား

ဒီလိုလုပ်စရာမလိုပါဘူး။ ကျွန်တော်တို့ရဲ့ အမျိုးသမီးတွေဟာ အချိန်မရွေး စွန့်ခွာထွက်သွားနိုင်တယ်ဆိုတာကို ကျွန်တော်တို့သိပြီးသားပါ။ ဒါပေမဲ့ သင်က ကျွန်တော်တို့ သဝန်မတို တိုအောင် ကြိုးစားလာရင်တော့ ဒါဟာ အန္တရာယ်များတဲ့ ကစားပွဲဖြစ်လာမှာပါ။ ဒီလိုလုပ်တာက ယောကျ်ား တစ်ယောက်ဆီမှာရှိတဲ့ အလိုအလျောက် တုံ့ပြန်မှုကို သွားဆွလိုက်သလိုပါပဲ။ "ရတယ်လေ၊ စမ်းကြည့်လိုက်ပေါ့" လို့ သူက ထိမထင်ပြန်ပြောလာနိုင်ပါတယ်။

## ယောကျ်ားလေးမိတ်ဆွေတွေရှိတဲ့ အမျိုးသမီးဟာ သူ့အတွက်အဆင်ပြေနိုင်လား

သင့်မှာ ယောကျ်ားတစ်ယောက်နဲ့ ခိုင်မာတဲ့ဆက်ဆံရေးရှိထားပြီဆိုရင် ယောကျ်ားလေး မိတ်ဆွေတွေနဲ့ သင့်ရဲ့ ဆက်သွယ်ပြောဆိုမှုတွေကို လျှော့ချသင့်ပါတယ်။ သူတို့ဆီက လက်ဆောင်တွေ လက်ခံတာတို့၊ အိမ်ကို ခဏခဏလာလည်ကြတာတို့ကို ရပ်တန့်ပစ်ရပါမယ်။ သူ့ရဲ့ မိန်းကလေး မိတ်ဆွေတွေနဲ့ သူက ဒီလိုနေထိုင်ရင်လည်း သင်ကြိုက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သင့်လူအတွက် သင်နဲ့တခြားတစ်ယောက်ယောက်နဲ့ပတ်သက်လို့ ကသိကအောက်ဖြစ်ရတဲ့ အတွေးမျိုး မဝင်ရအောင် သင့်ဘက်က ဆင်ခြင်နိုင်သမျှ ဆင်ခြင်ပေးဖို့ကို ကျွန်တော် အကြံပြုချင်တာပါ။

## ဘာကြောင့် တချို့ယောကျ်ားတွေက မိန်းမတွေကို ရိုက်တာလဲ

ဒါဟာ အားနည်းပျော့ညံ့တဲ့ ထိန်းချုပ်မှုကိုလိုအပ်တဲ့ ယောကျ်ားတွေမှာ အများဆုံးဖြစ်လေ့ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တွေ့ရှိရသလောက်

မိန်းမတွေကို ရိုက်တဲ့ ယောကျ်ားတွေမှာ တခြားယောကျ်ားတွေနဲ့ ရန်ဖြစ်ရိုက်နှက်ဖူးတဲ့ အတွေ့အကြုံမရှိပါဘူး။ သူတို့က လူပျော့တွေပါ။

**အတင်းအဖျင်းတွေကို ယောကျ်ားတွေ ဘယ်လိုမြင်သလဲ**

အတင်းအဖျင်းပြောတာကို ကျွန်တော်တို့ မကြိုက်ပါဘူး။ ဒါကို မတားနိုင်မှန်းလည်း ကျွန်တော်တို့သိပါတယ်။ ဒါက ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ချိုးဖောက်တာပါ။ သင်နဲ့ သင့်သူငယ်ချင်းမတွေက တခြားလူတွေအကြောင်းကို အတူတူ စုပြောချင်ကြမယ်ဆိုရင် သင်နဲ့ သူ့အကြောင်းကိုလည်း သူတို့တွေ ပြောချင်ပြောကြလိမ့်မယ်ဆိုတာ သူကောင်းကောင်းယုံကြည်ပါတယ်။ နောက်တစ်ခါ တခြားလူတွေရဲ့ အတင်းအဖျင်းမှာ စိတ်ဝင်စားတော့မယ်ဆိုရင် ဒီလိုလည်း ဖြစ်နိုင်တာကို စိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားပါ။

**ယောကျ်ားတွေက သူတို့ရဲ့အမျိုးသမီးတွေအကြောင်းကို တခြားယောကျ်ားတွေကို ပြန်ပြောပြလား**

သူမက တစ်ယောက်သောသူဆိုရင်တော့ ပြန်ပြောပြမှာမဟုတ်ပါဘူး။ ဘယ်ယောကျ်ားမှ သူ့ရဲ့ အမျိုးသမီးကို တခြားယောကျ်ားတွေက စိတ်ကူးယဉ်ဆန်ဆန်ပဲဖြစ်ဖြစ်၊ လိင်ပိုင်းဆိုင်ရာအရဖြစ်ဖြစ် တွေးတောမြင်ယောင်ကြည့်မှာကို မလိုလားပါဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ ယောကျ်ားတိုင်းရဲ့ စိတ်က အတူတူပါပဲ။ ဒါပေမဲ့ သင်က တစ်ယောက်သောသူမဟုတ်ဘူးဆိုရင်တော့ သေချာပေါက် သင့်အကြောင်းကို အရသာခံပြောတော့မှာပါ။

**သင့်ရဲ့ မိသားစုကို သူသဘောမကျရင်ရော သင်နဲ့အတူနေမှာလား**

သူ့ထက် မိသားစုကို အရေးပေးရင်တော့ သူက အလိုလိုနောက်ချန်နေခဲ့ပါလိမ့်မယ်။

**ယောကျ်ားတွေကချက်တတ်ပြုတ်တတ်တဲ့ မိန်းမတွေကို ပိုသဘောကျလား**

သင်က အရမ်းကိုလှပနေပြီး အချက်အပြုတ်မတတ်ဘူးဆိုရင်

ကျွန်တော်တို့က ဒါကို အမှုမဲ့ အမှတ်မဲ့ပဲ ထားမိမှာပါ။ ဒါပေမဲ့ အိမ်ထောင်ကျပြီးတဲ့ အချိန်အထိ သင်က အရင်လိုပုံစံအတိုင်းနေပြီး မချက်မပြုတ်ဘူးဆိုရင် ဘယ်လိုဖြစ်မှာလဲ။ ဒါကတော့ သင့်ဘက်က အခွင့်အရေးယူလွန်းရာကျသွားပါပြီ။ ယောကျ်ားတွေက ထမင်းတစ်ဝိုင်းကို လှလှပပ ပြင်ဆင်ပေးတတ်တဲ့ မိန်းမမျိုးကို သဘောကျကြပါတယ်။ မချက်ပြုတ်တတ်တဲ့ အမျိုးသမီးတွေအတွက် သတင်းကောင်းရှိပါတယ်။ မီးဖိုချောင်ထဲက ချက်ပြုတ်ရေး ကိစ္စတွေအားလုံးက အိပ်ရာထဲမှာ သင်ကောင်းကောင်း ဖြေရှင်းနိုင်ရင် အလိုလို ဟန်ချက်ညီမျှသွားပါလိမ့်မယ်။

**ယောကျ်ားတွေက သူတို့ရဲ့ အမျိုးသမီးတွေကို ကြည့်ပြီး တိတ်တဆိတ် အကဲဖြတ်လေ့လာတတ်သလား**

သေချာတာပေါ့။ ကျွန်တော်တို့က သင်နဲ့ဆက်ဆံရေးကို အတည်အတံ့အဖြစ် စဉ်းစားပြီဆိုရင် ကျွန်တော်တို့ရဲ့ အိမ်က ဘယ်လိုရှိမှာလဲ၊ သင်ဟာ မိခင်ကောင်းတစ်ယောက်ဖြစ်မှာလား၊ အိမ်ထောင်တစ်ခုကို စီးတဲ့ရေ ဆည်တဲ့ကန်သင်း စီမံခန့်ခွဲနိုင်မှာလား၊ ဆီလျော်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်မှာလားဆိုတာကို စဉ်းစားတွေးတောကြပါတယ်။ သင်လည်း ဒီပုံစံအတိုင်း ကျွန်တော်တို့ကို ချင့်တွက်အကဲဖြတ်မယ် ထင်ပါတယ်။

**ယောကျ်ားတွေက သူတို့ရဲ့ အမျိုးသမီးတွေ ဖောက်ပြန်မှာကို စိုးရိမ်ကြသလား**

အများအားဖြင့်တော့ သိပ်မစိုးရိမ်ပါဘူး။ သင်တို့နဲ့ ကျွန်တော်တို့က ကွာခြားတာကြောင့်ပါ။ သင်တို့ဟာ ကြင်ဖော်ရွေးချယ်ရာမှာလည်း ပိုပြီး ဂရုတစိုက်ရွေးချယ်ကြတယ်။ ဘယ်လိုလူဟာ သင့်ရဲ့ အိမ်ထောင်ဖက် ဖြစ်မလဲဆိုတာကို ဆုံးဖြတ်ဖို့အတွက် စံနှုန်းမြင့်မြင့်တွေထားကြတယ်။ ကျွန်တော်တို့စိတ်ထဲမှာ ဒီလို ရွေးချယ်မှုမှာ စစ်စီလွန်းတဲ့ သင်တို့အမျိုးသမီးတွေရဲ့ ဖောက်ပြန်နိုင်ခြေက ပိုနည်းတယ်လို့ထင်တာကြောင့် မစိုးရိမ်တာပါ။

■